


# ဓမ္မစကြာအမေးအဖြေ

ဓမ္မာစရိယဆရာကြီးဦးကြည်

သစ္စာဒီပကာဝိပဿနာအဖွဲ့ချုပ်

# ဓမ္မစကြာအမေးအဖြေ

မူလဓမ္မာစရိယ ဆရာကြီးဦးကြည်

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်

# ဓမ္မစကြာအမေးအဖြေ


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၃၂၈၄၃၀၀၆၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၃၂၀၄၃၆၀၇၀၇

**ထုတ်ဝေသူ** - ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊
၁၁၁-၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**ပုံနှိပ်သူ** - ဒေါ်မြမြကြွေ၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊
၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းစာသား** - 'ချော' ကွန်ပျူတာစာစီနှင့် ဂရပ်ဖစ်ဒီဇိုင်း

**မျက်နှာဖုံး** - ကိုဇင် (Star)

**အကြိမ်** - ပထမအကြိမ်

**အုပ်ရေ** - ၂၀၀၀ အုပ်

**တန်ဖိုး** - ၆၀၀ ကျပ်

**ထုတ်ဝေသည့်လ**- ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ။

# စကားချီး

ကျွန်ုပ်တို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်သည် မြတ်စွာဘုရား၏ သတိပဋ္ဌာန်တရားလေးပါးအနက်မှ၊ ကျွန်ုပ်တို့အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယ ကျေးဖူးရှင်ဆရာကြီးဦးကြည် ဖော်ထုတ်ဟောကြားတော်မူခဲ့သော မဇ္ဈိမပဋိပဒါလမ်းစဉ် ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတော်မြတ်ကို ဆရာကြီး၏ လက်ရင်းသားတပည့်များ ပီသစွာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် ကိုက်ညီစွာ ဟောပြောပြသခြင်း၊ ဆရာကြီး၏ ဟောတရားခွေများအား ဆက်ခံထိန်းသိမ်းရင်း နာယူပွားများ အားထုတ်ခြင်း၊ ဆရာကြီး ပြုစုခဲ့သော ကျမ်းစာအုပ်များ ကို ဆက်လက်ထုတ်ဝေခြင်းတို့ဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက် လျက် ရှိနေပါသည်။

ကျေးဖူးရှင်ဆရာကြီးသည် ၁၉၉၇–ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရာ ဆရာကြီး ကွယ်လွန်ချိန်၌ ကျန်ရစ်သူ ဆရာကြီး၏ မိသားစုမှလည်း၊ အနာဂတ်သာသနာရေးကို မျှော်တွေးထောက်ရှု၍၊ ဆရာကြီး၏ ပုံမနှိပ်ရသေးသော လက်ရေးစာမူများ၊ ပုံနှိပ်ပြီး ကျမ်းစာအုပ်များ အားလုံးကို ပေါင်းရုံး၍ ကျွန်ုပ်တို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်သို့ မူပိုင်အဖြစ် တရားဝင် လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့ပြီး ဖြစ်လေသည်။ ဤသည့်အနက်မှ ယခုတင်ဆက်လိုက်သည့် "ဓမ္မစကြာအမေးအဖြေ" ကျမ်းစာအုပ်ငယ်သည်လည်း ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသည့် ဆရာကြီး၏ ရှားပါးလက်ရေးစာမူ တစ်ခု

အဖြစ် ပါဝင်နေပါသည်။ ကျွန်ုပ်တို့ အဖွဲ့ချုပ်သည် အကြောင်း အမျိုးမျိုးတို့ကြောင့် ပုံနှိပ်ခြင်း နှောင့်နှေးခဲ့ရသည့် ဤစာမူအား တရားလိုလား အမျိုးကောင်း သားသမီးတို့ လက်ဝယ်အရောက် ပေးအပ်နိုင်ခဲ့ပါပြီ။

ထူးခြားချက်မှာ–ဆရာကြီးသည် ကျမ်းစာအုပ်များ ပြုစုရေးသားရာတွင် စတင်ရေးသားသောနေ့၊ ပြီးဆုံးသောနေ့ စသည်ဖြင့် လက်ရေးစာမူတွင် မှတ်တမ်းတင်ထားလေ့ရှိပြီး၊ ယခု ဤကျမ်းစာမူတွင်မူ ဗလာစာအုပ် စာမျက်နှာပေါင်း ၁၀၈–မျက်နှာ၊ တစ်မျက်နှာတွင် စာလုံးရေ ၃၉၉၊ ထို့ကြောင့် ဤစာမူတွင် စာလုံးရေပေါင်း ၄၃၀၉၂–လုံး စသည်ဖြင့် တိကျသေချာ စေ့စပ်စွာ မှတ်တမ်းတင်ထားသည်ကို အံ့သြဖွယ် တွေ့ရှိရပါသည်။

ဆရာကြီးသည် လက်ရေးလက်သား၊ သတ်ပုံသတ်ညွှန်း၊ မြန်မာ ဝေါဟာရ အသုံးအနှုန်းတို့တွင် လွန်စွာစည်းစနစ်ကြီး၊ ဂရုစိုက်လေ့ ရှိသော်ငြားလည်း၊ ပုံနှိပ်စာမူအဖြစ် တင်ဆက် ရာတွင် မမျှော်လင့်သော စိုးစဉ်းမျှသော အမှားအယွင်း တစ်စုံ တစ်ရာ ရှိခဲ့ပါက စီစဉ်တင်ဆက်သူ ကျွန်ုပ်တို့၏ အပြစ် အနာ တာဝန်သာ ဖြစ်ပါကြောင်း တင်ပြလိုပါသည်။

ဤကျမ်းစာအုပ်ငယ်တွင် ''ဓမ္မစကြာသုတ်သည် မြတ်စွာ ဘုရား သာသနာတော်တွင် လွန်စွာအရေးပါလှကြောင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ရုံနှင့် ပြီးရမည်မဟုတ်ဘဲ၊ အလုပ်သဘော ရောက်အောင် ရှုရကြောင်း၊ တရားရှုသိရာတွင် အရေးပါသော

မဏ္ဍိမပဏ္ဏာသပါဠိ ကျ/မကျ၊ သမ္မာဒိဋ္ဌိသည် မှန်သောအမြင်လား ကောင်းသောအမြင်လား၊ အာဇီဝဋ္ဌမကသီလသည် တရား အားထုတ်ရာတွင် တကယ် လို/မလို၊ အာတာပီဆိုသည်မှာ မည်သို့ ပြင်းပြင်းထန်ထန် အားထုတ်ရာသည်ကို ဆိုလိုကြောင်း၊ နိဗ္ဗာန်လိုချင်လျှင် ခန္ဓာကို မငဲ့နှင့်ဆိုသည်မှာ မှန်သလော - စသည့် သိမှတ်ဖွယ်ရာတို့ကို မြန်မာစကား-မြန်မာနားဖြင့် မြန်မာအများ နားလည်သဘောပေါက်ကြစေခြင်းငှာ ဆရာကြီး၏ စာပေအရေးအသား ကျွမ်းကျင်နိုင်နင်းစွာဖြင့်၊ အမေးအဖြေသဘောမျိုး ရှင်းလင်းပြတ်သားစွာ ရေးသား ထားခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် အနေဖြင့် ကျေးဇူးရှင်ဆရာကြီး၏ ဓမ္မအမွေကို ဆက်လက်ပြန့်ပွားအောင် သာသနာပြုဆောင်ရွက်ခြင်းတို့ဖြင့် ကျွတ်တမ်းဝင်လိုသူ ရဟန်းရှင်လူတို့အတွက် ထိုက်သိအားလျော်စွာ သဘောပေါက် နားလည်ပြီး တရားထူး ရရှိခဲ့ပါက ဤကျမ်းစာအုပ်ငယ် ထုတ်ဝေရကျိုး နပ်ပေပြီဟု ခံယူရပါကြောင်း။

**ဦးမြင့်သန်း**
အတွင်းရေးမှူး
သစ္စာဒီပကအဖွဲ့ချုပ်
မင်းကျောင်းလမ်း၊ အမှတ်(၃)ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| * | ဤစာနိဒါန်း | က |
| ၁။ | ဓမ္မစကြာအမေးအဖြေ | ၁ |
| ၂။ | အစွန်းနှစ်ပါး ပယ်ခွာထား | ၄ |
| ၃။ | ကာမသုခ အစွန်းပြ | ၆ |
| ၄။ | အလယ်လမ်းသာ မဇ္ဈိမာ | ၉ |
| ၅။ | သစ္စာသိမှု ဦးတည်ရှု | ၁၅ |
| ၆။ | ဒုက္ခသစ္စာ နက်(၄)ဖြာ | ၂၀ |
| ၇။ | သမုဒယသစ္စာဆိုသည်မှာ | ၂၃ |
| ၈။ | သမုဒယအနက် ဤ(၄)ချက် | ၂၃ |
| ၉။ | နိရောဓတော် နိဗ္ဗာန်မြတ် | ၃၂ |
| ၁၀။ | နိရောဓနက် ဤ(၄)ချက် | ၃၅ |
| ၁၁။ | အရေးကြီးသောနိဗ္ဗာန် | ၃၉ |
| ၁၂။ | မဂ္ဂသစ္စာ ဤ(၈)ဖြာ | ၄၁ |
| ၁၃။ | သမ္မာဒိဋ္ဌိ ဤလိုသိ | ၄၂ |
| ၁၄။ | သက်ပွကိုကြမည်ဆို | ၄၃ |
| ၁၅။ | သီလမဂ္ဂင်(၃)ပါးပင် | ၄၉ |

၁၆။ အာဇီဝဋ္ဌမက မဂ်သီလ ၅၃
၁၇။ သမ္မာဝါယာမ မှန်လုံ့လ ၅၆
၁၈။ ပညာကင်းသောလုံ့လသမ္မာဝါယာမ မဟုတ် ၅၉
၁၉။ ကြိုတင်ဒုက္ခခံ၍အားထုတ်နည်း ၆၂
၂၀။ နောက်က ကံတွေပျက်အောင်ကျင့်သည် ၆၅
၂၁။ အာတာပီဆိုတာ . . . ဘာလဲ ၆၇
၂၂။ သမ္မာသတိရေးကြီး၏ ၇၄
၂၃။ သမာဓိမှန် လိုအပ်ပြန် ၇၇
၂၄။ မဂ္ဂသစ္စာ နက်(၄)ဖြာ ၈၁
၂၅။ ဉာဏ်(၁၂)ပါး အကျယ်ပွား ၈၄
၂၆။ သစ္စဉာဏ်(၃)ပါး ၈၅
၂၇။ ကိစ္စဉာဏ်(၃)ပါး ၈၈
၂၈။ ကတဉာဏ်(၃)ပါး ၉၂
၂၉။ သမုဒယသစ္စာ ဉာဏ်(၃)ဖြာ ၉၃
၃၀။ နိရောဓသစ္စာ ဉာဏ်(၃)ဖြာ ၉၅
၃၁။ မဂ္ဂသစ္စာ ဉာဏ်(၃)ဖြာ ၉၈
၃၂။ သစ္စာသိမှ မြတ်ဗုဒ္ဓ ၁၀၁
၃၃။ ပစ္စဝေက္ခဏာဆင်ခြင်ရာ ၁၀၃
၃၄။ မြတ်သောတာပန်ဖြစ်ကြောင်းမှန် ၁၀၅

| | | |
|---|---|---|
| ၃၅။ | ဖြစ်ပျက်ဟူသည် အဘယ်နည်း | ၁၀၇ |
| ၃၆။ | အလုပ်သဘော မည်သို့ဟော | ၁၀၈ |
| ၃၇။ | ဖြစ်ပျက်မြင်ရာ၌ လိုအပ်သောသမာဓိ | ၁၁၁ |
| ၃၈။ | သောတာပန်အကျိုး ဤ(၈)မျိုး | ၁၁၂ |
| ၃၉။ | ဓမ္မစက္ကလုပ်ငန်းပြ | ၁၁၄ |
| ၄၀။ | အရေးကြီးဆုံးကား 'သစ္စာ' | ၁၁၉ |
| ၄၁။ | တိကျမှန်ကန်သိစေရန် | ၁၂၁ |
| ❑ | နိဂုံးချုပ် | ၁၂၉ |

# ကျေးဇူး

ကျွန်ုပ်သည် '**ဓမ္မစက္ကပဝတ္တန**'သုတ်ကို အလုပ်သဘော အရ ဟောပြောပြသခဲ့ရာ အဖွဲ့ဝင်ဖြစ်သော(ဦးစောနွယ်)ခေါ် ဦးဥက္ကဋ္ဌက အများနားလည်၍အလုပ်တရားဟူ၍သဘော ပေါက်ရန် '**ဓမ္မစကြာအမေးအဖြေ**' စာအုပ်တစ်ခုရေးပြုပေးပါ ရန်တောင်းပန်တိုက်တွန်းခဲ့သည့်အတိုင်း ရေးပါမည်ဟု ကတိ ပေးထားသော်လည်း ခရီးအထွက်များနေသောကြောင့် လပေါင်း အတော်ကျော်ခဲ့ပေရာ ယခုမှပင် စတင်ရေးရပေသည်။

ယင်းသို့ပင် ရေးရပါသော်လည်း ယခင်ရေးလက်စဖြစ် သော '**ဓမ္မစကြာအဖွင့်**' ကျမ်းမှာလည်း တစ်ပိုင်းတစ်စဖြစ်နေ သေးရာ၊ ၎င်းကိုဆက်လက်ရေးပြီးမှ ဤအမေးအဖြေကို ရေး သင့်ပေသည်။ သို့ရာတွင် ထိုအဖွင့်ကျမ်းမှာ အတန်ပင်ကျယ် ဝန်းသည်တစ်ကြောင်း, စာအုပ်ဖြစ်ရန် စက္ကူစသောအခက်အခဲ ပေါင်းများစွာ ကျော်လွှားရန်ရှိသည်လည်းတစ်ကြောင်းတို့ ကြောင့် ယင်းအဖွင့်ကျမ်းကို ခေတ္တရပ်ဆိုင်းလျက် ဤ '**ဓမ္မစကြာ အမေးအဖြေ**'ကိုပင် ဆက်လက်ရေးသားရခြင်းဖြစ်ပေသည်။

ဤသို့ရေးသားရာ၌ ကျွန်ုပ်၏ဦးတည်ချက်မှာ သောတာ ပန် အရိယာဖြစ်ရေးမှန်သောကြောင့် မဇ္ဈိမပဋိပဒါနှင့်ပတ်သက် သောမေးမြန်းချက်များ၊ စာတွေ့လူတွေ့ဆွေးနွေးချက်များကို ပေါင်းစု၍ အမေးအဖြေပြုလုပ်သွားမည်ဖြစ်ပေသည်။

ဤစာအုပ်တွင် ဖြေသည့်စကားများသည်အကျဉ်းမျှဖြစ်၍အကျယ်နှင့် ပါဠိအဋ္ဌကထာအကိုးသာဓကများကိုကား ရေးသားထုတ်ဝေပြီးသည့်ဓမ္မစကြာအဖွင့်ကျမ်းတွင် အကျယ်တဝင့်အခိုင်အမာတွေ့ရှိနိုင်ပေမည်။

ဓမ္မစကြာတရားသည် ရွတ်ဖတ်ပူဇော်ကာမျှနှင့် ပြီးဆုံးရမည့်တရားမဟုတ်ချေ။ အလုပ်တရားချည်းသက်သက်ဖြစ်သည်သာမက ဤမြတ်စွာဘုရားသာသနာ၏ အရင်းမူလပဓာနကျသော သာသနာတော်ဝါဒကို သုံးဆယ့်တစ်ဘုံသို့ ထုတ်ဖော်ကြေညာလိုက်သော ပင်ရင်းတရားတော်ဖြစ်ပေသည်။

ဓမ္မစကြာတရားတော်ကို ရှေးဦးစွာ(ပရိယတ်ဟူသော)သဘောပေါက်နားလည်အောင်သင်ယူ၍(ပဋိပတ်ဟူသော)လက်တွေ့လုပ်ငန်းခွင်သို့ဝင်လေလျှင်(ပဋိဝေဓဟူသော)ကိုယ်တိုင်ထိုးထွင်း၍ အကျိုးတရားကိုသိမြင်ခံစားရသော ပဉ္စဝဂ္ဂီတို့နှင့် ဗြဟ္မာနတ်(၁၈)ကုဋေတို့ ကျွတ်တမ်းဝင်လောက်သော သာသနာဓမ္မကို ရွတ်ဖတ်ရုံ၊ နာယူရုံမျှသဘောမထားဘဲ တကယ်ပင် တရားသဘောပေါက်စေလိုသော တိုက်တွန်းတောင်းပန်သူ၏ဆန္ဒအရ အလုပ်သဘောရောက်အောင်ရှင်းလင်းဖြေကြားသွားမည်ဖြစ်ပါသတည်း။

**ဆရာကြီးဦးကြည်**

**သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ**

## နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ

သစ္စဒီပကဿ-သစ္စာလေးချက်ဓမ္မစက်ကို ဟောမြွက်ဖော်ပြဆုံးမတော်မူတတ်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ-ညေယျင်္ဂါးတန်တရားမှန်ကို သယမ္ဘူဖြစ်ရွှေဉာဏ်စစ်ဖြင့် ကိုယ်တော်တိုင်သိမြင်တော်မူပြီးသော မြတ်စွာဘုရားအား၊(အဟံ-သစ္စာလေးတန်စိတ်ရည်သန်၍ သိရန်အားထုတ်အကျွန်ုပ်သည်) နမော-ဒုက္ခသစ္စာ ဤခန္ဓာဖြင့် နောင်လာဇာတိဖြစ်မရှိရာ နိဗ္ဗူတာသို့ မြန်စွာရောက်မူအာရုံပြု၍ ဂရုဂါရဝပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏မြတ်စွာဘုရား။

### 'ဓမ္မစကြာအမေးအဖြေ'

**မေး** ~ ဓမ္မစကြာသုတ်ကိုမည်သည့်အချိန်အခါ၌ ဟောတော်မူပါသနည်း။

**ဖြေ** ~ မြတ်စွာဘုရားသည် မဟာသက္ကရာဇ်(၁၀၃)ခုကဆုန်လပြည့်ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူ၍ရင်းနှစ် ဝါဆိုလပြည့်စနေနေ့ညဦးပိုင်းတွင် တရားဟောသိပြည်၊ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့ကို ရှေးဦးစွာဟောသောတရားဖြစ်သောကြောင့် ဤသုတ်သည် တရားဦးဖြစ်ပါသည်။

**မေး** ~ အချို့က ဥဒါန်းပါဠိတော်ဗောဓိကထာသည် မြတ်စွာဘုရား၏ဘုရားဖြစ်စ ရှေးဦးစွာကျူးရင့်သောကြောင့် ထိုဗောဓိ

ကထာသည်သာလျှင် တရားဦးဖြစ်သည်ဟုဆိုကြပါသည် ဟုတ်ပါသလား။

**ဖြေ** ~ မဟုတ်ပါ။ ဘုရားဖြစ်ကာစ ဥဒါန်းကျူးသည်ဆိုခြင်းမှာ စိတ်တော်၌သာကျူးရင့်ဖြစ်၍ နှုတ်မြွက်ဟောကြားသောတရားမဟုတ်သောကြောင့် နှုတ်တော်မှစတင် ဟောကြားသောဓမ္မစကြာသည်သာလျှင် တရားဦးဖြစ်ပါသည်။

**မေး** ~ မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ရောက်သည်နှင့်တပြိုင်နက် အားလုံးသောသိသင့်သိထိုက်သောတရားဟူသမျှ မကြွင်းမကျန်အောင် သိတော်မူသည်ဆိုခြင်းမှာ မှန်ပါသလား။

**ဖြေ** ~ မှန်ပါသည်။ ဘုရားဖြစ်တော်မူပြီးမှ နောက်ထပ်ရှာဖွေကျင့်ကြံအားထုတ်ရသော တရားဟူ၍မရှိပါ။ အရဟတ္တဖိုလ်ဉာဏ်နှင့်ရင်းသဗ္ဗညုတဉာဏ်တော်နှင့် ရင်းတပြိုင်နက်ပါပြီးသိပြီးဖြစ်ပါသည်။

**မေး** ~ ထိုသို့ဖြစ်လျှင် အခြားသောကြီးကျယ်ခန့်ငြားထည်ဝါလှသော မဟာသိတိပဋ္ဌာနစသောသုတ်တော်တို့ကိုစတင်၍ဟောတော်မမူပါဘဲ ဤမျှတိုလှ, ကျဉ်းလှသော ဓမ္မစကြာသုတ်ကို အဘယ့်ကြောင့် ရှေးဦးစွာဟောတော်မူရပါသလဲ။

**ဖြေ** ~ ဤဓမ္မစကြာသုတ်ကား တိုသည်, ကျဉ်းသည်မှန်၏။ သာသနာပကာလမှစ၍ ဘုရားပွင့်သည်အထိ အစွန်းတရားတို့ထွန်းကားနေသောအချိန်တွင် မြတ်စွာဘုရားသည် ထိုဝါဒ

တို့နှင့် မကပ်မရောက်, မရောမယှက်သက်သက်သောမြတ်စွာဘုရားတို့၏ 'မဇ္ဈိမပဋိပဒါဝါဒ'ကို သုံးဆယ့်တစ်ဘုံသို့ကြေညာ၍ဗုဒ္ဓသာသနာတော်စတင် ပေါ်ပေါက်ချသော အဓိကကျသော အရေးကြီးဆုံးတရားဖြစ်၍ ရှေးဦးစွာဟောရပါသည်။

**မေး** ~ ဓမ္မစကြာတရား၏အရေးကြီးပုံကို သိပါရစေ။

**ဖြေ** ~ ဓမ္မစကြာသုတ်ကိုတရားသဘောနှင့် စိစစ်ဝေဖန်ကြည့်သောအခါတွင် -

အလုပ် ——————— မဂ္ဂင်ရှစ်ပါး၊
လမ်းကြောင်း ————— မဇ္ဈိမပဋိပဒါ၊
အသိ ———————— သစ္စာလေးပါး၊

ဟူ၍လေ့လာတွေ့ရှိနိုင်ပါသည်။ သံသရာဝဋ်ဆင်းရဲမှ သတ္တဝါတို့ကျွတ်လွတ်ထွက်မြောက်စေမှုသည် မြတ်စွာဘုရား၏ အဓိကအရေးကြီးဆုံး ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ထိုနှစ်ဝါတွင်းတွင် ရဟန္တာဖြစ်ကြသော ပဉ္စဝဂ္ဂီ(၅)ဦး၊ ယသအမှူးရှိသော(၅၅)ဦးပေါင်း (၆)ကျိပ်မျှသောရဟန္တာတို့အား ဝါကျွတ်လေလျှင် 'ချစ်သားတို့ . . . ဆေးမီလျှင် ကေန်အသက်ရှင်လတ္တံ့သောရောဂါသည်လူနာတို့အား ဆေးအမြန်တိုက်ကျွေးရာသကဲ့သို့ တရားတော်ကိုကြားနာရက သံသရာဝဋ်ဆင်းရဲမှထွက်မြောက်နိုင်ရာသော ကိလေသာမြူပါးကုန်သော ဝေနေယျများအား သီလဟူသောအစ၏ကောင်းခြင်း၊ သမာဓိဟူသောအလယ်၏ကောင်းခြင်း၊ ပညာဟူသောအဆုံး၏

ကောင်းခြင်းနှင့်ပြည့်စုံသော အနက်သဒ္ဒါနှင့်ပြည့်စုံ၍ထက် ဝန်းကျင်မှ စင်ကြယ်သော ဤမဂ္ဂင်ရှစ်ပါး ဗြဟ္မစရိယအကျင့် မြတ်တရားကို အမြန်ဟောကြ, ပြကြကုန်လော့၊ တွင်ကျယ် ပျံ့နှံ့လွယ်ခြင်းအကျိုးငှာ လမ်းတစ်ကြောင်း-ခရီးတစ်ခုကို နှစ်ပါး မသွားကြကုန်လင့်'ဟု သာသနာပြုစေလွှတ်တော်မူသည်ကို ကြည့်လျှင် မည်မျှအရေးကြီးကြောင်းသိနိုင်ပါသည်။

**မေး** ~ ထိုကဲ့သို့ ဝင့်ဆင်းရဲမှ ထွက်မြောက်ရလောက်အောင် အရေးကြီးသော ဓမ္မစကြာတရားကို ရွတ်ဖတ်ကြားနာရုံသာ မဟုတ်ဘဲ သစ္စာသိဖို့အထိ ညွှန်ကြားပြသပေးစေလိုပါသည်။

## 'အစွန်းနှစ်ပါး ပယ်ခွာထား'

**ဖြေ** ~ 'ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ' အဓိပ္ပါယ်မှာ-'ချစ်သားတို့ . . . ကိလေသာယုတ်နှင်ထုတ်လို သောသူသည် အစွန်းတရား(၂)ပါးတို့ကို မမှီဝဲအပ်၊ မသုံး ဆောင်အပ်၊ မစွဲမငြိအပ်'ဟူ၍ ဟောတော်မူပါသည်။

**မေး** ~ ဤနေရာတွင် 'ပဗ္ဗဇိတေန'ဆိုသောကြောင့် ရဟန်း တို့အတွက်သာ ဟောသည်ဟုဆိုပါသည်။ အားလုံးလူတို့နှင့် မည်သို့သက်ဆိုင်ပါသနည်း။

**ဖြေ** ~ ဤစကားအရှုပ်အထွေးများသည် လုပ်ငန်းပိုင်းတွင် အလွန်ထိခိုက်လှပါသည်။ ပါဠိဘာသာအသုံးကိုထည့်၍သုံး

ခြင်း၊ ပါဠိပျက်အသုံးကိုသုံးခြင်း၊ ဥပမာ-'ဝေဒနာ'ဟူ၍ပင် သုံးခြင်း၊ ရှုမှတ်ခြင်း၊ '**နာမရူပံ**'ဟူသောပါဠိကို '**သိမှု, ဖောက်ပြန်မှု**'ဟု မိမိဘာသာဖြင့် မရှုမမှတ်ဘဲ၊ ပါဠိဖျက်၍ အသတ်ထည့်ကာ '**နာမ်, ရုပ်**'ဟူ၍သုံးခြင်း၊ ရှုမှတ်ခြင်းများသည် လိုအပ်သောမိမိတို့၏အသိဉာဏ်အတွက် ခက်ခဲခြင်းဖြစ်စေပါသည်။ ယခု '**ပဗ္ဗဇိတ**'ဆိုလျှင် '**ရဟန်း**'ဟုသာ မြန်မာပြန်ကြသောကြောင့် လူများ အားမထုတ်ရသလိုလိုဖြစ်စေပါသည်။ စင်စစ်ရဟန်းကိုသာဟောလျှင် ထိုအချိန်တွင် ပဥ္စဝဂ္ဂီတို့သည် ရဟန်းမဟုတ်ကြ၊ ရသေ့တို့သာဖြစ်သည်။ နတ်ဗြဟ္မာ (၁၈)ကုဋေတို့လည်း ရဟန်းမဟုတ်ကြ။ ရဟန်းဟူ၍တစ်ပါးမျှမပါသောတရားပွဲတွင် မြတ်စွာဘုရားသည် '**ဘိက္ခဝေ**'ပုဒ် '**ပဗ္ဗဇိတ**'ပုဒ်နှင့် ဟောသည်ကား လိုက်နာအားထုတ်ရမည့် ဓမ္မသက်သက်ကိုသာရည်ညွှန်းတော်မူသည်။ ပုဂ္ဂိုလ်ကိုရည်ညွှန်းသောတရားမဟုတ်ကြောင်း သတိထားရပါမည်။

**မေး** ~ အစွန်းတရား(၂)ပါးဆိုသည်မှာ အဘယ်ပါနည်း။

**ဖြေ** ~ အာရုံငါးပါးတို့၌ တပ်မက်စွဲငြိမှု အစွန်းတစ်ပါးနှင့် ထိုတပ်မက်စွဲငြိမှု မဖြစ်စေရန် စွဲမက်တတ်သောမိမိကိုယ်ကို ညှင်းပန်းနှိပ်စက်မှု အစွန်းတစ်ပါးအားဖြင့် အစွန်း(၂)ပါးဖြစ်လေသည်။

## 'ကာမသုခ အစွန်းပြ'

**မေး** ~ ကာမဂုဏ်တို့၌ တပ်မက်စွဲငြိမှု အစွန်းဆိုသည်မှာ မည်သို့သောအတိုင်းအတာထိအောင် သတ်မှတ်ပါသနည်း။
**ဖြေ** ~ ဝတ္ထုကာမဟုဆိုအပ်သော 'အဆင်း, အသံ, အနံ့, အရသာ, အတွေ့' ဤငါးပါးတို့ကို မိမိတို့၏အာရုံအားလျော်သော 'မျက်စိ, နား, နှာ, လျှာ, ကိုယ်' တို့ဖြင့် တိုက်တွေ့ရာဝယ် ကိလေသာဟုဆိုအပ်သော တပ်မက်မှု, နှစ်သက်မှု, စွဲငြိမှုရှိနေခြင်းသည် 'ကာမသုခလ္လိကာနုယောဂ' အစွန်းဟူ၍ သတ်မှတ်သည်။ ၎င်းတို့သည် သံသရာတွင် ဆင်းရဲဖြစ်စေသော-

(ဟီနော) - ယုတ်မာဆိုးဝါးအညံ့စားဖြစ်သောသူတို့၏ အကျင့်ဖြစ်ခြင်း။

(ဂမ္မော) - ကိလေပြောထူရှာသူတို့၏အလေ့ဖြစ်ခြင်း။

(ပေါထုဇ္ဇနိကော) - ပုထုဇ္ဇန်တို့၏ပျော်မြူးရာဖြစ်ခြင်း။

(အနရိယော) - အရိယာတို့၏ဥစ္စာမဟုတ်ခြင်း။

(အနတ္ထသံဟိတော) - မဂ်, ဖိုလ်အကျိုးစီးပွားနှင့်မစပ်မဆိုင်ခြင်းတို့ဖြစ်သောကြောင့် မဂ်ဖိုလ်ကိုအလိုရှိသူသည် ပယ်စွန့်ရပါသည်။

**မေး** ~ အတ္တကိလမထအစွန်းဆိုသည်မှာ မည်သို့သော အတိုင်းအတာထိအောင် သတ်မှတ်ပါသနည်း။ အဘယ့်ကြောင့် ပယ်စွန့်အပ်ပါသနည်း။

**ဖြေ** ~ အာရုံငါးပါးကာမဂုဏ်တရားသည် ယစ်မူးစေတတ်သောယုတ်ညံ့သောတရားများဖြစ်၍ ၎င်းတို့ဖြစ်ပေါ်စွဲငြိမှုမရှိစေရန် အမျိုးမျိုးသောနည်းတို့ဖြင့် ထိုစိတ်တို့ဖြစ်ပေါ်ခွင့်မရစေရန် မိမိကိုယ်ကိုညှင်းပန်းနှိပ်စက်ခြင်း၊ မိမိစိတ်ကိုဆင်းရဲငြိုငြင်နှလုံးမသာယာဖြစ်စေခြင်းသည် '**အတ္တကိလမထာနုယောဂ**' အစွန်းဟုသတ်မှတ်သည်။၎င်းအစွန်းသည်လည်း-

(ဒုက္ခော) - ကိုယ်စိတ်ဆင်းရဲခြင်း။

(**အနရိယော**) - အရိယာတို့၏ဥစ္စာမဟုတ်ခြင်း။

(**အနတ္ထသံဟိတော**) - မဂ်ဖိုလ်အကျိုးစီးပွားနှင့် မစပ်မဆိုင်ခြင်းတို့ဖြစ်သောကြောင့် မဂ်ဖိုလ်ရလိုသူသည် အမှန်ပင်ပယ်စွန့်ရပါသည်။

**မေး** ~ အချို့က ဆိုပါသည်။ မိမိတို့သည် အာရုံငါးပါးကာမဂုဏ်တရားတို့ကို အမြဲတမ်းလိုက်စားပျော်မွေ့နေသူများမဟုတ်၍ ကာမသုခလ္လိကမဖြစ်၊ ၎င်းပြင် နိဂဏ္ဌတို့ကဲ့သို့ ခန္ဓာကိုနှိပ်စက်ညှင်းပန်းနေသူများမဟုတ်သောကြောင့် အစွန်း(၂)ပါးသို့မကပ်မရောက်ဟုဆိုပါသည်။ ဤနေရာတွင် မည်သို့မှတ်ရပါမည်နည်း။

**ဖြေ** ~ ပဌမ 'ကာမေသု ကာမသုခလ္လိကာနုယောဂေါ'ဟူသောပုဒ်၌ '**ကာမေသု**' ဆိုသည်မှာ အလိုရှိအပ်နှစ်သက်တောင့်တအပ်သော '**အဆင်း, အသံ**'စသော ဝတ္ထုကာမကိုဆိုပါသည်။ ထိုဝတ္ထုကာမတို့ကို စွဲမက်, နှစ်သက်, ကပ်ငြိခြင်း

ကိုသာ ကာမသုခလ္လိက ဆိုပါသည်။ ယင်းပုဒ်သည် နာမ်ပုဒ် (၄)ပုဒ်ပေါင်း၍ သမာသ်ပြုလုပ်ဟောကြားခြင်းဖြစ်ရာ-

'**ကာမ**' ဆိုသည်မှာ နှစ်သက်စွဲမက်အပ်သောအဆင်း စသည်၌ နှစ်သက်စွဲမက်တတ်သော လောဘစေတသိက်ပင် ဖြစ်၏။ ယင်းကို '**ကိလေသာကာမ**' ဟုဆိုသည်။

'**သုခ**' ဆိုသည်မှာ မိမိတို့အလိုရှိအပ်သော အဆင်း, အသံစသည်တွေ့ကြုံရသည်ရှိသော် နှစ်သက်သဘောကျ ဝမ်းမြောက်မှု '**သောမနဿ**' စေတသိက်ပင်ဖြစ်၏။

'**အလ္လိက**' ဆိုသည်မှာ ထိုသဘောကျနှစ်သက်မှုကိုပင်လျှင် ငြိကပ်မှု, စွဲလန်းမှုသဘောဖြစ်၍ '**လောဘ**' စေတသိက်ပင် ဖြစ်၏။

'**အနုယောဂ**' ဆိုသည်မှာ ထိုအတွေ့ ထိုအာရုံကိုနှစ်သက် သဘောကျလှသဖြင့် အဖန်တလဲလဲအားထုတ်ခြင်း၊ ယှဉ်တွဲ မှီဝဲခြင်းသဘောအားလုံးပေါင်းသော် '**ကာမ-သုခ-အလ္လိ-အနုယောဂ**' 'အဆင်း, အသံစသောအာရုံငါးပါးတို့၌ လိုချင် တပ်မက်နှစ်သက်သဘောကျ ဝမ်းမြောက်လျက် ထိုအာရုံပေါ်၌ စွဲလန်းငြိကပ်ပြီးလျှင် အဖန်တလဲလဲ ယှဉ်တွဲအားထုတ်ခြင်း' သည် ကာမသုခလ္လိကာနုယောဂ အစွန်းဖြစ်သောကြောင့် ပရမတ်အာရုံနှင့် ဝေးကွာလှသောပုထုဇ္ဇန်တို့မှာ အာရုံဝတ္ထု တိုက်ဆုံတိုင်း ထိုအစွန်းသို့ရောက်သည်ချည်းဖြစ်လေသည်။

ထို့အတူ 'အတ္တကိလမထာ-နုယောဂ' ဟူသည်မှာလည်း
'အတ္တ' ဆိုသည်မှာ ကိုယ်ကို စိတ်ကို-
'ကိလမထ' ဆိုသည်မှာ ပင်ပန်းအောင် စိတ်ညစ်အောင်-
'အနုယောဂ' ဆိုသည်မှာ အဖန်ဖန်အားထုတ်ခြင်း၊ မှီဝဲခြင်းတို့ဖြစ်၍ (၃)ပုဒ်ပေါင်းသော် 'အတ္တကိလမထာနုယောဂ' မိမိကိုယ်ကို စိတ်ကိုပင်ပန်းအောင်၊ ဆင်းရဲအောင်၊ နှလုံးမသာယာအောင်၊ စိတ်ညစ်အောင်ပြုသမျှ, လုပ်သမျှ, အားထုတ်သမျှသည် အတ္တကိလမထာ နုယောဂဖြစ်သောကြောင့် ဉာဏ်မပါသူတို့လွတ်မြောက်ရန် ခဲယဉ်းပါသည်။

## 'အလယ်လမ်းသာ မဇ္ဈိမာ'

**မေး** ~ ထိုအစွန်း(၂)ပါးသို့မကပ်မရောက်သော မဇ္ဈိမပဋိပဒါဟူသည် အဘယ်သဘောရှိပါသနည်း။

**ဖြေ** ~ အစွန်း(၂)ပါးသည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့ဖြစ်၍ သံသရာ၌ မြုပ်တတ်မျောတတ်သောသဘောရှိသောကြောင့် မြတ်စွာဘုရားသည် 'မဇ္ဈိမပဋိပဒါ' လမ်းစဉ်ကို ဟောကြားရာ၌ -

'ချစ်သားတို့ . . ငါဟောမည့်မဇ္ဈိမပဋိပဒါလမ်းစဉ်ဟူသည် ထိုကဲ့သို့ သံသရာထွင် မြုပ်တတ်သော, မျောတတ်သော ကိလေသာကပ်လမ်းစဉ်မဟုတ်၊ ထိုလမ်းစဉ်မျိုးမှ တစ်ပါးတစ်ခြားဖြစ်သော အလယ်လမ်းအကျင့်မျိုးသည် သတ္တဝါတို့အား

ဉာဏ်မျက်စိ, ပညာမျက်စိဖြစ်စေခြင်းငှာ ကိလေသာအပူမီး တို့ငြိမ်းအေးစေခြင်းငှာ အမှန်တရား(သစ္စာ)လေးပါးကို ဉာဏ် အထူးဖြင့် သိခြင်းငှာ၊ ထိုးထွင်း၍သိခြင်းငှာ၊ အစွဲကင်းပျောက် အေးငြိမ်းခြင်း နိဗ္ဗာန်သို့ရောက်ခြင်းငှာ ငါဘုရားတို့သည်သာ လျှင် ရှာကြံ၍ရလာ, သိလာရခြင်းဖြစ်ပေသည်။'ဟု မိန့်တော် မူလေသည်။ သာမာန်အားဖြင့် မဇ္ဈိမပဋိပဒါဟူသောစကား သည် အလယ်လမ်းကြောင်းကျင့်စဉ်ဟု အဓိပ္ပာယ်ထွက်ရှိပေ သည်။ အဘယ်၏အလယ်၌ ကျင့်အပ်သနည်းဟူမူ သဿတ ဒိဋ္ဌိနှင့်တကွသော ကာမသုခလ္လိက လောဘ၏ရင်း၊ ဥစ္ဆေဒဒိဋ္ဌိ နှင့်တကွသော အတ္တကိလမထ ဒေါသ၏ရင်း၊ ထိုအစွန်း(၂)ပါး ၏အလယ်၌ ကိလေသာလွတ်သောလမ်းစဉ်သည် **'မဇ္ဈိမ ပဋိပဒါလမ်းစဉ်'** သဘောတရားဖြစ်ပါသည်။

**မေး** ~ ထိုမဇ္ဈိမပဋိပဒါလမ်းစဉ်အကျင့်သည် နိဗ္ဗာန်ရကြောင်း သိရပါသည်။ မဇ္ဈိမပဋိပဒါနည်းဖြင့် မည်ကဲ့သို့ကျင့်ဆောင် အားထုတ်ရပါသနည်း။

**ဖြေ** ~ မဇ္ဈိမပဋိပဒါနည်းဖြင့် ခန္ဓာကိုရှုသိရာ၌ မဇ္ဈိမပဋိပဒါ အဖွဲ့တွင် သမ္မာဒိဋ္ဌိခေါင်းဆောင်သောတရားရှစ်ပါးပါဝင်ပါ သည်။ ထိုရှစ်ပါးတွင် ခန္ဓာ၏အမှန်သဘောကို အမှန်အတိုင်း သိတတ်, မြင်တတ်သောသမ္မာဒိဋ္ဌိဖြင့် ခန္ဓာပရမတ်၏အမှန် သဘောကိုသိလာမည်။

-သမ္မာသင်္ကပ္ပဖြင့် အမှန်သဘောပရမတ်ကို ရှာဖွေမည်။

-သမ္မာဝါယာမဖြင့် အမှန်ပရမတ်သိရန်တိုက်တွန်းမည်။

-သမ္မာသတိဖြင့် အမှန်သဘောပရမတ်ကို မမေ့ရန်ဂရုစိုက်မည်။

-သမ္မာသမာဓိဖြင့် အမှန်သဘောအပေါ်၌ ငြိမ်သက်နေမည်။

-(သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ)တို့ကား အမှန်သဘောပရမတ်တို့ကို ပရမတ်အတိုင်းသိနိုင်ရန် ကာယကံ, ဝစီကံတို့ကို စောင့်ရှောက်ပေးမည်။ ဤကဲ့သို့ မဂ္ဂင်ရှစ်ပါး သူကိစ္စနှင့်သူပါဝင်ဆောင်ရွက်နိုင်လျှင် ဤခန္ဓာကိုယ်၏သဘောမှန်ကို အမှန်အတိုင်းသိရာမှ အမှန်ဆုံးသစ္စာကို ထိုးထွင်းသိပြီးလျှင် နိဗ္ဗာန်ဟူသောကိလေသာငြိမ်းမှုရပါသည်။

**မေး** ~ ဓမ္မစကြာပါဠိတော်တွင် ဤမဇ္ဈိမပဋိပဒါလမ်းစဉ်အကျင့်ဖြင့် စက္ခုကရဏီ, ဉာဏကရဏီစသောအကျိုး(၆)ပါးကိုဟောပါသည်။ ထိုကျင့်စဉ်လမ်းဖြင့် မည်သို့အကျိုး(၆)ပါးသက်ရောက်သည်ကို တစ်ခုစီတစ်ခုစီ အကျဉ်းအားဖြင့် ရှင်းလင်းပေးစေလိုပါသည်။

**ဖြေ** ~ အမှန်အားဖြင့် ဤအကျိုး(၆)ပါးသည် တရားအားထုတ်နေသော မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ခန္ဓာတွင်သိရှိရသောသဘောတို့ဖြစ်ပါသည်။

ထို(၆)မျိုးသောအကျိုးတို့တွင်-

'စက္ခုကရဏီ' ဟူသည်ကား-ဤခန္ဓာ၏ပရမတ်ရုပ်နာမ်ကို မြင်စွမ်းနိုင်သော ဉာဏ်မျက်စိရခြင်းကိုဆိုပါသည်။

'ဉာဏကရဏီ' ဟူသည်ကား ခန္ဓာပရမတ်ကိုသိသော ဉာဏ်ကစ၍ မဂ်ဉာဏ်တို့ပေါ်လာမှုကိုသိခြင်းဟုဆိုပါသည်။

'ဥပသမာယ'ဆိုသည်ကား ကိလေသာတို့၏အဆင့်ဆင့် ငြိမ်းအေးမှုရခြင်းကိုဆိုပါသည်။

'အဘိညာယ' ဟူသည်ကား သစ္စာကိုသိမြင်လောက် သောဉာဏ်အထူးကိုဆိုပါသည်။

'သမ္ဗောဓာယ' ဟူသည်ကား သစ္စာလေးပါးကိုထိုးထွင်း၍ သိမှုကိုဆိုပါသည်။

'နိဗ္ဗာနာယသံဝတ္တတိ' ဟူသည်ကား ကိလေသာငြိမ်းခြင်း၊ ခန္ဓာငြိမ်းခြင်းဟူသော အကျိုးတရားကိုဆိုပါသည်။

**မေး** ~ ဤဖြေကြားချက်တို့သည် ဒေသနာတော်အရ အလွန် မှန်ကန်ပါသည်။ ဓမ္မစကြာတရားတော်သည် အလုပ်တရား ဖြစ်၍အလုပ်သဘောအရ အကျိုးသက်ရောက်ပုံကိုရှင်းပြပေး စေလိုပါသည်။

**ဖြေ** ~ ဒေသနာသဘောကိုပြောရခြင်းထက် ဒေသနာတော် ၏အညွှန်းအတိုင်း အလုပ်သဘောကိုပြောရခြင်းက ပို၍ အကျိုးရှိပါသည်။ သို့ရာတွင် ဒေသနာတော်အရအစီအစဉ် နှင့်ဟောရသောကြောင့် (၆)မျိုးဖြစ်ရပါသော်လည်း အလုပ် သဘောဉာဏ်ရောက်လျှင် တစ်မျိုးတည်းဖြစ်ပါသည်။

ဖြစ်ပုံမှာ - ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်သည် ဤခန္ဓာ၏အမှန်တရားပရမတ် 'ဖောက်ပြန်မှု, သိမှု'ကို သဘောပေါက်ထားရပါမည်။ အဓိပ္ပာယ်မှာ ခန္ဓာ၏သဘော မှန်ကို မဖွဲ့မပင့်ပဒါဟူသော 'ဘက်မလိုက်သောအသိ' နှင့် သိရာတွင် ခန္ဓာ၏သဘောတရားအမှန်မှာ မငြိမ်မသက်သော သဘောအားဖြင့် တလှုပ်လှုပ်တရွရွ, တမွမွ, တရှိန်ရှိန်စသည် အားဖြင့် ပြောင်းလဲမှုမျိုးစုံအောင်တွေ့နေမည် သိနေမည်။ ထိုအခါ ရှုကြည့်နေသောအသိဉာဏ်သည် 'လှုပ်နေသည်, ရွ နေသည်, မွနေသည်' စသောနာမည်ပညတ် မတပ်မယူဘဲ ယင်း တို့၏သဘောကိုသာ သိနေရာတွင် 'ဖောက်ပြန်တဲ့သဘော' ဟူ၍သာအမှန်အတိုင်းသိနေက ခန္ဓာ၏မူလပင်ကို အရင်းခံကို အရင်းအတိုင်းသိခြင်း ဖြစ်ပါသည်။ သိမှုကိုလည်း 'သိတဲ့ သဘော' ဟုသိက အမှန်အတိုင်းသိခြင်းဖြစ်ပါသည်။ ယင်းသို့ ခန္ဓာ၏အရှိပင်ရင်း(ရုပ်နာမ်)ဖောက်ပြန်မှု၊ သိမှုကိုသိနေခြင်း ကိုပင် 'စက္ခုကရဏီ, ဉာဏကရဏီ' ဟုဆိုပါသည်။

ဤသို့ဖြင့် ခန္ဓာ၏သဘောမှန်ကို 'ဖောက်ပြန်မှု, သိမှု' ဟုတစ်ကိုယ်လုံးတွင် အစိပ်စိပ်သိဖန်များလတ်သော် ဤမဂ္ဂင် ဖြင့် ဤပရမတ်ကိုသိနေချိန်တွင် ပညတ်ကိုအာရုံမပြုသဖြင့်-

'အာရုံပညတ် - စွဲယူမှတ် - ဖြစ်တတ်ကိလေသာ'

'ပရမတ်အာရုံ - သိခိုက်ကြုံ - ပြတ်ကုန်ကိလေသာ'

ဟူသောဆောင်ပုဒ်အရ ကိလေသာဖြစ်ခွင့်မရသောကြောင့်

'ဥပသမာယ'ဟုဆိုပါသည်။

ရင်းနောက်ဆက်လက်၍ ခန္ဓာပ္ပရမတ်၏ဖောက်ပြန်မှု သဘောတို့ကို ရှုနေသိနေသောဉာဏ်သည် ရှုရင်းသိရင်း လေ့ကျင့်မှုရ၍ အသိများပြီး ထိုဖောက်ပြန်မှုတို့၏သဘာဝ လမ်းကြောင်း 'အပျက်'ကိုသိလာမြင်လာသောအခါ ဤခန္ဓာ ၏သဘောအမှန်ဖောက်ပြန်မှုတို့သည် စင်စစ်အားဖြင့် အပျက် သို့သာ ဦးတည်သွားနေသောကြောင့် 'အပျက်စု-ပျက်တဲ့ သဘော' ဟု အပျက်ကိုသာရှုနေသိနေခြင်းဖြင့် ဤအသိ ဤ ဉာဏ်သည် ရှေးအခါကမဖြစ်စဖူး ဤမဂ္ဂိမပဋိပဒါကျင့်စဉ်အရ အမှန်မြင်တတ်သော(သမ္မာဒိဋ္ဌိ)မဂ္ဂင်ဉာဏ်ဖြင့် သိရသော 'အသိထူးဉာဏ်ထူး' ပါတကားဟု ထင်မြင်ရလောက်သော အချိန်တွင် 'အဘိညာယ' ဟုဆိုပါသည်။

ယင်းသို့ ခန္ဓာ၏သဘာဝပျက်မှုသည် တစ်ကိုယ်လုံးတစ် ကောင်လုံးတွင် နေရာမလပ်အောင်ပျက်သည်ကို လေ့ကျင့် သားရပြီးသောဉာဏ်အမြင်သည် ရင့်ကျက်၍အသိများလာ သောအခါ 'ဖြစ်ခြင်းပျက်ခြင်းတို့သည် အမြဲမပြတ်နှိပ်စက် အပ်တဲ့ခန္ဓာပါလား'ဟု အပြစ်မြင်လျက် 'အနှစ်သာရဘာမျှ ရယူစရာမရှိသော အချည်းနှီးဖြစ်သော သဘောတရား ပါတကား' ဟုအသိဉာဏ်ဖြစ်ချိန်တွင် 'သမ္ဗောဓာယ' ဟုဆို ပါသည်။

'ဒုက္ခသစ္စာ ဆင်းရဲစွာသော သဘောတရားသာ' ဟု

အကြိမ်ကြိမ်သိမြင်သော ရင့်ကျင့်သည့်ဉာဏ်သည် ဆင်းရဲအစုမျှသာဖြစ်သော ဤခန္ဓာ၌အားကိုးရာအားထားရာ၊ မှီခိုရာ၊ ကိုးစားစရာ၊ တွယ်တာစရာ၊ ကပ်ငြိစရာမမြင်တော့သဖြင့် ဤခန္ဓာဒုက္ခကိုစွန့်လွှတ်လျက် ဖြစ်ခြင်း၊ ပျက်ခြင်းမရှိရာသို့ အသိဉာဏ်ပြေးဝင်မှုကို 'နိဗ္ဗာနာယသံဝတ္တတိ' ဟုဆိုပါသည်။

## 'သစ္စာသိမှ ဦးတည်ရှု'

**မေး** ~ မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်း သမ္မာဒိဋ္ဌိခေါင်းဆောင်၏ခန္ဓာကိုရှုမြင်ခြင်း၌ အဓိကသိမြင်ရမည့်သဘောတရားသည် အဘယ်တရားပါနည်း။

**ဖြေ** ~ ဓမ္မစကြာဟောစဉ်အရ ခန္ဓာ၏သဘောတရားအမှန် (သစ္စာ)ကိုသိမြင်ရမည်ဖြစ်ပါသည်။

**မေး** ~ ခန္ဓာ၏အမှန်တရားသစ္စာဟူသည် အဘယ်ပါနည်း။

**ဖြေ** ~ ခန္ဓာ၏အမှန်တရားသစ္စာသည် 'ဒုက္ခ' ဖြစ်ပါသည်။

**မေး** ~ ယင်းခန္ဓာနှင့်စပ်သော 'ဒုက္ခ' သည်ဘယ်နှစ်မျိုးရှိပါသနည်း။

**ဖြေ** ~ ခန္ဓာနှင့်စပ်သော 'ဒုက္ခ' ဆင်းရဲသည်(၈)မျိုးရှိပါသည်။

**မေး** ~ ခန္ဓာနှင့်စပ်သော 'ဒုက္ခ' ဆင်းရဲ(၈)မျိုးကို တစ်မျိုးစီပြောပြပါ။

## 'ဇာတိပိဒုက္ခာ'

**ဖြေ** ~ ဘဝများစွာသံသရာတွင် သူသူငါငါခေါ်ရာပညတ်

သမုတ်အပ်သည့်နာမ်ရုပ်နှစ်ဖြာခန္ဓာငါးပါး ဤတရားသည် ဘဝဖန်ဖန် အပြန်ပြန်အထပ်ထပ် မရပ်မနားဆုံတွင်လှည့်သည့် နွားကဲ့သို့ တဖွားဖွားတသုတ်သုတ် အဟောင်းအဟောင်းတို့ ချုပ်ပျက်လေတိုင်း မဆိုင်းလက်ငင်းဖြစ်ပေါ်ခြင်း၊ အဖြစ်ရခြင်း ဟူသော 'ဇာတိ' သဘောသည် ဝဋ်မူလသံသရာတွင်အခိုင် အမာဆင်းရဲစေဖို့ ပန္နက်အဖြစ်စိုက်ထူလိုက်ရကား ထိုဖြစ်ခြင်း ဇာတိဟူသည် **'ဆင်းရဲစင်စစ် ဒုက္ခဖြစ်၏'** ဟုဟောတော်မူ ပါသည်။

**'ဇရာပိဒုက္ခာ'** ခန္ဓာဇာတိအဖြစ်ရလာပြီးသော် ရရှိခဲ့ သည့်ခန္ဓာငါးပါး၊ ရုပ်နာမ်တရားသည် ထင်ထင်ရှားရှားသော် ငင်း၊ မထင်မရှားသော်ငင်း (၂)ပါးသောအခြင်းအရာအားဖြင့် တစ်ချိန်ထက်တစ်ချိန် ပျက်ပြားယိုယွင်းလျက် ကိုယ်တွင်းကိုယ် ပြင်တို့တွင် ရင့်ရော်မစဲ တသဲသဲတလှုပ်လှုပ်, တဖြုတ်ဖြုတ် တရွရွ တစ်စတစ်စပြောင်းလဲလျက် သေမင်း၏လက်တွင်းသို့ပို့ဆောင် ဆက်သွင်းခံနေရသော ဤရုပ်နာမ်ခန္ဓာသည် **'က္လန္တြီ ယာနံ ပရိပါကော'** ဘုရားဟောအံရ ဒုက္ခသစ္စာဆင်းရဲစွာသည် သူသာစင်စစ်ဖြစ်ချေ၏။

'ဗျာဓိပိဒုက္ခော' ဇာတိဖြစ်ရအကြောင်းစ၍ တစ်ဆင့်တစ် ဆင့်ရင့်၍လာသော ဤခန္ဓာငါးပါးရုပ်နာမ်တရားသည် ၎င်း ၏အခြေခံအမာခံဓာတ်ကြီးလေးပါး ဘူတထား၍ဖောက်ပြန် ချောက်ခြားမှုကြောင့် ဖြစ်ပေါ်လာသော(၉၆)ဖြာရောဂါမျိုးစုံ

အဖုံဖုံနှင့် ကြုံလာဥပဒ် မပြတ်မစဲတလဲလဲဖြင့် မြဲစွာကပ်ချဉ်းနှိပ်စက်ခြင်းတို့ကိုတွန်းလှန်ပယ်ရှား၍မရအောင် နာကျင်ခံခက်ဆင်းရဲနက်သဘော ထိုဆင်းရဲမှုကိုခံစားသော အနာဟောဗျာဓိပရမတ်ဖြစ်ဘိ၍ ဆင်းရဲအတိဖြစ်ရှိမှန်စွာ ဒုက္ခသစ္စာသဘောသာတည်း။

'**မရဏမ္ပိ ဒုက္ခံ**' ရုပ်နာမ်ဇာတိအဖြစ်ရှိခဲ့သော ဤခန္ဓာသည် ဇာတိ၏ဖြစ်ပေးသမျှအားလုံးကို ဖျက်ဆီးပစ်သောဓမ္မတာတရားဖြစ်၍ သေခြင်း, ပျောက်ဆုံးခြင်း, ပျက်စီးခြင်းမရဏတရားသာမြဲပေသည်။ ဇာတိအဖြစ်ဟူသည် ဖြစ်ကြောင်းရှိမှဖြစ်ရ၏။ မရဏအပျက်ကား ဖြစ်ပေါ်ပေးမှုမှန်သမျှကို ဖျက်ဆီးပစ်ရန်တာဝန်မလစ်လပ်ပေ။ အဖြစ်ဇာတိရရန်ကြံဆောင်၍ရှာဖွေခြင်းကိုပင်လျှင် မြတ်စွာဘုရား၏အမြင်အရ မရဏ'**အသေကိုရှာဖွေခြင်းဖြစ်သည်**' ဟုမိန့်တော်မူသောအတိုင်းဖြစ်လို့သေရာ ဤခန္ဓာသည် ဒုက္ခစင်စစ်ဆင်းရဲဖြစ်၏။

'**အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော**' မချစ်ခင် မနှစ်သက်အပ်သောသတ္တဝါသင်္ခါရတို့နှင့် ပေါင်းဖော်ယှဉ်တွဲမှီဝဲရခြင်းသည် 'စိတ်ဆင်းရဲရခြင်း, ကိုယ်ဆင်းရဲရခြင်း' ဟူသော(၂)ပါးသောဆင်းရဲ၏အကြောင်းဖြစ်သောကြောင့် ရုပ်နာမ်(၂)ပါးသာလျှင် ထိုဆင်းရဲမှုတို့ကို ခံစားရပေသဖြင့် မြတ်စွာဘုရားသည် ဒုက္ခသစ္စာ၌ထည့်သွင်း၍ ဟောတော်မူသည်။ ထို့ကြောင့် ဤလောက၌ မချစ်မနှစ်သက်အပ်သောသတ္တဝါသင်္ခါရတို့နှင့်

ပေါင်းသင်းဆက်ဆံရသောသူတို့မှာ တစ်ဦးနှင့်တစ်ဦး မာန်မာန ဒေါသတို့ လွန်ကျူးလျက်ခိုက်ရန်ငြင်းခုန် ရိုက်နှက်သတ်ဖြတ်ကြရသည်ကား စိတ်နာမ်ဆင်းရဲ၊ ရုပ်ဆင်းရဲတည့်တို့ဖြစ်ဘိကြောင့် မုနိရှင်စော ဒုက္ခသစ္စာဟုဟောလေသည်။

'ပိယေဟိဝိပ္ပယောဂေါဒုက္ခော' ချစ်ခင်နှစ်သက်အပ်သောသတ္တဝါသင်္ခါရတို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဆင်းရဲအစစ်အမှန်ဖြစ်၏ဟုဟောတော်မူရာ၌ ယင်းသို့ကွဲကွာမှုကြောင့် ရှေးဦးစွာစိတ်၏ဆင်းရဲခြင်း, နောက်ကိုယ်၏ဆင်းရဲခြင်း(၂)ပါးသာဖြစ်သောကြောင့် ဒုက္ခသစ္စာဆင်းရဲစွာ၏။ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရဟူသည် ပျက်စီးချုတ်ယွင်းကွေကွင်းတတ်စွာ ဓမ္မတာတရားဖြစ်သည့်အတိုင်းပျက်စီးသေပျောက်ခြင်းဖြစ်သည်ရှိသော် ထိုအဖြစ်မျိုးနှင့်တွေ့ကြုံသောသူအား ပူပန်မှုသောကဖြောင့်သည် စူးဝင်၏။ ယင်းသို့စိတ်ဆင်းရဲမှုအကြောင်းပြု၍ ပိန်ချုံးချိနဲ့ ဖျော့တော့သောဖက်ရွက်ကဲ့သို့ ကိုယ်၏ဆင်းရဲခြင်းသည် ထပ်ဆင့်၍ဖြစ်လေသည်။ ထို့ကြောင့် ဤချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့ကွဲကွာရခြင်းကို ဆင်းရဲစင်စစ်ကေန်ဖြစ်၏ဟုဟောတော်မူသည်။

'ယံပိစ္ဆံနလဘတိတမ္ပိဒုက္ခံ' မိမိတို့သည် ဇာတိအဖြစ်ရလာခြင်းကြောင့် အိုခြင်း, နာခြင်း, သေခြင်းကို့ဖြစ်ရသည်။ ယင်းသို့သတ္တဝါတိုင်းအလိုမရှိအပ်သော ပဋိသန္ဓေမနေရလို မအိုရချင်

မသေချင်ဟု တောင့်တဆိုလည်း အလိုရှိတိုင်းတောင့်တတိုင်း သည်ရကောင်းသည်မဟုတ်ချေ။ ထိုကဲ့သို့ မရသင့်မရကောင်း သော(အလဗ္ဘနီယ)အရာဝတ္ထုတောင့်တမှုကို တောင့်တရှာကြံ သောသူမှာ မိမိတောင့်တတိုင်းမရမဖြစ်၊ ထိုသို့မရသင့် မရ ကောင်းသောတောင့်တမှုကိုပြုသောသူအား 'ကိုယ်ဆင်းရဲရ ခြင်း, စိတ်ဆင်းရဲရခြင်း' တို့ဖြစ်ကုန်၏။ ထိုသို့ဖြစ်ရခြင်းအတွက် သစ္စာဒုက္ခဟုတ်မှန်လှ၏။

'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' လောက၌ဖြစ်ရှိနေ သောဒုက္ခကြီးခြုံဆင်းရဲပုံကို အကုန်ဝေဖန်လတ်သော် အလွန် တရာကျယ်ပြန့်များပြားလှရကား ဆင်းရဲကိုအကျဉ်းချုပ်၍မရ စကောင်း ထိုဒုက္ခဝတ္ထုဆင်းရဲစု၏ အထုအထည်ရောနယ်ကား အစွဲအလန်းကြောင့်ဖြစ်သော ဤခန္ဓာငါးခု အစုအပုံသာ တည်း။ ဤခန္ဓာသည် ဆင်းရဲလုံးစုံ ဒုက္ခဘုံသာတည်း၊ ဆင်းရဲ ပင်မြစ်ကေန်ဖြစ်၏။ မည်သည့်ဆင်းရဲတစ်ခုမျှ ခန္ဓာအစုမှလွတ် သည်ဟူ၍မရှိ။ လောက၌မည်သူအမျိုးမြတ်၍ တန်ခိုးဣဒ္ဓိ ပါဒ်ရှိသည်ဆိုစေကာမူ ၎င်း၏ရုပ်နာမ်ခန္ဓာကား သင်္ခါရမှုအစုစု တို့၏မပြတ်မလပ် တရစပ်နှိပ်စက်ညှဉ်းပန်းမှုကို ခံနေရသဖြင့် တဖြုတ်ဖြုတ် တသုတ်သုတ် တလှုပ်လှုပ်တရွရွ မမြဲအနိစ္စ ဒုက္ခ ဆင်းရဲ အိုပွဲ, နာပွဲ, သေပွဲများပြောင်မဆုံးအောင်တွေ့ရမည် မှာ လွန်သေချာသဖြင့် ခန္ဓာငါးခုဖြစ်ရှိမှုသည် သက်သာရာမရ ချမ်းသာမှုမရှိသဖြင့် စင်စစ်ဒုက္ခသစ္စာတည်းဟု ဟောတော်မူ

ပါသည်။

ဤရုပ်နာမ်ခန္ဓာ၏ အမှန်ဖြစ်ရှိနေသောသဘောတရားမှာ ဆင်းရဲအနက် ဤရှစ်ချက်ပင်ဖြစ်ပါသည်။ ထိုရှစ်ချက်သော အနက်သဘောကို လွယ်ကူစွာမှတ်ယူနိုင်ရန် ကဗျာဆောင်ပုဒ် ဖြင့်ပြပါဦးအံ့။

"ပဋိသန္ဓေနေတာများလည်း - ဆင်းရဲဒုက္ခဖြစ်ရသည်။
အိုခြင်းတစ်ဖြာ နာတစ်မျိုးတော့ - ဒုက္ခလမ်းစိုးမှန်လှသည်။
သေရခြင်းဟာဆင်းရဲလှပေါ့ - သောကဒုက္ခဖြစ်ရသည်။
မချစ်သူဘဲ အတူတွဲ - နေလည်းဆင်းရဲသည်။
အဲဒါမှ....သစ္စာစစ်မှ ဒုက္ခမှန်လေသည်။
ချစ်နှစ်သက်သူရှောင်ခွာကင်းရင် - ဆင်းရဲခြင်းကြီးမှန်လှသည်။
အလိုရှိတိုင်းသာဘယ်မရလို့ - တကယ်ဆင်းရဲကြရသည်။
အကျဉ်းချုပ်ဟာဆင်းရဲကြောင်းက - ခန္ဓာငါးပါးပေါင်းလို့တည်။
ခန္ဓာဝန်များ မရှိပြား - ဘယ်နားဆင်းရဲမည်။
အဲဒါမှ....သစ္စာစစ်မှ ဒုက္ခမှန်လေသည်။"

## 'ဒုက္ခသစ္စာ နက်(၄)ဖြာ'

**မေး** ~ ဤအချက်အလက်များကြောင့် ဤခန္ဓာသည်(ဒုက္ခ သစ္စာ)ဆင်းရဲအမှန်ဖြစ်ကြောင်းသိရပါပြီ။ အဘယ်သဘော အနက်ကြောင့် ဒုက္ခသစ္စာဖြစ်ပုံကိုလည်းပြောပြစေလိုပါသည်။

**ဖြေ** ~ ဤအမေးအတွက် ဒုက္ခသစ္စာအနက်(၄)ချက်ကိုဖော် ပြရပါမည်။ အကြင်တရားသဘောသည် လက္ခဏာ(၄)ချက်

အမှတ်စဉ် ရက်စွဲ

အနက်(၄)ပါးနှင့်ပြည့်စုံ၏။ ထိုတရားသဘောသည် ဒုက္ခသစ္စာ ဖြစ်လေသည်။ အဘယ်သို့သော လက္ခဏာအနက်တို့နှင့်ညီညွတ်မှု ဒုက္ခသစ္စာဟူသောရုပ်နာမ်ခန္ဓာသည်-

၁။ 'ပီဠနဋ္ဌ' ရုပ်နာမ်ခန္ဓာရသော, ရှိသော, ဖြစ်သော သတ္တဝါကို နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်းဟူသော 'ပီဠနဋ္ဌ' အနက်သဘော။

၂။ 'သင်္ခတဋ္ဌ' အကြောင်းတရား(၄)ပါးတို့သည် အညီအညွတ်ပေါင်း-၍ပြုပြင်တတ်၊ ပြုပြင်အပ်၊ ပြုပြင်ခြင်းဟူသော 'သင်္ခတဋ္ဌ'အနက်သဘော။

၃။ 'သန္တာပဋ္ဌ' ကိလေသာမီးပွားစီးမှုကြောင့် ပူပန်စေတတ်၊ ပူပန်စေအပ်၊ ပူပန်ခြင်းဟူသော 'သန္တာပဋ္ဌ' အနက်သဘော။

၄။ 'ဝိပရိဏာမဋ္ဌ' ရင့်ခြင်းဇရာ, ပျက်ဆုံးခြင်းမရဏာ ဟူသော(၂)ပါးသော အပြားတို့ဖြင့်ဖောက်ပြန်တတ်သော 'ဝိပရိဏာမဋ္ဌ' အနက်သဘော။

ဤသို့လျှင် ဒုက္ခသစ္စာဟူသော ရုပ်နာမ်(၂)ပါး၏ဒုက္ခသစ္စာအနက်သဘောဖြစ်ကုန်သော ဤ(၄)ပါးတို့သည်-

'တထာ' - မှန်ကန်ကုန်၏။

'အဝိတထာ' - မချွတ်မယွင်းကုန်။

'အနညထာ' - နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်းဟူသော ပီဠနဋ္ဌသဘောမှတစ်ပါး မနှိပ်စက်တတ်, မနှိပ်

စက်အပ်, မနှိပ်စက်ခြင်းဟူသောသဘောမှ ကင်းကုန်ကြ၏။

ဤဒုက္ခသစ္စာ၏အနက်(၄)ချက်တို့တွင် 'ပီဠနဋ္ဌ' နှိပ်စက်ခြင်းအနက်သဘောတစ်ခုသည်သာ- မူလပင်ရင်း အနက်သဘောဖြစ်၍ ကျန်အနက်(၃)ခုသည် ဤခန္ဓာဒုက္ခကို နှိပ်စက်ရအောင်အကူအညီပေးကြသော အခြင်းအရာအနက်သဘောများဖြစ်လေသည်။ ဖြစ်ပုံမှာ-

ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် 'ပီဠနဋ္ဌ' သဘောအားဖြင့် အဘယ်သို့နှိပ်စက်ပါသနည်းဆိုသော်-

'သင်္ခတဋ္ဌ'သဘောအားဖြင့် ရုပ်နာမ်ခန္ဓသည် ဖြစ်ပျက်၊ ဖြစ်ပျက်ပြုပြင်ချက်နှင့် အမြဲမပြတ်နှိပ်စက်တတ်၏။

'သန္တာပဋ္ဌ'သဘောအားဖြင့် ရုပ်နာမ်ခန္ဓာသည်ကိလေသာတို့၏ပွားစီးရာ ကိလေသာတို့ခိုအောင်းရာ အိုနာ၊ သေမှုဒုက္ခစုတို့ အမြဲမပြတ်နှိပ်စက်အပ်၏။

'ဝိပရိဏာမဋ္ဌ'သဘောအားဖြင့် ရင့်ရော်အိုမင်း ယိုယွင်းပျက်စီးသေပျောက်ခြင်းတည်းဟူသောဆင်းရဲတို့ဖြင့် အမြဲမပြတ်နှိပ်စက်အပ်၏။

ဤသို့လျှင် နှိပ်စက်တတ်သောသဘော, ပူပန်စိုးရိမ်ကြောင့်ကြရသောသဘော, အို-နာ-သေရေးဒုက္ခဘေးဟုဆိုအပ်သောသဘောတို့သည် အမြဲတစေကပ်၍ မပြတ်နှိပ်စက်တတ်ရကား- ဤရုပ်နာမ်ခန္ဓာရခြင်းသည် ဆင်းရဲအစစ်အမှန်ဖြစ်လေ သည်။

**မေး** ~ ဓမ္မစကြာပါဠိတော်တွင် ဒုက္ခသစ္စာဟု သာမည

မဟောပဲ 'ဒုက္ခအရိယသစ္စာ'ဟုဟောတော်မူပါသည်။ မည်သို့ ထူးခြားပါသနည်း။
**ဖြေ** ~ ခန္ဓာပရမတ်၏ ပင်ရင်းအမှန်တရားသည် 'ဒုက္ခသစ္စာ' ဖြစ်ပါသည်။ ထိုဒုက္ခသစ္စာအမှန်သဘောတရားတို့ကို အမှန်အတိုင်းသိနေ မြင်နေသောဉာဏ်သည် အရိယာတို့သိသော ဉာဏ်မျိုးဖြစ်သောကြောင့် 'ဒုက္ခံအရိယသစ္စံ'ဟုအသိဉာဏ်ကိုဟောတော်မူသောကြောင့် ထူးခြားပါသည်။

## 'သမုဒယသစ္စာဆိုသည်မှာ'

**မေး** ~ မြတ်စွာဘုရားသည် ဒုက္ခသစ္စာ ဟောပြီးနောက် သမုဒယသစ္စာကိုဟောပါသည်။ အကြောင်းရှိပါသလား။
**ဖြေ** ~ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုဖြစ်စေသောအကြောင်းကြောင့် ဒုက္ခသမုဒယခေါ်ပါသည်။ ရုပ်နာမ်ဆင်းရဲဒုက္ခကို ဖြစ်အောင်ပြုလုပ်တတ်သောကြောင့် ဒုက္ခသစ္စာကိုဟောပြီးသည်၏အခြားမဲ့၌ ထိုဒုက္ခကို ပြုလုပ်ဖန်တီးပေးသောတရားကို ဖော်ထုတ်လိုသောအကြောင်းရှိပါသည်။
**မေး** ~ ထိုဒုက္ခသမုဒယသစ္စာသည် အဘယ်သဘောရှိပါသနည်း။
**ဖြေ** ~ သမုဒယသစ္စာဟူသည် 'လောဘတဏှာ' ပင်ဖြစ်ပါသည်။ ထိုလောဘတဏှာဟူသည် ဘဝအသစ်ကိုဖြစ်စေတတ်သောအလေ့ရှိ၏။ နှစ်သက်ခြင်း, တပ်မက်ခြင်းသဘောရှိ၏။ ထိုထိုဘဝ ထိုထိုအာရုံ၌ အလွန်နှစ်သက်တတ်၏။ ထို

လိုချင်မှုတဏှာဟူသည် အဘယ်နည်းဟူမူ -

၁။ ရူပ, သဒ္ဒစသော ဝတ္ထုကာမကို နှစ်သက်တတ်သော 'ကာမတဏှာ'

၂။ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ဘဝလိုချင်မှု 'ဘဝတဏှာ'

၃။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ဘဝအပြတ်ကို လိုချင်မှု 'ဝိဘဝတဏှာ'အားဖြင့် (၃)ပါးသော၍တဏှာသည် ဆင်းရဲဖြစ်ကြောင်း မှန်သောအရိယာတို့သည် သိအပ်သော အမှန်တရား(သစ္စာ)မည်၏။

အာရုံငါးပါးကာမဂုဏ်တရားတို့၌ သာယာခင်မက်နှစ်သက် မြတ်နိုးတတ်သော(တဏှာ)လောဘသည် နောင်ဘဝအသစ်ကိုဖန်တီးနိုင်သော အင်အားဖြစ်၏။ ဘဝအသစ်တစ်ခုကို မျှော်လင့်ရာ၌ ရူပါရုံစသောအာရုံငါးပါးအားဖြင့်ရင်း၊ တစ်ခုခုသောအာရုံ၌တွေ့ထိ၍ နှစ်သက်သဘောကျမှုဖြစ်လာလျှင် ထိုအာရုံတို့ကို စွဲလန်းချက်နှင့်တကွ 'ကိလေသဝဋ်' ဖြစ်ကာ 'ကမ္မဘဝသင်္ခါရ' ဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်သဘောသို့ သက်ရောက်လျက် 'ကမ္မဝဋ်'ကိုမဖြစ်မနေပြုလုပ်လေသည်။ ထိုကမ္မဝဋ်ပြုလုပ်ချက်သည် 'ဝိပါကဝဋ်' ရုပ်နာမ်ဇာတိဖြစ်မှု ဘဝအသစ်ပေါ်လာရတော့သည်ဖြစ်ရာ ယင်းဘဝအသစ်ဖန်တီးမှုလက်သည်သည် ထိုထိုအာရုံငါးပါးကာမဂုဏ်တရားတို့ကိုခင်မင်နှစ်သက်တတ်သည့် တဏှာသမုဒယပင်ဖြစ်ပါသည်။

**မေး** ~ ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာသည် တဏှာဖြစ်၍

ထိုတဏှာ(၃)ပါးဖြစ်ပုံကို ပြောပြစေလိုပါသည်။

**ဖြေ** ~ တဏှာ(၃)ပါးတို့တွင် -

(၁) 'ကာမတဏှာ'ဆိုသည်မှာ (ရူပါရုံ)အဆင်းအစရှိသော အာရုံ(၆)ပါး၊ ဝတ္ထုကာမတရားတို့ကို ကိလေသာကာမအားဖြင့် တပ်မက်နှစ်သက်သောသဘောဖြစ်ပါသည်။ ပုံစံမှာ-

၁။ 'ရူပတဏှာ' အဆင်းဟူသောရူပါရုံ၌ တပ်မက်နှစ်သက်ခြင်း။

၂။ 'သဒ္ဒတဏှာ' အသံဟူသော သဒ္ဒါရုံ၌ တပ်မက်နှစ်သက်ခြင်း။

၃။ 'ဂန္ဓတဏှာ' အနံ့ဟူသော ဂန္ဓာရုံ၌ တပ်မက်နှစ်သက်ခြင်း။

၄။ 'ရသတဏှာ' အရသာဟူသော ရသာရုံ၌ တပ်မက်နှစ်သက်ခြင်း။

၅။ 'ဖောဋ္ဌဗ္ဗတဏှာ' အတွေ့ဟူသောဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်နှစ်သက်ခြင်း။

၆။ 'ဓမ္မတဏှာ' အာရုံငါးပါးမှ ကြွင်းသောဓမ္မာရုံ၌ တပ်မက်နှစ်သက်ခြင်းဟူ၍ တဏှာ(၆)ပါးရှိလေသည်။ ထို(၆)ပါးသောဝတ္ထုဟို့ကို ကိလေသာကာမအားဖြင့် သာယာခင်မင်နှစ်သက်တွယ်တာခြင်းသည် 'ကာမတဏှာ' ဖြစ်လေသည်။ ထိုကိလေသာဖြစ်သောတဏှာသည် စင်စစ်ရုပ်နာမ်ဒုက္ခသစ္စာအကျိုးဝိပါကဝဋ်၊ အကျိုးဒုက္ခသစ္စာကိုဖန်တီးနိုင်ရကား ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာဖြစ်လေသည်။

(၂) 'ဘဝတဏှာ' ဆိုသည်မှာ အသဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာတည်း။ ထိုသဿတဒိဋ္ဌိခေါင်းဆောင်သော တဏှာသည် ဤရုပ်နာမ်ခန္ဓာလား 'မြဲ၏, ခိုင်၏, တည်တံ့၏, မပျက်စီးနိုင်, မပြိုကွဲနိုင်'ဟုအယူရှိ၍ ဤဘဝမှာလည်းခိုင်မြဲအောင်ပြုလုပ်သည်။ တမလွန်နောင်ဘဝအတွက်လည်း လူနတ်ဗြဟ္မာစသည်သည် ခိုင်မြဲသည်ဟုအထင်အမှတ်ရှိ၍ ထိုထိုဘဝတို့သို့ ရရာရောက်ရာပြုလုပ်မှုကံကို အားကိုးတကြီးဖြင့် ကြိုးပမ်းသည်။ ဘဝပြတ်ကြောင်း၊ သံသရာပြတ်ကြောင်း တရားမျိုးကို မနာလို, မကြားလို, စိတ်တွင်မထားသို မစွဲမြဲလိုဘဲ ဘဝထဲတွင်နစ်၍ ဤဘဝ၌ဖြစ်သောမိမိသည်ပင် နောင်ဘဝအသစ်တစ်ခုခုတွင် မိမိပင်သွားဖြစ်ရမည်ဟု စွဲမြဲလျက် မိမိနှင့်ကံကိုတစ်ဆက်တည်းတစ်တွဲတည်းပြု၍ရင်း၊ ကံပြုလုပ်သောမိမိနှင့် နောင်ဘဝအကျိုးရမည့်မိမိသည် တစ်ဦးတစ်ယောက်တည်းပြု၍ရင်း ကြိုးစားဆောင်ရွက်မှုမှန်သမျှသည် သဿတဒိဋ္ဌိခေါင်းဆောင်သော 'ဘဝတဏှာ' ဖြစ်လေသည်။

(၃) 'ဝိဘဝတဏှာ' ဆိုသည်မှာ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာတည်း။ ထိုဥစ္ဆေဒဒိဋ္ဌိခေါင်းဆောင်သောတဏှာသည် ရုပ်နာမ်ခန္ဓာတို့ကား သေလျှင်မြေကြီးဖြစ်သည်၊ ပြီးသည်၊ ပြတ်တောက်သည်၊ ဖြစ်ပေါ်မှုမရှိ၊ ဖြစ်ပေါ်မှုကိုမလိုချင်ခြင်း၊ မဖြစ်ချင်ခြင်း၊ ပြတ်တောက်ခြင်းကိုပင် လိုချင်သောလောဘတဏှာသည် ဥစ္ဆေဒဒိဋ္ဌိခေါင်းဆောင်သော 'ဝိဘဝ

တဏှာ' ဖြစ်လေသည်။

ဤသို့လျှင် ဖော်ပြပါလိုချင်မှု, ရချင်မှု, ဖြစ်ချင်မှုတဏှာ (၃)ပါးသည် လိုချင်, ရချင်, ဖြစ်ချင်တတ်သောသဘော, ဖြစ်အောင်ဖန်တီးမည့်သဘော, အဖြစ်ဟူသောဒုက္ခကို နည်းအထွေထွေနှင့် ရချင်, လိုချင်, ဖြစ်ချင်သောဒုက္ခဖြစ်ကြောင်းတရားများဖြစ်၍ သမုဒယသစ္စာ ခေါ်လေသည်။ ထိုဖြစ်ကြောင်းသည် (ဒုက္ခ)ဆင်းရဲဖြစ်ကြောင်းမှန်သောကြောင့် 'ဒုက္ခသမုဒယသစ္စာ'ဟု မြတ်စွာဘုရားဟောပါသည်။

## 'သမုဒယနက် ဤ(၄)ချက်'

**မေး** ~ ဤတဏှာသည် အဘယ်သဘောအနက်ကြောင့် သမုဒယသစ္စာဖြစ်ပါသနည်း။

**ဖြေ** ~ အကြင်သဘောတရားသည် လက္ခဏာ(၄)ပါး၊ အနက် (၄)ချက်နှင့်ပြည့်စုံ၏။ ထိုတရားသဘောသည် '**သမုဒယသစ္စာ**' ဖြစ်လေသည်။ ထိုလက္ခဏာ(၄)ပါးဟူသည် -

၁။ '**အာယူဟနဋ္ဌ**' ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်တရား(၂)ပါးကိုဖြစ်ပွားအောင် အားထုတ်ခြင်းအနက်သဘော။

၂။ '**နိဒါနဋ္ဌ**' ဒုက္ခသစ္စာဖြစ်သော ရုပ်နာမ်တရား(၂)ပါး၏ ဖြစ်ပွားပေါ်ပေါက်လာရန် အကြောင်းရင်းဟူသော အနက်သဘော။

၃။ '**သံယောဂဋ္ဌ**' ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟုဆိုအပ်သောဝဋ်သုံးပါး၌ အမြဲယှဉ်ခြင်းအနက်သဘော။

၄။ 'ပလိဗောဓေ' ဝဋ်(၃)ပါး၌မလွတ်မြောက်စိမ့်သောငှာ နှောက်ယှက်ပိတ်ပင်ခြင်းအနက်သဘော။

ဤသို့လျှင် လောဘဟူသော သမုဒယသစ္စာ၏အနက်(၄) ချက်တို့သည်-

'တဏှာ' - မှန်ကန်ကုန်၏။

'အဝိတဏှာ' - မချွတ်မယွင်းကုန်၏။

'အနညထာ' - ဒုက္ခသစ္စာဟူသော ရုပ်နာမ်တရား (၂)ပါးကိုဖြစ်ပွားစေနိုင်ရန် အားထုတ်ခြင်းဟုဆိုအပ်သော 'အာယူဟနဋ္ဌ' သဘောမှတစ်ပါး အားမထုတ်ခြင်းဟုဆိုအပ် သော အခြင်းအရာမရှိပေ။

ဤသမုဒယသစ္စာ၏အနက်(၄)ချက်တို့တွင် 'အာယူဟနဋ္ဌ' အားထုတ်ခြင်းဟူသော အနက်သဘောသည် သမုဒယသစ္စာဟူ သောလောဘ၏အမြဲမပြတ်ထက်ကြပ်ပါရှိသော အနက် သဘောဖြစ်၍ သမုဒယသစ္စာ၏မူလပဓာန လိုအပ်သော အနက်ဖြစ်၏။ အားထုတ်ခြင်းဟူသည် အဘယ်နည်း-

'အာယူဟနန္တိ သင်္ခါရာနံ အတ္ထာယ ပယောဂ ဘရဏံ' ဟူသောအဋ္ဌကထာပါဌ်နှင့်အညီ အကျိုးဒုက္ခသစ္စာခန္ဓာကိုရစေ ဖြစ်စေရန် ကုသိုလ်ကံအားဖြင့်လည်းကောင်း၊ အကုသိုလ်ကံအား ဖြင့်လည်းကောင်း၊ စေတနာကံမြောက်အောင်ပြုလုပ်အားထုတ် အပ်သော သင်္ခါရကံကို လိုလိုချင်ချင် စွဲစွဲလန်းလန်းဖြင့် အားကိုး တကြီးပြုလုပ်ခြင်း၊ အားထုတ်ခြင်း၊ ကြိုးပမ်းခြင်း၊ ကာယ, ဝစီ, စိတ္တတို့နှင့်ပြုလုပ်သမျှသင်္ခါရသည် အားထုတ်ခြင်းမည်၏။

ထိုသို့အားထုတ်ခြင်း၊ ဆင်းရဲဒုက္ခဖြစ်စေခြင်းသည်ပင်လျှင် သမုဒယသစ္စာ၏ပင်ရင်း ပဓာနလုပ်ငန်းပင်ဖြစ်ပေသည်။ ကျန် သောလက္ခဏာ(၃)ပါးအနက်သဘောတို့သည် အခြင်းအရာ အကူအညီဖြစ်လေသည်။

'နိဒါနဋ္ဌ' ရုပ်နာမ်ဒုက္ခသစ္စာ ခန္ဓာရရန်အကြောင်းရင်းဖြစ် ခြင်း။

'သံယောဂဋ္ဌ' ဝဋ်(၃)ပါး၌ အမြဲယှဉ်ခြင်း။

'ပလိဗောဓဋ္ဌ' ဝဋ်(၃)ပါးမှ မထွက်မြောက်စေခြင်းငှာ တားဆီးပိတ်ပင်ခြင်း၊ နှောက်ယှက်ခြင်းဟူသောအနက်သဘော တို့သည် လောဘတဏှာ သမုဒယသစ္စာ၌ အမြဲအစွဲ ခွဲခွာ၍ မရစကောင်းသော သဘောလက္ခဏာတို့ဖြစ်ကုန်၏။

အဆင်း, အသံစသော အာရုံငါးပါးတရားတို့၌ လိုချင် တပ်မက်စွဲလန်းခြင်းသဘောရှိသော လောဘစေတသိက်သည် တဏှာပင်တည်း။ ထိုတဏှာသည် ဒုက္ခဟူသောရုပ်, နာမ် တရား(၂)ပါး၏လာမည့်ဘဝအသစ်၌ တဖန်ဖြစ်ပေါ်စေရန် အကြောင်းရင်း စင်စစ်ဖြစ်၏။ ဘုံ(၃)ပါးတွင်ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည် တစ်ဘဝမှ တစ်ဘဝသို့၊ တစ်ဘုံမှ တစ်ဘုံသို့ ကျင်လည်ပြေးသွားကြရန်အတွက် ဒုက္ခမျိုးစုံအဖုံဖုံကို အကုန်ဖြစ်စေ၊ ရစေသောပင်ရင်းတရားသည် ထိုသတ္တဝါ၏ ပြုလုပ်အားထုတ်အပ်သောသင်္ခါရမှု တစ်ခုခုကိုမပြု ပြုအောင် လိုချင်မှု, ရချင်မှု, နှစ်သက်စွဲလန်းမှုတို့နှင့် ဖြားယောင်း၍ ဒုက္ခ

အစု ဆင်းရဲမှုကိုပေးသူကား ဘာရသုတ်အရ လောဘတဏှာ သမုဒယသစ္စာပင်တည်း။

ထိုလောဘတဏှာသည် ရုပ်နာမ်ဒုက္ခသစ္စာဖြစ်စေသည် သာမကသေး ဖြစ်ရာဘဝဘုံဌာနတွင်လည်း စိုးရိမ်မအေး ပူဆွေး ငိုကြွေးရခြင်းစသော မချမ်းသာဖွယ်အနိဋ္ဌာရုံအသွယ်သွယ်သို့ လည်း တကယ်ပင်ရစေသေးသည့်အတွက် '**တဏှာယဇာ ယတီ သောကော**' စသောဂါထာဖြင့် ဓမ္မပဒပါဠိတော်တွင် ဟောတော်မူ ထားသည်။ ထို့အတူ '**တဏှာဝဂ်**' တစ်ခုလုံးတွင် လည်း လိုချင်မှုတဏှာကြောင့် ရအပ်သောဆင်းရဲမျိုးစုံကို နည်းအထွေထွေနှင့် ဟောဖော်ထားသည်။

ကျွန်ုပ်တို့သည် လွန်ခဲ့သောအတိတ်ဘဝမှ တဏှာအဖော် ကြောင့်သာ ဤဘဝတွင် ရုပ်နာမ်သတ္တဝါတစ်ခုလာဖြစ်နေရ၏။ လောကဒုက္ခပေါင်းစုံကို ရင်ဆိုင်နေရ၏။ စိုးရိမ်ပူဆွေး စိတ်မအေးမှု၊ ငိုကြွေးရမှုအစုစုကိုလည်း ခံယူထားရ၏။ ကွဲဘေး၊ မွဲဘေး၊ နာဘေး၊ သေဘေးအစရှိသော ဘေးအသွယ်သွယ် အန္တရာယ်အဖုံဖုံကိုလည်း အကုန်ပင်စုပြုံလျက်လက်ခံထားရ၏။ မသေမချင်းတာဝန်ယူထား ရ၏။ သေပြီးနောက်လည်း နောက်ဆက်တွဲအဖြစ် ဆင်းရဲအနှစ် အသစ်ဖြစ်သောဒုက္ခ ဝန်ထုပ်ကို ထပ်မံ၍ ထမ်းပိုးရန်ရှာဖွေပြန်၏။ ကျွန်ုပ်တို့၏ ဖြစ်ပုံဖြစ်ရပ်သည် အလွန်ကြောက်ဖွယ်ဖြစ်နေ၏။

အဘယ့်ကြောင့် ဤမျှဆင်းရဲဒုက္ခကြီးကျယ်စွာရအောင်

မည်သူ မည်မျှကြိုးစားအားထုတ်ခဲ့သနည်းဟု ပြန်ကြည့် တတ်လျှင် အတိတ်ဟူသောလွန်ခဲ့သည့် ဘဝက လိုချင်၊ ရချင်၊ ဖြစ်ချင် သောတဏှာကိုသာတွေ့ရမည်ဖြစ်၏။ လိုချင်သော လောဘတဏှာမှာ စေတသိက်မျှသာဖြစ်၍ အားမကြီးလှပေ။ သို့ရာတွင် ထိုတဏှာလောဘတင်ပေးလိုက်သည့် ဝန်ထုပ်ကား ကြီးမားလှပါဘိ။ ဆင်းရဲချည်းသက်သက် 'ကေဝလဿဒုက္ခ က္ခန္ဓဿ သမုဒယော' ပေတကား . . .

ဤသည်ကို မြတ်စွာဘုရားမြင်တော်မူသည် 'သာမညလိုချင် မှုသည် ကြီးကျယ်သောဆင်းရဲကိုဖြစ်စေသည်'ဟုသိတော်မူ မြင်တော်မူသောကြောင့် ဤသမုဒယတဏှာကို 'ပဟာတဗ္ဗ' ပယ်ရမည့်တရား မလိုချင်ရမည့်တရားဟု ဟောတော်မူချေသည်၊ ထို့ကြောင့် -

**"ဒုက္ခသစ္စာဖြစ်ထားပေါင်းမှာ - အကြောင်းသမုဒယရှိရမည်။**
**ဘဝသစ်ကိုဖြစ်စေတတ်သော - တဏှာလောဘအရင်းခံသည်။**
**ထိုထိုအာရုံနှစ်သက်ခြင်းက - အရင်းစစ်တော့တဏှာဖြစ်သည်။**
**ဖြစ်ချင်တာလည်း အမှန်ပဲ - ဖြစ်လည်းဖြစ်တော့သည်။**
**အဲဒါက . . . သစ္စာဝမ္မသမုဒယခေါ်ပါသည်။**
**ကာမအာရုံဖြစ်ချင်ကြသမို့ - ကာမတဏှာလို့ခေါ်ရသည်။**
**ဘဝတဏှာဆိုတာကတော့ - သဿတဒိဋ္ဌိမှတ်ရမည်။**
**ဉစ္ဆေဒခေါ်ဒိဋ္ဌိမျိုးက - ဝိဘဝဆိုးမှန်တော့သည်။**
**တဏှာအပြား ထိုသုံးပါး - ထင်ရှားဖြစ်လေပြီ။**
**အဲဒါက . . . သစ္စာဝမ္မသမုဒယခေါ်ပါသည်။"**

## 'နိရောဓသစ္စာ နိဗ္ဗာန်မြတ်'

**မေး** ~ သမုဒယသစ္စာကိုဟောပြီးနောက် အဘယ့်ကြောင့် နိရောဓသစ္စာကို ဟောတော်မူရပါသနည်း။

**ဖြေ** ~ ထိုသမုဒယသစ္စာတဏှာ၏ကင်းငြိမ်းချုပ်ပြတ်ရာ နိဗ္ဗာန်ကို တစ်ဆက်တည်းညွှန်ပြလို၍ဖြစ်ပါသည်။

**မေး** ~ နိရောဓသစ္စာ၏အဓိပ္ပါယ်ကို ဖော်ပြပါ။

**ဖြေ** ~ နိရောဓသစ္စာဆိုသည်မှာ ဒုက္ခနိရောဓကို ဆိုလိုရင်း ဖြစ်ပါသည်။ ဒုက္ခဟူသည် ဆင်းရဲဖြစ်၍ နိရောဓဟူသည် ချုပ်ငြိမ်းခြင်းအဓိပ္ပာယ်ရှိ၍ ဒုက္ခနိရောဓဟူသည်မှာ ဆင်းရဲချုပ်ငြိမ်းခြင်းဖြစ်သောကြောင့် ဆင်းရဲအမှန်ဖြစ်သော 'ဒုက္ခသစ္စာ' ဆင်းရဲအမှန်ဖြစ်ကြောင်းဟူသော 'ဒုက္ခသမုဒယသစ္စာ' ထိုသစ္စာ နှစ်ပါးချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုဟောတော်မူခြင်းဖြစ်ပါသည်။

**မေး** ~ ဓမ္မစကြာပါဠိတော်တွင် နိရောဓသစ္စာကို အဘယ်မျှ လောက်သောဂုဏ်ပုဒ်တို့ဖြင့် ဟောတော်မူပါသနည်း။

**ဖြေ** ~ ဓမ္မစကြာတွင် ဟောတော်မူသောနိရောဓသစ္စာ၏ ဂုဏ်ပုဒ်တို့မှာ (၅)ပါးဖြစ်ပါသည်။၎င်းတို့မှာ 'ဆင်းရဲဒုက္ခဖြစ် ကြောင်း သမုဒယသစ္စာတဏှာ၏-

၁။ 'အသေသဝိရာဂနိရောဓော' - အကြွင်းအကျန်မရှိ တပ်မက်ကင်းရာနိဗ္ဗာန်။

၂။ 'စာဂေါ' - စွန့်ရာဖြစ်သောနိဗ္ဗာန်။

၃။ 'ပဋိနိဿဂ္ဂေါ' - ဝေးစွာစွန့်ရာဖြစ်သောနိဗ္ဗာန်။

၄။ 'မုတ္တိ' - လွတ်ရာဖြစ်သောနိဗ္ဗာန်။

၅။ 'အနာလယော' - ကပ်ငြိခြင်းကင်းရာဖြစ်သောနိဗ္ဗာန် ဟူ၍(၅)ပါးသောဂုဏ်ပုဒ်တို့ဖြင့် ထုတ်ဖော်ညွှန်ပြအပ်သော နိဗ္ဗာန်ဟူသောတရားသဘောသည် ခန္ဓာငါးပါးဒုက္ခ၏ချုပ်ရာ ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် မှန်ကန်သည်ဟုသိအပ် သော **'ဒုက္ခနိရောဓသစ္စာ'** မည်၏။

သမုဒယသစ္စာဟူသောတရားသည် ဒုက္ခသစ္စာ၊ ဆင်းရဲ ခန္ဓာကိုယ်ကိုရအောင် ဖန်တီးလိုက်သဖြင့် (၃၁)ဘုံဟူသော သြကာသလောကဓာတ်တွင် ဆင်းရဲခန္ဓာကိုယ်အမျိုးမျိုးဖြစ်၍ နေကြရသည်။ သံသရာတွင် အဆင်းရဲကြီးဆင်းရဲ၍နေကြရ သည်။ ထိုဆင်းရဲကို ဆင်းရဲမှန်းသိ၍ ကင်း, ငြိမ်း, ချုပ်, ပြတ် အောင်လုပ်ရန်ကား ယင်းဆင်းရဲကိုဖြစ်အောင်, ရအောင်အား ထုတ်ပြုလုပ်ခဲ့သော သမုဒယသစ္စာ ဤတဏှာလောဘကို အကြွင်းအကျန်မရှိချုပ်အောင်, ကင်းငြိမ်းအောင်ပြုလုပ်ခြင်း 'ဒုက္ခနိရောဓသစ္စာ' သာလျှင် အေးငြိမ်းကြောင်း၊ ဝဋ်ဆင်းရဲ ပြတ်ကြောင်း အမှန်တရားဟုဟောတော်မူသည်။

**မေး** ~ ထိုအေးငြိမ်းခြင်း နိဗ္ဗာန်ဟူသည် သဘောတရားအား ဖြင့် မည်သို့ရှိပါသေးသနည်း။

**ဖြေ** ~ အေးငြိမ်းခြင်းဟူသည် (ကိလေသနိဗ္ဗာန) ကိလေသာ အပူအလောင်ငြိမ်းအေးခြင်း၊ (ခန္ဓနိဗ္ဗာန) ခန္ဓာဒုက္ခငြိမ်းအေး

ခြင်းဟူ၍(၂)ပါးရှိပါသည်။

**မေး** ~ ထို(၂)ပါးတို့တွင် အဘယ်ငြိမ်းအေးမှုသည်အရေးကြီးပါသနည်း။

**ဖြေ** ~ ထို(၂)ပါးတို့တွင် (ကိလေသနိဗ္ဗာန) ကိလေသာဟူသောအပူအလောင်ငြိမ်းအေးမှုသည် အရေးကြီးပါသည်။ ခန္ဓာဟူသည် ကိလေသာရှိမှ ကိလေသာသတ္တိကြောင့်ဖြစ်ရကား ကိလေသာငြိမ်းအေးခဲ့သော် ခန္ဓာငြိမ်းမှုသည် အလိုလိုပြီးပေသောကြောင့် တရားအလုပ်အားထုတ်သူသည် ကိလေသာငြိမ်းမှုအတွက်သာ အားထုတ်ရပါသည်။

မြတ်စွာဘုရားသည် သင္ဂါယတနသံယုတ်ပါဠိတော်တွင်-

'ချစ်သားတို့ . . . အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သော၊ မြတ်သောနိဗ္ဗာန်ဟူသည် အဘယ်နည်းဟူမူ ချစ်သားတို့ အကြင်ရာဂ၏ကုန်ရာကုန်ကြောင်း သဘောသည်လည်းကောင်း၊ အကြင်ဒေါသ၏ကုန်ရာကုန်ကြောင်း သဘောသည်လည်းကောင်း၊ အကြင်မောဟ၏ကုန်ရာကုန်ကြောင်းသဘောသည်လည်းကောင်း၊ စင်စစ်ကေန်ရှိသည်မှန်၏။ ဤရာဂကုန်ရာ, ဒေါသကုန်ရာ, မောဟကုန်ရာ တရားသဘောကို အကြောင်းတရားတို့မပြုပြင်အပ်သောကြောင့် စင်စစ်မြတ်သောနိဗ္ဗာန်သဘောဟူ၍ မုချတပ်အပ်မှတ်သားပြောဆိုအပ်၏။' ဟုဟောတော်မူရာတွင်-

'နိဗ္ဗာန'ဟူသောပုဒ်သည်ပင်လျှင် **'အေးငြိမ်းခြင်း'**

သဘော **'မဖြစ်ငြိမ်း, မဖြစ်အေး'** သဘောပရမတ်သာဖြစ်၍ အရိယာဖြစ်သောပုဂ္ဂိုလ်ဘို့မသေမီ ကိလေသာအပူမီးတို့ အေးငြိမ်းပြီးဖြစ်သောကြောင့် ချမ်းသာ၏။ ပရိနိဗ္ဗာန်ပြုလျှင် ကိလေသာတို့ ဖြစ်ပွားခိုအောင်းရာ ဒုက္ခသစ္စာ ခန္ဓာအိမ်ပါ ချုပ်ဆုံးကွယ်ပျောက်သွားသောကြောင့် အလုံးစုံချမ်းသာ သွားသည်။ ဆင်းရဲအမှန်ဟုသတ်မှတ်ထားသော ဒုက္ခခန္ဓာ ပျက်စီးချုပ်ပျောက်ခြင်းသည် ဒုက္ခဓာတ်သိမ်းသွားခြင်းဖြစ်၍ နောင်တဖန် ဤဒုက္ခအိမ်မျိုးပြန်မဖြစ်တော့ရကား ဒုက္ခမရှိ တော့၍ ဒုက္ခငြိမ်းခြင်းကို ချမ်းသာသည်ဟုဆိုသည်။ သေ ပျောက်ပြီးမှ ရရာရောက်ရာ, ခံစားရာနိဗ္ဗာန်ကား လုံးဝ မရှိဟုမှတ်ရန်ဖြစ်သည်။

ဓမ္မစကြာနိရောဓသစ္စာဟောချက်တွင် ထိုကိလေသာ တဏှာ၏အကြွင်းအကျန်မရှိအောင် ချုပ်ငြိမ်းခြင်း(၅)မျိုး ဟောသည်မှာလည်း ကိလေသာငြိမ်းသော နိဗ္ဗာန်အတွက်သာ ဟောတော်မူသည်။

## 'နိရောဓနက် ဤ(၄)ချက်'

**မေး** ~ ယင်းနိရောဓသစ္စာနိဗ္ဗာန်ဟူသည် ထိုကိလေသာ တဏှာတို့ အဘယ့်ကြောင့် ကင်းရာ, ငြိမ်းရာ, ချုပ်ရာဖြစ် ပါသနည်း။

**ဖြေ** ~ အကြွင်တရားသဘောသည် လက္ခဏာ(၄)ပါးအနက်

(၄)ချက်နှင့်ပြည့်စုံ၏။ ထိုတရားသဘောသည် နိရောဓသစ္စာဖြစ်လေသည်။ အဘယ်သို့သော လက္ခဏာတို့နည်းဟူမူ ထိုနိရောဓသစ္စာဟူသည်-

၁။ 'နိဿရဏဋ္ဌ' နိရောဓသစ္စာဟူသောနိဗ္ဗာန်သည် ဝဋ္ဋသုံးပါးမှထွက်မြောက်ရာဖြစ်၍ ရုပ်နာမ်တရားအသစ်တို့ တဖန်မဖြစ်ပြန်ခြင်းသဘောအားဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

၂။ 'ဝိဝေကဋ္ဌ' နိရောဓသစ္စာဟူသောနိဗ္ဗာန်သည် ဝဋ္ဋသုံးပါးနှင့်မစပ်ယှဉ်သဖြင့် ရုပ်နာမ်တရားအသစ်ဖြစ်ရခြင်းမှကင်းဆိပ်ခြင်းသဘောအားဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

၃။ 'အသင်္ခတဋ္ဌ' နိရောဓသစ္စာဟူသောနိဗ္ဗာန်သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့တွင် မည်သည့်အကြောင်းတရားတစ်ပါးပါးမျှမပြုပြင်ရသဖြင့် ရုပ်နာမ်တရားအသစ်တို့ဖြစ်ပွားရန် မပြုပြင်ရခြင်းကြောင့် ချုပ်ငြိမ်းရာဖြစ်၏။

၄။ 'အမတဋ္ဌ' နိရောဓသစ္စာဟူသောနိဗ္ဗာန်သည် အိုခြင်း, သေခြင်း, သေကြေပျက်စီးခြင်းဟူသော ဖောက်ပြန်တတ်သောရုပ်နာမ်တရားတို့၏မရှိခြင်းကြောင့် အိုမှု, သေကြေပျက်စီးမှုမရှိခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ဝဋ္ဋသုံးပါးမှ ကင်းဆိပ်ခြင်းအကြောင်းတရားတို့သည် မပြုပြင်အပ်ခြင်း၊ သေကြေပျက်စီးမှုမရှိခြင်းဟူသော သုံးပါးသောအနက်သဘောတို့သည် အသင်္

တဓာတ်နိဗ္ဗာန်ဟူသောတရားမြတ်၌ အမြဲအစွဲ ခွဲခွာ၍ မရစကောင်းသောသဘောရင်းလက္ခဏာတို့ဖြစ်၍ ထိုသို့ဖြစ်ခြင်းကိုပင် နိဗ္ဗာနဓာတ်သည် **'နိဿရဏ္ဍ'** ထွက်မြောက်ရာဖြစ်၏။ **'ဒုက္ခနိရောဓ'** ရုပ်နာမ်တရားဟူသော ဒုက္ခ၏ချုပ်ရာဖြစ်၏။

ဤသို့လျှင် နိရောဓသစ္စာ၏အနက်(၄)ချက်တို့သည်-

**'တထာ'** - မှန်ကန်ကုန်၏။

**'အဝိတထာ'** - မချွတ်မယွင်းကုန်။

**'အနညထာ'** - ဝဋ်သုံးပါးမှမထွက်မြောက်ခြင်းဟူသောအနက်သဘောမှကင်းကုန်၏။

ဤနိရောဓသစ္စာ၏အနက်(၄)ချက်တို့တွင် **'နိဿရဏ္ဍ'** ဝဋ်သုံးပါးမှထွက်မြောက်ရာဖြစ်သော အနက်သဘောတစ်ခုသည်သာ နိရောဓသစ္စာနိဗ္ဗာန်၏မူလပဓာနအနက်ဖြစ်၏။ ကြွင်းသော **'ဝိဝေကဋ္ဌ'** စသောအနက်သုံးပါးသည်အခြင်းအရာအာကာရအနက်မည်၏။

သို့ဖြစ်၍အကြင်တရားသဘောသည် အထက်ကဆိုခဲ့သောလက္ခဏာ(၄)ပါး၊ အနက်(၄)ပါးနှင့်ပြည့်စုံ၏။ ထိုတရားသဘောသည် **'နိရောဓသစ္စာ'** ဆင်းရဲခပ်သိမ်းကင်းငြိမ်းရာကေန်စင်စစ်မှန်၏။ ထို့ကြောင့် တေဘူမကဟူသောသင်္ခါရဝဋ်တွင်းမှ လွတ်ကင်းရာဖြစ်သည့်အသင်္ခတဟူသော ဤနိဗ္ဗာန်(နိရောဓသစ္စာ)တရားသည် အမှန်(၄)ချက်၊ အနက်(၄)ပါးနှင့်

ပြည့်စုံသည်ဖြစ်ရကား(နိရောဓသစ္စာ)ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ 'နိဗ္ဗာန' ဟူသော လောကုတ္တရာဓမ္မအစစ်ပေတည်း။

'နိဗ္ဗာနံ မဂ္ဂဖလာန မာလမ္ဗဏဘူတော အသင်္ခတ ဓမ္မော' ဟူသည်နှင့်အညီ ပရမ သုခုမ သန္တသုခသဘောရှိ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့်သာ အာရုံပြုရာဖြစ်သောနိဗ္ဗာန်ဖြစ်၍ အာသဝပြောထူ ကိလေမျိုးတင်းကြမ်းနှင့် ပုထုဇ္ဇန်တို့ကား အရိယာတို့ပြောအပ်သောစကားကို မျှော်မှန်းရော်ယမ်းရုံမှတစ်ပါး ကိုယ်တိုင်မသိနိုင်ပေ။

လောကုတ္တရာဘုံသားဖြစ်သောအရိယာတို့မှာကား လောကုတ္တရာမဂ်စိတ်၏အခြားမဲ့၌ သက်ဆိုင်ရာဖိုလ်တို့၏ ဖလသမာပတ်, နိရောဓသမာပတ်အခိုက်အတန့်တွင် နိဗ္ဗာန်ကိုအတိအကျအာရုံပြုနိုင်ကြကုန်သည်ဖြစ်၍ ပြန်လည်၍ဟောကြားတော်မူနိုင်ကြပါကုန်၏။ ထို့ကြောင့် သဠာယတနသံယုတ်ပါဠိတော်တွင် ဇမ္ဗုခါဒက ပရိဗိုဇ်က အရှင်သာရိပုတ္တရာအား-

'ငါ့ရှင်သာရိပုတ္တရာ နိဗ္ဗာန် နိဗ္ဗာန်ဟူ၍ပြောကြဆိုကြပါကုန်သည်။ အဘယ်မည်သောတရားသည် ကိလေသာကင်းဝေးသည့်နိဗ္ဗာန်ဖြစ်ပါသနည်း။' ဟုမေးရာ

**အရှင်သာရိပုတ္တရာက-**

'ငါ့ရှင်ဇမ္ဗုခါဒက အကြင်ရာဂ၏ကုန်ရာသည်လည်းကောင်း၊ အကြင်ဒေါသ၏ကုန်ရာသည်လည်းကောင်း၊ အကြင်မောဟ၏ ကုန်ရာသည်လည်းကောင်း၊ တကယ်အားဖြင့်ရှိ၏။

ဤရာဂ, ဒေါသ, မောဟတို့ကုန်ရာကုန်ကြောင်း ပရမတ္ထ သဘာဝတရားသည် ကိလေသာကင်းဝေးသည့်နိဗ္ဗာန်တည်း။' ဟုအရှင်သာရိပုတ္တရာ ဖြေတော်မူသည်။

## 'အရေးကြီးသောနိဗ္ဗာန်'

ဤ၌ နိဗ္ဗာန်ဟူသည် 'ကိလေသနိဗ္ဗာန်, ခန္ဓနိဗ္ဗာန်' ဟူ၍ (၂)မျိုးရှိရာတွင် ကိလေသာအညစ်အကြေးတို့ချုပ်ငြိမ်း၍ နောက်ထပ်တဖန်ပြန်မပေါ်ဘဲ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ချုပ်ငြိမ်းရုပ်သိမ်းခြင်းသည် 'ကိလေသနိဗ္ဗာန်'မည်၏။ ဥပသမာ ယမည်၏။ ထိုကိလေသာတို့အားလုံး ချုပ်ငြိမ်းပြီးသောရဟန္တာ ပုဂ္ဂိုလ်အား ပရိနိဗ္ဗာန်ပြုမှသာလျှင် ခန္ဓနိဗ္ဗာန်ဖြစ်သည်။ အနုပါ ဒိသေသနိဗ္ဗာနဓာတ်ဖြစ်သွားသည်။ ပရိနိဗ္ဗာန်ပြုပြီးနောက် ရစရာ-ရောက်စရာ-တည်ရာမှီရာ ဘုံတစ်ခုမျှမရှိတော့ဘဲ (၃၁) ဘုံ ဒုက္ခသံသရာထဲတွင်မျိုးပြတ်၍ စာရင်းပျောက်သွားသည်ကို ခန္ဓပရိနိဗ္ဗာန်ဟုခေါ်သည်။

ဇမ္ဗုခါဒက ပရိဗိုဇ်အမေး၌ သေဆုံးချုပ်ပျောက်ပြီးသော မသိရ, မမြင်ရတော့သည့်ခန္ဓနိဗ္ဗာန်ကို ရည်ရွယ်၍မေးသည် မဟုတ်(သဉပါဒိသေသ)မျက်မှောက်ပစ္စက္ခတွင် သံဒိဋ္ဌိကဖြစ်၍ ထူးခြားလှသည့်ဗုဒ္ဓသာဝကတို့ထံတွင်မှ ကြားရနာရသော အေးငြိမ်းမှုသဘောကို ရည်ရွယ်၍မေးသောကြောင့် အရှင်သာရိပုတ္တရာက ကိလေသာဟူသော ရာဂ, ဒေါသ,

မောဟအပူအလောင်တို့ ကင်းဝေးနေသောအရိယာတို့သည်သာလျှင် ၎င်းတို့၏မဂ်အားလျော်စွာ ရအပ်သောဖိုလ်ဖြင့် အာရုံပြုရာ နိဗ္ဗာန်ကို ဟောကြားလေသည်။

၎င်းပြင် ရုပ်နာမ်ခန္ဓာသည် '**စိတ်, စေတသိက်,** ရုပ်'တည်းဟူသော သင်္ခတပရမတ်တို့စုပေါင်းထားသောတရားဖြစ်၍ 'ကံ, စိတ်, ဥတု, အာဟာရ' အကြောင်းတို့မကင်းပေ။ အကြောင်းမကင်း၍ပြုပြင်နေရသမျှသည် ဒုက္ခသစ္စာချည်းဖြစ်သည်။ နိဗ္ဗာန်ဟူသည် ထိုဒုက္ခတို့ချုပ်ငြိမ်းခြင်းကြောင့် အကြောင်းတရားတို့ပါ ပြုပြင်မှုမရှိသောကြောင့် '**အသင်္ခတဓမ္မာ**' ပရမတ္ထသဘာဝအစစ်သာဖြစ်သည်။

ဒုက္ခနိရောဓကား အရိယာတို့၏အမှန်အကန်ကိုသိတတ်သောဉာဏ်မျက်စိဖြင့် သိအပ်မြင်အပ်သောပရမတ္ထဓမ္မကို တဏှာ, မာန, ဒိဋ္ဌိအစွန်းအငြိရှိသူ ပုထုဇ္ဇန်ဟူသမျှတို့၏ သာမာန်အသိဉာဏ်မျိုးနှင့် မြင်နိုင်သိနိုင်သော သဘောမရှိသဖြင့် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့အား ရှေးဦးစွာ '**ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ**' စသည်ဖြင့် အစွန်းအစွဲပြုတ်အောင် ဟောကြားတော်မူထားရကား လောကုတ္တရာ အသင်္ခတပရမတ်နိဗ္ဗာန်ကို '**ဒုက္ခနိရောဓ**' ဟုသုံးနှုန်း၍ဟောသည်ကိုကြည့်လျှင် ရုပ်နာမ်ဒုက္ခချုပ်ဆုံးအောင် သိရမည့်တရားဖြစ်ကြောင်း သဘောပေါက်နားလည်းနိုင်ကြပါစေကုန်။

**" ထိုတဏှာဟာကင်းဝေးပြတ်ရင် - နိဗ္ဗာန်အရပ်ရောက်လိမ့်မည်။**

**သုံးပါးတဏှာချုပ်လေတော့မှ - ဘဝဇာတ်သိမ်းငြိမ်းရမည်။**
**တဏှာချုပ်ထာနိရောဓပေါ့ - ဒုက္ခမှန်သမျှအေးတော့သည်။**
**ဖြစ်ချင်မရှိ ချုပ်ဆုံး၏ - ရောက်ဘိနိဗ္ဗာန်ပြည်။**
**အဲဒါမှ...သစ္စာဓမ္မနိရောဓ ခေါ်ပါသည်။**
**တဏှာဆိုတာတပန်ကင်းလို့ - အကြွင်းမရှိချုပ်ရသည်။**
**တပ်မက်ကင်းကွာချုပ်တာတွေ့မှ - နိရောဓစစ်မှန်တော့သည်။**
**ဝေးစွာစွန့်ရာတဏှာကင်းတော့ - မုတ္တိလွတ်ခြင်းရှိလေသည်။**
**မောက်ပြန်မရှိ မြတ်စွာ၏ - တွေ့ဘိနိဗ္ဗာန်ပြည်။**
**အဲဒါမှ...သစ္စာဓမ္မနိရောဓ ခေါ်ပါသည်။**

## 'မဂ္ဂသစ္စာ ဉာဏ်(၈)ဖြာ'

**မေး** ~ သစ္စာလေးပါးတွင် နောက်ဆုံးဖြစ်သော(ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ)မဂ္ဂသစ္စာအကြောင်းပြောပြစေလိုပါသည်။

**ဖြေ** ~ ဤမဂ္ဂသစ္စာဟူသော မဂ္ဂင်ရှစ်ပါးအကျင့်တရားသည် ဗုဒ္ဓ သာသနာတစ်ရပ်လုံးအတွက် အရေးအကြီးဆုံးသော ကျင့်စဉ်လမ်းကြီးဖြစ်ပါသည်။ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တွင် ဗုဒ္ဓသာသနာတစ်ရပ်လုံး၏အသဲနှလုံးနှင့် တူသောအကျင့်လမ်းသည် ဤမဂ္ဂင်ရှစ်ရပ်မှလွဲ၍ အခြားမရှိပေ။ ထိုအကျင့်လမ်းစဉ်မှန်ပါမှ ဗုဒ္ဓသာသနာ၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်။ ထိုအကျင့်မဂ္ဂင် လမ်းချော်လမ်းလွဲနေရာမကျပါက လိုအပ်သောကိစ္စမပြီးနိုင်ချေ။ ထို့ကြောင့် ဤမဂ္ဂသစ္စာလမ်းမှန်ရန် ဤသာသနာတွင် အလွန်အရေးကြီးပါသည်။

**မေး** ~ ထိုမဂ္ဂသစ္စာအကျင့်လမ်းစဉ်တွင် ပါဝင်သောတရားများကိုပြောပြပါ။

**ဖြေ** ~ 'သမ္မာသင်္ကပ္ပ' မှန်သောအမြင်၊
'သမ္မာသင်္ကပ္ပ' မှန်သောအကြံ၊
'သမ္မာဝါစာ' မှန်သောပြောဆိုမှု၊
'သမ္မာကမ္မန္တ' မှန်သောပြုလုပ်မှု၊
'သမ္မာအာဇီဝ' မှန်သောအသက်မွေးမှု၊
'သမ္မာဝါယာမ' မှန်သောကြိုးပမ်းမှု၊
'သမ္မာသတိ' မှန်သောမမေ့မှု၊
'သမ္မာသမာဓိ' မှန်သောတည်ငြိမ်မှုတို့ဖြစ်ပါသည်။

**မေး** ~ ၎င်းရှစ်ပါးတို့၏အဓိပ္ပါယ်ကို တစ်ခုစီပြောပြပါ။

## 'သမ္မာဒိဋ္ဌိ ဤသို့သိ'

**မေး** ~ ရှေးဦးစွာ ထိုမဂ္ဂင်အဖွဲ့၏ခေါင်းဆောင် 'သမ္မာဒိဋ္ဌိ' ကိုပြောပြပါမည်။ သမ္မာဒိဋ္ဌိဆိုသည်မှာ 'မှန်သောအမြင်, အမှန်မြင်မှု' ကိုဆိုပါသည်။

**ဖြေ** ~ အချို့စာအုပ်များတွင် 'သမ္မာဒိဋ္ဌိ'ကို 'ကောင်းသောအမြင်, ကောင်းစွာမြင်ခြင်း' စသည်ဖြင့်ရေးသားဖွင့်ဆိုကြပါသည်။ ယခု 'မှန်သောအမြင်, အမြင်မှန်မှု' ဆိုသည်နှင့်မည်သို့ခြားနားပါသနည်း။

**မေး** ~ အမှန်ဟူ၍သုံးရသော အထောက်အထားကိုဖော်ပြပါ။

**ဖြေ** ~ မဟာဝဂ္ဂသံယုတ်ပါဠိတော်မဂ္ဂသံယုတ်တွင် မိစ္ဆာမဂ္ဂင် ရှစ်ပါး၊ သမ္မာမဂ္ဂင်ရှစ်ပါးစသည်အားဖြင့် အများအပြား ဟောပါသည်။ မိစ္ဆာဟူသောပါဠိကိုအနက်ပြန်ရာ၌ 'မကောင်း သော'ဟုအနက် မပြန်ကြပါ 'မှားသော' ဟုပြန်ပါသည်။ 'သမ္မာ'ကျမှ 'ကောင်းသော'ဟု အနက်ပြန်ကြသည်မှာ အံ့သြ စရာဖြစ်ပါသည်။ ၎င်းပြင် မဟာဝဂ္ဂသတိပဋ္ဌာန်ပါဠိတော် မဂ္ဂသစ္စနိဒ္ဒေသတွင် -

**'ကတမာစဘိက္ခဝေ သမ္မာဒိဋ္ဌိ ယံခေါဘိက္ခဝေ ဒုက္ခေ ဉာဏံ။လ။ အယံဝုစ္စတိဘိက္ခဝေ သမ္မာဒိဋ္ဌိ'** (၂၄၉)

'ချစ်သားတို့အဘယ်မည်သောတရားသည်(တစ်နည်း) အဘယ်ကဲ့သို့မြင်သောအမြင်သည်(သမ္မာဒိဋ္ဌိ)အမှန်ကို မြင်ခြင်း ဖြစ်သနည်း။

(၁) ဒုက္ခသစ္စာဟူသောဆင်းရဲအမှန်ကို **'ဆင်းရဲအမှန်'**ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်လည်းကောင်း။

(၂) ဒုက္ခဖြစ်ကြောင်းသမုဒယသစ္စာကို 'ဆင်းရဲဖြစ်ကြောင်း အမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်လည်း ကောင်း။

(၃) နိရောဓသစ္စာဟူသောဆင်းရဲချုပ်ရာအမှန်ကို 'ဆင်းရဲ ချုပ်ရာအမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည် လည်းကောင်း။

(၄) မဂ္ဂသစ္စာဟူသောဆင်းရဲချုပ်ကြောင်းလမ်းကောင်း အမှန်ကို'ဆင်းရဲချုပ်ကြောင်းလမ်းကောင်းအမှန်' ဟု ပိုင်းခြားထင်ထင်သိမြင်ခြင်းသည်လည်းကောင်း။

ယင်းသို့ (သစ္စာလေးပါး) အမှန်တရားတို့ကို အမှန်အတိုင်း သိခြင်း, မြင်ခြင်းကို 'သမ္မာဒိဋ္ဌိ' 'မှန်သောအမြင်, အမှန်မြင်မှု' ဟုဆိုအပ်၏။ ဤနေရာတွင် သမ္မာဒိဋ္ဌိ၏အမြင်မှာ 'ကောင်း သောတရားတွေကို မြင်သောအမြင်မဟုတ်' ခန္ဓာ၏အမှန် တရားကိုသာ အမှန်အတိုင်းရှုမြင်ခြင်းဖြစ်သောကြောင့် လည်းကောင်း၊ ဤသစ္စာကို ရှုမြင်သော သမ္မာဒိဋ္ဌိသည် အနည်းဆုံးရုပ်နာမ်ပရမတ်ကိုသာ သိမြင်နေရသဖြင့် ပရမတ် ဟူသည်မှာလည်း ခန္ဓာ၏အမှန်ဆုံးတရားဖြစ်၍ ပရမတ်ကို မြင်သောသမ္မာဒိဋ္ဌိသည် အမှန်ကိုမြင်သော အမြင်ဟူ၍သာ အနက်အဓိပ္ပါယ်ပြန်ရမည်ဖြစ်ပါသည်။ အနီးကပ်ဆုံးမှာ 'မိစ္ဆာဒိဋ္ဌိ' ကို 'မကောင်းသောအမြင်'ဟုအနက်ပြန်ကြချိန်တွင် 'သမ္မာဒိဋ္ဌိ'ကို 'ကောင်းသောအမြင်'ဟု အနက်ပြန်နေသော ကြောင့် 'သမ္မာဒိဋ္ဌိ'ကို 'မှန်သောအမြင်' တနည်းအဓိပ္ပါယ် ရအောင်ပြန်လျှင် 'မှန်သောပရမတ်ကို မှန်သောသစ္စာကို အမှန်အတိုင်းမြင်တတ်သောအမှန်မြင်' ဖြစ်ပါသည်။

**မေး** ~ မဂ္ဂသစ္စာ၏အဖွဲ့တွင် မဂ္ဂင်ရှစ်ပါးပါဝင်ပေရာ ထိုမဂ္ဂင် ရှစ်ပါးကိုပင် သိက္ခာသုံးပါးနှင့် ဝေဖန်ရာတွင် သီလမဂ္ဂင်(၃)ပါး၊ သမာဓိမဂ္ဂင်(၃)ပါး၊ ပညာမဂ္ဂင်(၂)ပါး အသီးသီးပါဝင်ပေရာ

သီလ, သမာဓိ, ပညာအစုံပင်ပါရှိသော သာသနာတော်မြတ် ဖြစ်သည်နှင့်အညီ အခြေခံဖြစ်သောသီလမဂ္ဂင်ကို ရှေးဦးစွာ မဟောပါဘဲ ပညာဟူသောအထက်တန်းမဂ္ဂင်ကို ရှေးဦးစွာ ဟောသည်မှာ အကြောင်းထူးရှိပါသလား။

**ဖြေ** ~ ပညာမဂ္ဂင်ကို ရှေးဦးစွာဟောသည်မှာ အကြောင်းထူး မဟုတ်ပါ။ ဤမဂ္ဂသစ္စာမဇ္ဈိမပဋိပဒါခေါင်းဆောင် သမ္မာဒိဋ္ဌိ သည် အခြားသော 'ကမ္မဿကတာသမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိ' စသော အောက်တန်းသမ္မာဒိဋ္ဌိတို့နှင့်မတူ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လောက်သောလုပ်ငန်း, အလုပ်စခန်းသက် သက်ဖြစ်၍ ထိုနိဗ္ဗာန်သို့သွားကြောင်းအလုပ်ကို လုပ်နေသော ယောဂီအတွက် ရှေးဦးစွာ ခန္ဓာ၏အမှန်တရားကို အမှန်အတိုင်း ရှုမြင်နိုင်ငရန်-

'ဒုက္ခေဉာဏန္တိအာဒိနာ စတုသစ္စကမ္မဋ္ဌာနံ ဒဿိတံ' ဟု အဋ္ဌကထာပြသောအတိုင်း သမ္မာဒိဋ္ဌိကသာခေါင်းဆောင် ၍ရှုရသည်။ ၎င်းပြင် ဤဓမ္မစက္ကပဝတ္တနသုတ်ကို ဟောဖော် ရာ၌ မြတ်စွာဘုရားသည် လုပ်ငန်းကိုတိုက်ရိုက်ညွှန်ပြသော (ပဋိပတ္တိက္ကမ)နည်းကိုအသုံးပြုထားသည်။ သာသနာတော်တွင် အဲရေအတွက်ကိုအသုံးပြုရာတွင်လည်းကောင်း၊ သမထယျာ နိက နေရာတွင်လည်းကောင်း၊ ထိုနေရာများတွင်သာ ၎င်းတို့နှင့် လျော်ရာမဂ္ဂင်ကို ဦးစားထား၍ ဝိပဿနာဟူသောနေရာတိုင်း တွင် 'သမ္မာဒိဋ္ဌိ' ဟူသော ခန္ဓာပရမတ်သဘောတရားအမြင်ကို

သာလျှင် အရေးတကြီးဟောကြောင်း ပါဠိတော်များတွင် အများအပြားပင်တွေ့နိုင်ပါသည်။ ထိုအစီအစဉ် ထိုစကားရပ်သည် အလွန်မှန်ကန်၍သဘာဝကျပါသည်။ မိမိတို့၏ခန္ဓာငါးပါး ရုပ်နာမ်တရားအမှန်ကို အမှန်မြင်တတ်မှု(သမ္မာဒိဋ္ဌိ)မရှိသော 'အဿုတဝါပုထုဇ္ဇနော' ပုထုဇ္ဇန်သည် (ရုပ်အတ္တဟောသမနုပဿတိ)မြင်အပ်သောပရမတ်အမှန်ကို အမှန်မမြင်ဘဲ မမြင်မသိအပ်သောမိန်းမယောကျ်ားစသော ပညတ်အမှားကို မြင်သိမှုကြောင့် 'သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ' ဖြစ်လေသည်။

တရားအားထုတ်သူ မဂ္ဂသစ္စာဘာဝနာအလုပ်လုပ်သူသည် ရှေးဦးစွာ သောတာပန်အရိယာဖြစ်ရန် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိပြုတ်ဖို့လိုသည်။ ထိုဒိဋ္ဌိမျိုးပြုတ်ရန် ခန္ဓာပရမတ်ကို အမှန်မြင်ရမည်ဖြစ်၍ ဤသမ္မာဒိဋ္ဌိကို အရေးကြီးစွာထား၍ ဟောရလေသည်။ ထို့ကြောင့်-

'နိဗ္ဗာနာဓိဂမာယ ပဋိပန္နဿယောဂိနော ဗဟူပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိဒေသိတာ' (သမ္မော၌-၁၀၈၊ ပဋိသံ၌-၁၅၀)

'နိဗ္ဗာန်ရခြင်းငှာကျင့်ကြံအားထုတ်သောယောဂီအား အမှန်ကိုသိရသဖြင့် အလွန်ကျေးဇူးများသည်၏အဖြစ်ကြောင့် အမှန်မြင်မှု(သမ္မာဒိဋ္ဌိ)ကို မြတ်စွာဘုရားသည် ရှေးဦးစွာ ဟောတော်မူအပ်၏'ဟု ညွှန်ပြတော်မူသည့်အတိုင်း ရုပ်နာမ် ခန္ဓာ၏ပရမတ်သဘောကို နိဗ္ဗာန်ကို အလိုရှိ၍အားထုတ်သူ

သည် ရှေးဦးစွာထိုအရှိပရမတ်ကို အရှိအတိုင်း, အမှန်အတိုင်း မြင်မှ, သိမှဝိပဿနာအလုပ်စခန်းကို စတင်နိုင်မည်ဖြစ်၍ ထိုရုပ်နာမ်တို့၏ပရမတ်သဘောမှန်ကို မသိမမြင်က မည်သည့် နည်းနှင့်မျှ ဝိပဿနာအလုပ်သဘောတည်ထောင်၍မရနိုင် သောကြောင့် မြတ်စွာဘုရားသည် အားထုတ်သူယောဂီအား အလုပ်စခန်းတွင် အလွန်ကျေးဇူးများသောကြောင့် သမ္မာဒိဋ္ဌိကို အရေးတကြီး ရှေးဦးစွာဟောတော်မူရပါသည်။

## ‘သင်္ကပ္ပကို ကြံမည်ဆို’

**မေး** ~ သမ္မာဒိဋ္ဌိကိုပြပြီး နောက်တွဲဖက်ဖြစ်သော သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိက ခန္ဓာပရမတ်ကိုရှုမြင်ရာ၌ မည်သို့ အကူအညီပေးနိုင်ပါသနည်း။

**ဖြေ** ~ သမ္မာသင်္ကပ္ပလည်း ‘မှန်သောအကြံ, မှန်စွာကြံခြင်း’ ဟု အနက်ပေးပါသည်။ ခန္ဓာပရမတ်ကိုရှုမြင်ရာ၌ အမှန်တရားကို အမှန်အတိုင်းသိရန်စီစဉ်ပေးမှု၊ ရှာဖွေပေးမှုသည် ‘သမ္မာသင်္ကပ္ပ’၏လုပ်ငန်းဖြစ်လေသည်။ ကြံစည်ခြင်းသည် သုံးမျိုး ရှိပါသည်။ ၎င်းတို့ကို ပါဠိတော်၌ -

၁။ ‘နေက္ခမ္မသင်္ကပ္ပေါ’ အာရုံငါးပါးမှထွက်မြောက်ရန်ကြံမှု။

၂။ ‘အဗျာပါဒသင်္ကပ္ပေါ’ ဒေါသတရားမှ ထွက်မြောက်ရန် ကြံမှု။

၃။ 'အဝိဟိတ်သာသက်ပွေါ' ညှင်းဆဲခြင်းမှ ထွက်မြောက်ရန် ကြံမှု။

ယင်းသို့ထွက်မြောက်ရာကြံခြင်း(၃)ပါးကို 'သမ္မာသင်္ကပ္ပ' 'မှန်သောအကြံ အမှန်ကိုကြံစည်မှု' ဟုခေါ်ဆိုအပ်၏။ ထိုသမ္မာသင်္ကပ္ပသည်လည်း သမ္မာဒိဋ္ဌိနှင့်တွဲဖက်၍ တာဝန်ယူရသော ပညာမဂ္ဂင်ဖြစ် သောကြောင့် ရုပ်နာမ်ပရမတ်တို့၏ဒုက္ခသစ္စာကို သမ္မာဒိဋ္ဌိအနေနှင့် မြင်အောင်ရှုနိုင်မှုသည် တွဲဖက်သမ္မာသင်္ကပ္ပ အကူအညီကို အများဆုံးယူရလေသည်။ မူလပဏ္ဏာသဋ္ဌကထာ စူဠဝေဒလ္လသုတ်အဖွင့်တွင်ကား-

'သမ္မာဒိဋ္ဌိဟူသောပညာသည် ရင်း၏ပင်ကိုသဘာဝ အနေနှင့် ရုပ်နာမ်ခန္ဓာတို့၏သဘောတရား အနိစ္စ, ဒုက္ခ, အနတ္တဟူသော(ဖြစ်ပျက်သဘော)ကို ဟုတ်မှန်သောအတိုင်း မဆုံးဖြတ်နိုင်ပေ။ သမ္မာသင်္ကပ္ပသည် ထိုထိုရုပ်နာမ်ခန္ဓာတို့၏ သဘာဝအမှန်ကို အမှန်အတိုင်းသိနိုင်ရန် စူးစမ်း၍, ကြံစည်၍, ဆောင်နှင်း, ရှာဖွေ၍ပေးအပ်သော်သာလျှင် ထိုရုပ်နာမ်ခန္ဓာ တို့၏သဘာဝတရားကို သမ္မာဒိဋ္ဌိက အမှန်အတိုင်းမြင်အောင် ရှုနိုင်ပေသည်။ ထို့ကြောင့်သာလျှင် သမ္မာဒိဋ္ဌိ၏မှန်သောအမြင် အတိုင်း သိမြင်ဆုံးဖြတ်ခြင်း၌ မြဲမြံခိုင်ခန့်စေခြင်းငှာ အားပေး ကူညီသော သမ္မာသင်္ကပ္ပကိုလည်း ပညာမဂ္ဂင်နေရာ၌ ထည့် သွင်းရေတွက်ရကြောင်း' ညွှန်ပြပါသည်။

## 'သီလမဂ္ဂင် (၃)ပါးပင်'

**မေး** ~ ဓမ္မစကြာပါဠိတော်အရ သမ္မာဝါစာသဘောကား အဘယ်ပါနည်း။

**ဖြေ** ~ သမ္မာဝါစာဟူသည် 'မှန်သောပြောဆိုမှု, မှန်သောနှုတ်မှု' ဟုဆိုပါသည်။ ပါဠိတော်တွင် ဝစီကံလေးပါး ရှောင်ကြဉ်မှုကို သမ္မာဝါစာခေါ်သည်ဟု ဟောထားပါသည်။ အဘယ်သည်တို့နည်းဟူမူ-

၁။ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ချောပစ်ကုံးတိုက်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ရုန့်ရင်းကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ မင်္ဂလာပိုလ်မှ ဖီလာဖြစ်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

ယင်းကဲ့သို့ အသက်မွေးကြောင်းမဟုတ်ဘဲ ပြောဆိုအပ်သော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းကို 'သမ္မာဝါစာ' မှန်သောပြောဆိုမှု, မှန်သောနှုတ်မှု ဟုခေါ်ဆိုအပ်၏။

(ဤဝစီကံ 'နှုတ်မှု'သည် မဂ္ဂင်ထိုက်သော သီလက္ခန္ဓတွင် ပါဝင်နေသဖြင့် မဂ္ဂင်အလုပ်ကို အားထုတ်သောယောဂီတို့သည် အပြောအဆို သတိထားအပ်လေသည်။ ကမ္မဋ္ဌာန်းခွင်သို့

အလုပ်ဝင်နေသော ယောဂီတို့အတွက် တရားအစစ်ဆေးခံသောအခါမှတစ်ပါး လုံးဝ စကားမပြောလျှင် ကောင်းသည်၊ စကားပြောခြင်းသည် အပြင်အာရုံသို့စိတ်ရောက်ပြီး ပြောရသောကြောင့် ခန္ဓာတွင်းသို့ ဉာဏ်သွင်းကာ ရှုရသောယောဂီများအတွက် မြတ်စွာဘုရားသည် 'နဘဿာရာမတာ' ဟု ပညတ်ချက်ထားတော်မူသည်။ မှန်ပါသည်။ ဤနှုတ်မှု စောင့်ထိန်းသောသီလသည် တရားအားထုတ်နေသောယောဂီတွင် မစောင့်စည်းက အခြေခံသီလဝိသုဒ္ဓိထိခိုက်နိုင်သည်။ လောကုတ္တရာ မဂ်သို့ရောက်မှ သီလကိစ္စလုံးခြုံမှုစိတ်ချရပါသည်။)

**မေး** ~ သီလမဂ္ဂင်တွင်ပါဝင်သော 'သမ္မာကမ္မန္တ' မဂ္ဂင်ဆိုသည်မှာ အဘယ်နည်း။

**ဖြေ** ~ သီလဆိုသည်မှာ 'ဝိရတိ' မျိုးဖြစ်၍ ဝစီဒုစရိုက်(၄)ပါးကို ရှောင်ကြဉ်ခြင်းအားဖြင့် 'သမ္မာဝါစာဝိရတိ' ဖြစ်လျှင် ကာယဒုစရိုက်(၃)ပါးကို ရှောင်ကြဉ်ခြင်းလည်း 'သမ္မာကမ္မန္တဝိရတိ' ဖြစ်ပါသည်။

**မေး** ~ ရှောင်ကြဉ်ရမည့် သမ္မာကမ္မန္တဟူသည် အဘယ်နည်း။ သရုပ်နှင့်သဘောကိုပြောပြပါ။

**ဖြေ** ~ သမ္မာကမ္မန္တဟူသည်မှာ ကိုယ်ဖြင့်ပြုအပ်သော-

၁။ သတ္တဝါ၏အသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းအားဖြင့်(၃)ပါးဖြစ်ပါသည်။ ယင်းကဲ့သို့ အသက်မွေးခြင်းလျှင် အကြောင်းမရှိသော ကိုယ်ဖြင့်ပြုလုပ်အပ်သည့် 'ကာယဒုစရိုက်(၃)ပါး'မှရှောင်ကြဉ်၍ပြုလုပ်ခြင်းကို ဝါ-ကာယဒုစရိုက်(၃)ပါးမပြုမလုပ်ဘဲ ကာယ ဒုစရိုက်မဖြစ်အောင် ရှောင်ကြဉ်၍နေခြင်းကို 'သမ္မာကမ္မန္တ' မှန်သောကိုယ်အမှုဟုခေါ်ဆိုအပ်၏။ ထိုကာယဖြင့်ပြုလုပ်အပ်သော ကာယဒုစရိုက် ကိုယ်အမှုသည်လည်း သမ္မာဝါစာကဲ့သို့ပင် သီလက္ခန္ဓအစုထဲ ပါဝင်နေသောကြောင့် အထူးစောင့်ထိန်းအပ်သောသီလပင်ဖြစ်ပါသည်။

**မေး** ~ သီလမဂ္ဂင်၏နောက်ဆုံးဖြစ်သော 'သမ္မာအာဇီဝဝိရတိ' ကို သိလိုပါသည်။

**ဖြေ** ~ သမ္မာအာဇီဝကို သတိပဋ္ဌာန်ပါဠိတော်တွင် မြတ်စွာဘုရားဟောတော်မူရာ၌ 'ချစ်သားတို့အဘယ်မည်သောတရားသည် တစ်နည်းအဘယ်ကဲ့သို့သော အသက်မွေးမှုသည် 'မှန်သောအသက်မွေးမှု' (သမ္မာအာဇီဝ)ဖြစ်ပါသနည်းဟုမူ ဤငါဘုရား၏အဆုံးအမသာသနာတော်၌ မြတ်သောအရိယာ၏တပည့်သည် ဝစီဒုစရိုက်(၄)ပါး၊ ကာယဒုစရိုက်(၃)ပါးဟူသောဒုစရိုက်(၇)ပါး အကုသိုလ်တရားတို့ဖြင့် အသက်မွေးခြင်းကိုမပြုမူ၍ ထိုတရားတို့ကိုရှောင်ကြဉ်လျက် အသက်မွေးခြင်းကို (သမ္မာအာဇီဝ) 'မှန်သောအသက်မွေးမှု' ဟုခေါ်ဆို

အပ်၏။' ဟုဟောတော်မူသည်။

**မေး** ~ သမ္မာအာဇီဝကို 'ကောင်းသောကုန်သွယ်ခြင်း, ကောင်းသောလယ်လုပ်ခြင်း' ကိုခေါ်သည်ဟု အချို့လူတို့ မှတ်ယူကြပါသည်။ သမ္မာအာဇီဝ၏သဘောသရုပ်ကို ရှင်းလင်းစွာ သိချင်ပါသည်။

**ဖြေ** ~ မဟာဝဂ္ဂပါဠိတော် သတိပဋ္ဌာနသုတ်(၂၅၀)တွင် 'သမ္မာအာဇီဝ'အကြောင်းကို ပြောပြခဲ့ပြီးဖြစ်သည်။ 'ကောင်းသောကုန်သွယ်ခြင်း၊ ကောင်းသောလယ်လုပ်ခြင်း'ဟုဆိုရာ၌ 'ဒုစရိုက်' မပါမှကောင်းသည် 'ဒုစရိုက်'နှင့်လုပ်လျှင် မကောင်းပေ။ သမ္မာအာဇီဝဟူသည် မကောင်းသောဝစီဒုစရိုက်(၄)ပါး၊ မကောင်းသောကာယဒုစရိုက်(၃)ပါး၊ ယင်းမကောင်းသော ဒုစရိုက်(၇)ပါးကို ရှောင်ကြဉ်လျှင် တစ်နည်း ယင်းအကုသိုလ် ဒုစရိုက်(၇)ပါးနှင့် အသက်မမွေးလျှင် 'သမ္မာအာဇီဝဝိရတိ' ဖြစ်ပါသည်။

ထိုကာယဝစီဒုစရိုက်(၇)ပါးနှင့် အသက်မွေးလျှင်ကား မည်သို့မျှ 'သမ္မာအာဇီဝ' မဟုတ်ပေ။ ထို့ကြောင့်ပင်လျှင် သီလမဂ္ဂင်တို့ပြည့်စုံစွာပါရှိရမည့် တရားအားထုတ်သောယောဂီများအတွက် 'အာဇီဝဋ္ဌမကသီလ'ကို စောင့်ထိန်းရသည်။ အာဇီဝဋ္ဌမကသီလဆိုသည်မှာ-

မဂ္ဂင်အားဖြင့် - သမ္မာဝါစာ
သမ္မာကမ္မန္တ
သမ္မာအာဇီဝ

သိက္ခာပုဒ်အားဖြင့် - ရှောင်ကြဉ်အပ်သော 'ကာယ, ဝစီ' ဒုစရိုက်(၇)ပါးနှင့် ထိုဒုစရိုက်နှင့် အသက်မွေးမှု။

ဟူ၍(၈)ပါးဖြစ်ရကား ၎င်းသီလကို 'အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်၍ အာဇီဝဋ္ဌမကသီလ' ဟုခေါ်ပါသည်။ ၎င်းအာဇီဝဋ္ဌမကသီလသည် မဂ္ဂင်(၃)ပါးပါသောသီလဖြစ်သောကြောင့် တရားအားထုတ်သောယောဂီများ ဤ'အာဇီဝဋ္ဌမကသီလကို မစောင့်လျှင်(သို့မဟုတ်)မလုံခြုံလျှင်(သို့မဟုတ်)ဂရုမစိုက်လျှင်' သီလမဂ္ဂင် ချွတ်ယွင်းသည်။ အရိယာမဂ်နှင့်ဝေးကွာပြီဟု သိဖို့လိုသည်။

(သတိပဋ္ဌာန်သံယုတ်ဝိဘင်္ဂသုတ်)

## 'အာဇီဝဋ္ဌမက မဂ်သီလ'

**မေး** ~ အချို့က အာဇီဝဋ္ဌမကသီလဆိုသည်မှာ 'ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါး၊ မနောဒုစရိုက်(၃)ပါး'အားဖြင့် ဒုစရိုက်(၁၀)ပါးလုံးရှောင်ကြဉ်မှု စောင့်ထိန်းမှု အာဇီဝဋ္ဌမကသီလခေါ်သည်ဟုပြောဆိုကြပါသည် မှတ်ယူကြပါသည်။ ကျင့်သုံးနေကြပါသည်။ မှန်ကန်သောအဆုံးအဖြတ်ကို ရလိုပါသည်။

**ဖြေ** ~ ဤနေရာတွင် ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏သီလဝိနိစ္ဆယကို ဖော်ပြသင့်ပေသည်။

'မနောသုစရိုက်သီလကုသိုလ်မဟုတ် အချို့သောဆရာတို့ကား-

အဘိဇ္ဈာယ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
ဗျာပါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊
မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊

ဟုခံယူဆောက်တည်စေကြကုန်၏။ သုစရိုက်ဆယ်ပါးတွင် နောက်ဆုံးဖြစ်သော မနောသုစရိုက်(၃)ပါးသည် သီလကုသိုလ်မျိုးပင်မဟုတ်။ ဝေရမဏီတရားမျိုးပင်မဟုတ်။ ဝိရတိသီလတရားမျိုးပင်မဟုတ်။

အနဘိဇ္ဈာဆိုသည်ကား အလောဘတရားတည်း။
အဗျာပါဒဆိုသည်ကား အဒေါသတရားတည်း။
သမ္မာဒိဋ္ဌိဆိုသည်ကား အမောဟတရားတည်း။

မိမိအဇ္ဈတ္တသန္တာန်၌ ပွားများစေတတ်သော မနောသံဝရတရားမျိုးသာဖြစ်၏။ ဝေရမဏီဆို၍ဆောက်တည်ရသော ကာယသံဝရ၊ ဝါစာသံဝရတရားမျိုးမဟုတ်။

ဆောက်တည်ခဲ့သော် အပြစ်ရှိသလောဆိုမူ အကုသိုလ်အပြစ်ကားမရှိ။ ကုသိုလ်ရသောအမှုပင်ဖြစ်၏။ သို့သော်လည်းသာသနာ၌ အစဉ်ထာဝရလာခဲ့သော ဂဟဋ္ဌသသီလ တိမ်မြုပ်ရန်ရှိသောအပြစ်၊ ဝေရမဏီသီလမျိုးမဟုတ်သော မနောသုစရိုက်(၃)ပါးကိုသီလဆို၍ ဝေရမဏီသဒ္ဒါနှင့် ခံယူကြသည့်အတွက် 'ဓမ္မတန္တိ , ဓမ္မပဝေဏီတို့၌ မကျွမ်းကျင်ရှာလေ'

ဟုပညာရှိပုဂ္ဂိုလ်တို့ပြောဆိုရန် အပြစ်ရှိသတည်း။'

(ဤကား 'သီလဝိနိစ္ဆယ-၁၀၅'မှကူးယူဖော်ပြချက်ဖြစ်သည်။)

စင်စစ်သီလဆိုသည်မှာ 'သီလနဋ္ဌေနသီလံ' ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၈၊ 'သီလတီတိသီလံ' ဝိဘာဝနီဋီကာ-၁၄၂။

'ကောင်းစွာစောင့်ရှောက်ထားခြင်းအနက်ကြောင့် သီလမည်၏။'

'ဘာကိုကောင်းစွာစောင့်ရှောက်ထားသနည်း။'

'ကာယဝစီကမ္မာနိသမာဒဟတိ သမာဒပေတီတိအတ္ထော'

(ဋီ-၁၄၂)

'ကာယကံ, ဝစီကံတို့ကို မလွန်ကျူးမိရန်ကောင်းစွာထားခြင်းအနက်' ဟူ၍မနောကံမပါကြောင်းကိုဆိုကြသည်။

ပါတိမောက္ခသံဝရသီလဖြစ်သော ဝိနည်းပါဠိတော်အဖွင့်များ၌လည်း 'ကာယကမ္မံ, ဝစီကမ္မံ, ကာယဝစီကမ္မံ'ဟူ၍သာဆိုရိုးရှိခဲ့သည်။ 'မနောကမ္မံ'ဟူ၍သီလနေရာတွင် လုံးဝဆိုရိုးမရှိချေ။

ဥပရိပဏ္ဏာသပါဠိတော် မဟာသဠာယတနိကသုတ်တွင်မြတ်စွာဘုရားသည်လည်း သီလမဂ္ဂင်နှင့်ပတ်သက်၍ဟောရာ၌-

'ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါသုပရိသုဒ္ဓေါဟောတိ' (၃၃၇)ဟူ၍ဟောတော်မူရကား-

သီလဟူသည် 'ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါး၊

ယင်း(၇)ပါးနှင့်အသက်မွေးဝမ်းကြောင်းမပြုသောသမ္မာအာဇီဝ တစ်ခုကိုပေါင်း၍ (၈)ပါးသောသိက္ခာပုဒ်သည် 'အာဇီဝဋ္ဌမက သီလအစစ်' ဖြစ်သောကြောင့် အဓိသီလသိက္ခာဖြစ်သောမဂ္ဂင် ဝိရတိသီလကိုသာလျှင် မဂ္ဂင်အလုပ်အားထုတ်သောယောဂီ တို့စောင့်ထိန်းအပ်သည်သာတည်း။'

## 'သမ္မာဝါယာမ မှန်လုံ့လ'

**မေး** ~ သမ္မာဝါယာမ မဂ္ဂင်အကြောင်းဆက်လက်သိလိုပါသည်။
**ဖြေ** ~ သမ္မာဝါယာမဟူသည် 'မှန်သောအားထုတ်မှု' ဟုဆိုပါ သည် အဘယ်ကဲ့သို့အားထုတ်မှ မှန်သောအားထုတ်မှုဖြစ်ပါ သနည်းဆိုသော် မြတ်စွာဘုရားက 'ချစ်သားတို့အဘယ်တရား သည်(တနည်း)အဘယ်ကဲ့သို့သော အားထုတ်လုံ့လရှိပါမှ မှန်ကန်သောအားထုတ်မှု ဖြစ်ပါသနည်းဟူမူ ဤငါဘုရား၏ အဆုံးအမ(သာသနာ)တော်တွင် အကြင်ပုဂ္ဂိုလ်သည်-
၁။ 'မဖြစ်ကုန်သေးသော ဆိုးသွမ်းညစ်ညမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သောတရားတို့ကို မဖြစ်စေခြင်းငှာ လည်းကောင်း။'
၂။ 'ဖြစ်ကုန်ပြီးသောဆိုးသွမ်းညစ်ညမ်းကုန်သောအကုသိုလ် ဖြစ်ကုန်သောတရားတို့ကိုပယ်ဖျောက်ခြင်းငှာလည်းကောင်း။'
၃။ 'မဖြစ်ကုန်သေးသောကုသိုလ်တရားတို့ကို ဖြစ်ပွားစေခြင်း ငှာလည်းကောင်း။'

၄။ 'ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို အရှည်တည်တံ့စေခြင်းငှာ, အလွန်ပြန့်ပွားစေခြင်းငှာ. အလိုဆန္ဒကိုဖြစ်စေ၏။ လုံ့လကိုပြု၏။ အားထုတ်၏။ စိတ်ကိုချီးမြှောက်၏။ စိတ်ကို ဆောက်တည်၏'

ယင်းကဲ့သို့ သမ္မပ္ပဓာန်(၄)ပါးနှင့်အညီ လုံ့လကိုပြု၏။ အလိုဆန္ဒကိုဖြစ်စေခြင်း၊ စိတ်ကိုချီးမြှောက်ဆောက်တည်ခြင်းတို့ကိုပြုတတ်, အားထုတ်တတ်သောလုံ့လ, ဝီရိယသည် (သမ္မာဝါယာမ)မှန်သောအားထုတ်မှုမည်၏။'ဟု မဟာဝဂ္ဂ (၂၅၀)တွင်ဟောထားရာ-

ခန္ဓာဟူသောသတိပဋ္ဌာန်ရုပ်နာမ်ပေါ်တွင် ဉာဏ်ပညာနှင့်သိအောင်ကြည့်ရာရှုရာ၌ ဉာဏ်အား, ပညာအားရှိရန် 'သမ္မာဝါယာမ' ဟူသော လုံ့ဝီရိယအားသည် အထူးလိုအပ်လေသည်။ တရားအားထုတ်သူယောဂီတို့အတွက်-

ပဓာနိယအင်္ဂါ(၅)ပါးဟောတော်မူရာ၌ 'ထာမဝါ-အားအစွမ်းနှင့်ပြည့်စုံ၏။ ဒဠှပရက္ကမော-မြဲမြံသောလုံ့လရှိ၏။ အနိက္ခိတ္တဓုရော-တာဝန်ကိုပစ်ချထားခြင်းမရှိ' ဟူ၍ဟောတော်မူရာ မိမိတို့၏စိတ်သည် အာရုံဖြစ်သောရုပ်နာမ်ခန္ဓာပေါ်တွင် ဉာဏ်ပညာ၏ရှုမြင်မှု အားရှိစေရန် လုံ့လပြုသော 'သမ္မာဝါယာမ' မဂ္ဂင်သည် ၎င်း၏ကိစ္စကို ဆောင်ရွက်ရမည့်တာဝန်သာရှိသည်။ အရှုခံဖြစ်သောရုပ်နာမ်ခန္ဓာနှင့်မဆိုင်ပေ။

သမ္မပ္ပဓာန်လုံ့လဝီရိယကိုပြရာ၌ (၄)ပါးညွှန်ပြသည်။ ၎င်း

သည် အားထုတ်သည်နှင့်တပြိုင်နက်တည်း ကျရောက်လေသည်။ 'ငါသည်ဤအလုပ်အထမြောက်အောင်မြင်ပါမှ,
၁။ 'သံသရာဘဝအနန္တမှ ပါလာသောအကုသိုလ်တို့ကိုလည်း အကျိုးပေးခွင့်မအောင် မဂ်က သတ်ပေးမည်။'
၂။ 'မပြုမလုပ်ရသေးသောအကုသိုလ်မှုတို့ကိုလည်း မပြုဖြစ်အောင် မဂ်က တားဆီးမည်။'
၃။ 'မရဖူးသေးသော လောကုတ္တရာမဂ် ကုသိုလ်ထူးကိုလည်း ရမည်။'
၄။ 'ရပြီးပြုပြီးသော ဝဋ္ဋ, ဝိဝဋ္ဋစသည့်ကုသိုလ်မျိုးကိုလည်း လောကုတ္တရာမဂ်က ပွားများစေမည်။'

သို့အတွက် 'ငါသည် ဤအလုပ်အထမြောက်အောင်မြင်မှ သံသရာတွင် သက်သာရာရမည်ဖြစ်သောကြောင့် ခန္ဓာနာမ်ရုပ်၏သဘောကို များများမြင်အောင်ရှုရမည်' ဟူ၍ သမ္မာဝါယာမက ခန္ဓာသံသရာ၏အပြစ်ကို ကြောက်သောကြောင့် ရှုဉာဏ်သမ္မာဒိဋ္ဌိကို သံသရာပြတ်ရှုနိုင်ဖို့ တိုက်တွန်းအားပေးသော 'မဂ္ဂင်' သဘောသာဖြစ်၍ အရှုခံရမည့်အနတ္တာရုပ်နာမ်နှင့်မဆိုင်ချေ။

အရှုခံရုပ်နာမ်မှာ 'သူ့သဘော'(အနတ္တာ)ဖြစ်၍ သူ့ကိစ္စသာ သူဆောင်ရွက်နေသည်။ ရှုတတ်, မြင်တတ်သောဉာဏ်သည် ထိုအရှုခံရုပ်နာမ်၏သဘာဝကိုသာ သိအောင်, အထူးသိအောင် ပိုင်းခြားသိအောင် ရှုရမည်ဖြစ်ရာ ထိုဉာဏ်ရှုနိုင်ရန်အတွက်

'သမ္မာဝါယာမ'သည် သူ့တာဝန်အရသာ သူဆောင်ရွက်နေသည်ဖြစ်၍ အထူးသဖြင့် ဤခန္ဓာရုပ်နာမ်ကို မိမိသဘောအရ အမိန့်ပေး၍ရမည် မဟုတ်ပေ။

**မေး** ~ အချို့ပါဠိတော်များတွင်(ကာမံတစော စ နှာရုစ)စသည်ဖြင့် အရေ, အသား, အကြောတို့ခန်းခြောက်က ခန်းခြောက်စေ၊ အရိုးသာကြွင်းစေ၊ မိမိအားထုတ်အပ်သောတရားကို မလျှော့သောလုံ့လဖြင့်သာ အားထုတ်ရမည်ဟုဆိုသောကြောင့် ယင်းလုံ့လဖြင့် အားထုတ်ခြင်းသည် အဘယ်နည်း။

**ဖြေ** ~ မိမိအကျိုးကိုလိုသူသည် မပျင်းအပ်, ပျင်းလျှင်အားမထုတ်ချင်လျှင် မိမိစိတ်သည် အကုသိုလ်နှင့်ရောနှောနေမည်ဖြစ်၍ အကျိုးဆုတ်ယုတ်မည်။ အားမထုတ်ချင်၍ ပျင်းနေသူအား မြင့်မြတ်သောအရဟတ္တဖိုလ်ကို လုံးဝမရနိုင်။ အရဟတ္တဖိုလ်ကဲ့သို့သော မြတ်သောတရားကို မြင့်မြတ်သောလုံ့လရှိသူတို့သာရနိုင်ကြောင်း။ ထို့ကြောင့် မြတ်စွာဘုရားသည် ပါဠိတော်၌ - 'ချစ်သားတို့ သင်တို့သည် လုံ့လဝီရိယရှိသော ငါဘုရား၏သာသနာတော်တွင် အပျင်းမထူဘဲ သမ္မပ္ပဓာန်လုံ့လဝီရိယဖြင့် အားထုတ်ကြကုန်လော့' ဟု နိဒါနဝဂ္ဂသံယုတ်တွင် ဟောတော်မူသည်။

**'ပညာကင်းသောလုံ့လ သမ္မာဝါယာမ မဟုတ်'**

လုံ့လဝီရိယရှိရမည်ဆိုသဖြင့် အသိပညာကင်းသောလုံ့လ

ဝိရိယမျိုးသည် အကျိုးယုတ်ဖို့ချည်းသာတည်း။ ကျွန်ုပ်တို့သည် မြတ်စွာဘုရားသာသနာတွင် မြတ်စွာဘုရား၏နမူနာကို မျက်ခြေပြတ်ထား၍ မသင့်ပေ။ မြတ်စွာဘုရားသည် ဉာဏ်မဂ္ဂင်လမ်းကိုတည်ထွင်ဟောကြားရာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ် တစ်ခုစီတွင် 'သမ္မာ'ဟူသောပုဒ်ကိုထည့်၍ ထည့်၍သာလျှင် ဟောတော်မူသည်ကား လုံ့လဝီရိယနေရာတွင်လည်း သာမာန်မဟုတ် 'မှန်သောလုံ့လဝီရိယ' ဖြစ်စေရန်, ပညာပါရန်ဟောတော်မူခြင်းဖြစ်ပေသည်။

ပညာကင်းသော, အသိမှန်မပါသော လုံ့လဝီရိယမျိုးသည် 'သမ္မာဝါယာမ' မဟုတ်ပေ။ သမ္မာဝါယာမ မဖြစ်က လောကုတ္တရာမဂ် မရနိုင်ပေ။ သမ္မာဝါယာမနေရာတွင် အသုံးပြုရသောလုံ့လဝီရိယမျိုးသည် အခြားသောနေရာမှာ သုံးသောလုံ့လဝီရိယမျိုးမဟုတ်ပုံကို စဉ်းစားမိဖို့ သတိထားဖို့ အထူးလိုပေသည်။ မရောလိုက်ပါလေနှင့် လုံးဝမတူပါ။

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် တောထွက်သက်နှင်းဝတ်လျက် ဥရုဝေလတောတွင် (၆)နှစ် ဒုက္ကရအကျင့်ကို ကျင့်ခဲ့သည်။ သို့ရာတွင် အကျင့်လမ်းမမှန်ကန်၊ မှန်ကန်စွာသိရမည့် အသိပညာကင်းသဖြင့် တမဂ်, တဖိုလ်မျှမရဘဲ -

'ဒုက္ကရကာရိတာယ အနတ္ထသံဟိတာယ'

'ဆင်းရဲခံ၍ကျင့်ရသမျှသည် ငါ့အားအကျိုးမဲ့အချည်းနှီးပါတကား' ဟုပင် ငြီးငြူခဲ့ရလေသည်။ ၎င်းနောက် ဥရုဝေလတော

မှဖယ်ခွါခဲ့၍ သေနာနိဂုံးသို့ရောက်ပြီး အားထုတ်ရာတွင်လည်း ထွက်လေ, ဝင်လေသွားနိုင်သည့် အသက်ရှုပေါက်အားလုံးကို ပိတ်ဆို့လျက် အပြင်းအထန်အားထုတ်လေသည်။ ထိုအခါတွင် ထွက်လေ, ဝင်လေအားလုံးတို့သည် ထွက်ပေါက်မရလေသဖြင့် ဦးခေါင်း, ဝမ်းဗိုက်စသောအတွင်းသို့ အတင်းတိုးဝင်တော့ရာ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ ဝမ်းဗိုက်ကွဲထွက်မတတ်လေထိုးခြင်းစသော ဆင်းရဲတို့သာတွေ့ရှိရသောအခါ -

'ငါ့အား အသိပညာကင်းသောအားထုတ်ခြင်းဖြင့် ငါသိလိုသောတရားကို အရိပ်အရောင်မျှပင် မသိရ။ ထိုအားထုတ်ခြင်းကြောင့်ဖြစ်သော ကြမ်းတမ်းသော်ဆင်းရဲခံစားမှုသာတွေ့ရသည်' ဟု ငြီးငြူရပြန်လေသည်။(ဤကား မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇသုတ်နှင့် သင်္ဂါရဝသုတ်တို့တွင် ဟောထားသည်မှ အနည်းငယ်ထုတ်ပြခြင်းဖြစ်သည်။)

ဤအလောင်းတော် 'နမူနာ' ကိုကြည့်ပါ။ ယခုဘဝတွင် တရားရပြီး ဘုရားဖြစ်မည့်အလောင်းတော်ကိုယ်တိုင် အသိပညာအခြေမခံသော အားထုတ်မှုမျိုးဖြင့် မည်သည့်တရားမျှ မရနိုင်လေသောကြောင့် လို့လဝီရိယထား၍အားထုတ်ရာတွင် 'သမ္မာဝါယာမ' သည် အထူးပင်အရေးကြီးပေသည်။ အားထုတ်သည်ဆိုတိုင်း 'သမ္မာဝါယာမ' မဟုတ်ပုံကို အလောင်းတော် နမူနာပုံစံကိုကြည့်၍ ကျွန်ုပ်တို့သာ 'သမ္မာဝါယာမ' ဖြစ်အောင် အားထုတ်တတ်ဖို့လိုသည်။

## 'ကြိုတင်ဒုက္ခခံ၍ အားထုတ်နည်း'

**မေး** ~ အချို့က ဆိုကြသည်မှာ ယခုကိုယ်နှင့် ရင်းနှီး၍ ဒုက္ခခံမှုမှ သည်းမခံနိုင်လျှင် နောင်တွင် အပါယ်ငရဲစသည်ကျက ဤဒုက္ခမျှမက ခံရမည်ကို စာနာ၍ သည်းခံပြီး ရှုရမည်ဟုဆိုပါသည်။ ဤဒုက္ခခံမှုသည် နောင်ဒုက္ခလွတ်ရန် ရည်ရွယ်၍အားထုတ်သောကြောင့် မှန်သည်ဟုဆိုပါသည် ဟုတ်ပါသလား။

## 'အသိပညာပါမှသာ'

**ဖြေ** ~ ကျွန်ုပ်တို့ ဤအကြောင်းကို ဆွေးနွေးနေသည်မှာ 'အားထုတ်သင့်, မသင့်' ကိုဆွေးနွေးနေသည်မဟုတ်။ ပညာ, ဉာဏ်, အသိပါ-မပါ, မပါက သမ္မာဝါယာမ မဖြစ်သည်ကိုသာ ဆွေးနွေးခြင်းဖြစ်သည်။ ဤနေရာတွင် မဇ္ဈိမပဏ္ဏာသပါဠိတော်လာ ကုက္ကုရဝတိကသုတ်မှ ထုတ်နှုတ်၍ပြောပြပါဦးမည်။

'ကောလိယတိုင်းနေ ပုဏ္ဏမည်သော အမျိုးသားသည် သံသရာဘေးကို ကြောက်လှသောကြောင့် တရားအရှာထွက်ရာ တစ်ဦးသောဆရာသမားနှင့်တွေ့၍ သင့်အား နောင်တမလွန်ဘဝတွင် 'နွား' ဖြစ်၍ကြီးစွာသောဆင်းရဲသို့ရောက်လတ္တံ့။ သို့ဖြစ်၍ ထိုနွားဖြစ်မည့်ကံများကုန်အောင် ယခုဘဝတွင် 'လာမည့် . ဘေးပြေးတွေ့' ဟူဘိသို့ နွား၏အမူအကျင့်၊ နွား၏အသွင်သဏ္ဌာန်၊ နွား၏အပြုအမူ၊ နွား၏စိတ်ထားမျိုးထားကာ

နွား၏စရိုက်အတိုင်း(စတိ)ကျင့်က သင့်အား နွားဖြစ်မည့်ဆင်းရဲမှလွတ်လတ္တံ့' ဟု အဆုံးအမည္ကြားချက်အရ ပုဏ္ဏမှာ လူစင်စစ်မှ ဦးချို အမြီးတို့တပ်လျက် လေးဖက်ထောက်ကာ မြက်ကိုသာစား၍ နွားကျင့် ကျင့်နေလေသည်။

ပုဏ္ဏ၏ သူငယ်ချင်း သေနိယမည်သောသူမှာလည်း သံသရာပြတ် တရားရှာရင်း တစ်ဦးသောဆရာသမားနှင့်တွေ့၍ 'သင့်အား တမလွန် နောင်ဘဝတွင် 'ခွေး' ဖြစ်ပြီး အလွန်ဆင်းရဲမည့်ကံများရှိနေသည်။ ထိုကံများ အကျိုးပေးခွင့်မရစေရန် မိမိက ကြိုတင်ကာကွယ်သောအနေနှင့် ခွေး၏အမူအကျင့်၊ ခွေး၏ပုံသဏ္ဍာန်၊ ခွေး၏အပြုအမူ၊ ခွေး၏စိတ်မျိုးထားကာ ခွေး၏စရိုက်အတိုင်းကျင့်က သင့်အား ခွေးဖြစ်မည့်ကံများကုန်၍ ထိုဆင်းရဲမှုလွတ်လတ္တံ့' ဟု အဆုံးအမအတိုင်း သေနိယမှာ ခွေးကဲ့သို့ အမြီးများတပ်လျက် အူကာဟောင်ကာ လေးဖက်ထောက်ပြီးသွားလာလှည့်လည်နေရာ သူငယ်ချင်းပုဏ္ဏနှင့်တွေ့၍ ၎င်းတို့၏သံသရာဒုက္ခမှ လွတ်မည့်အရေးကို ဆွေးနွေးကျေနပ်လျက်နေကြလေသည်။

တစ်နေ့တွင် မြတ်စွာဘုရား ဆွမ်းခံကြွလာရာလမ်း၌ သူတို့နှင့်တွေ့၍ သေနိယ(ခွေး)က မြတ်စွာဘုရားအနီးသို့ လေးဖက်ထောက်ကပ်၍ နှာခေါင်းဖြင့် အနံ့ခံနှုတ်ဆက်ပြီး ခွေး၏အမူအရာ အလေ့အတိုင်း နောက်ဆုတ်လျက် ခွေပြီးနေလေသည်။

ထိုအခါ ပုဏ္ဏ(နွား)က မြတ်စွာဘုရားအား 'အရှင်ဘုရား တပည့်တော်၏သူငယ်ချင်း သေနိယသည် နောင်အခါ ခွေးဘဝအကျိုးပေးမည့်ကံများကုန်စေရန် ခွေးအမူအကျင့်, ခွေးပုံဟန်ဖြင့် ကျင့်နေပါသည်။ ထိုအကျင့်အတိုင်းကျင့်က ထိုကံများကုန်, မကုန်ဟောတော်မူပါ' ဟု တောင်းပန်လျှောက်ထားလေရာ-

မြတ်စွာဘုရားသည် 'ပုဏ္ဏ . . ဒီအကြောင်း ငါ့ကိုမမေးနှင့်' ဟုသုံးကြိမ်တားသည်။ ပုဏ္ဏလည်း မရမက အတင်းပင်မေးလျှောက်သောကြောင့် 'ပုဏ္ဏ . . ငါဟောအံ့ . . အချို့သောသူသည် ခွေးအမူအကျင့်, ခွေး၏စရိုက်စိတ်ထားတို့ကို အပြည့်အစုံ စိတ်ပါလက်ပါပြုလုပ်အားထုတ်၏။ ထိုသူ၏ လားရာဘဝသည် သေလျှင်ခွေးအဖြစ်သို့ အသေအချာရောက်လတ္တံ့၊ အကြင်သူသည် ဤခွေးကဲ့သို့ကျင့်သောအားဖြင့် သေပြီးနောက်နတ်အဖြစ်သော်လည်းကောင်း ရောက်မည်ဟုထင်ငြားအံ့။ အစွဲအလန်းဖြင့် ကျင့်ငြားအံ့။ ထိုသူသည် မှားယွင်းစွာ စွဲယူသောမိစ္ဆာဒိဋ္ဌိဖြစ်၍ ငရဲသော်လည်းကောင်း၊ တိရစ္ဆာန်တစ်မျိုးမျိုးသော်လည်းကောင်းဖြစ်လတ္တံ့' ဟုဟောတော်မူသည်။ သေနိယ(ခွေး)ကလည်း ပုဏ္ဏ(နွား)အကြောင်း မြတ်စွာဘုရားကိုလျှောက်ရာ၌လည်း ဤအတိုင်းဟောတော်မူသဖြင့် သေနိယ(ခွေး)နှင့် ပုဏ္ဏ(နွား)တို့ ငိုယိုကြပြီး အဆုံး၌ မြတ်စွာဘုရားက

ကံ(၄)ပါးကို ဟောတော်မူသည်။ အားထုတ်သည်, ကျင့်သည် ဆိုတိုင်း ပညာပါဖို့လိုပါသည်။

## 'နောက်က ကံတွေ ပျက်အောင်ကျင့်သည်'

**မေး** ~ အချို့ကဆိုပြန်ပါသည်။ ဤကဲ့သို့ ဒုက္ခမခံဘဲ ချမ်းသာသောနိဗ္ဗာန်ကို မရနိုင်၊ ခန္ဓာကိုယ်ကို ညှာနေငဲ့နေ၍ သံသရာမှာ ဆင်းရဲနေရသည်။ ယခုလို မကျင့်ခဲ့၍ ဆင်းရဲရသည်။ ဆင်းရဲလွတ်ချင်လျှင် ခန္ဓာကိုမငဲ့ပါနှင့်ဟု ဆိုပါသည်။ အဘယ်သို့မှတ်ရပါမည်နည်း။

**ဖြေ** ~ မြတ်စွာဘုရား၏သာသနာသည် အသိသာသနာ, ဉာဏ်ပညာသာသနာဖြစ်သည်ကို သတိမပြတ်ထားရန်လိုအပ်ပေသည်။ ဉာဏ်ပညာမပါသော ကိုယ်နှင့်ရင်းနှီးမှုသည် မြတ်စွာဘုရား၏သာသနာအလုပ်ပင် မဟုတ်ချေ။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်၌နေတော်မူစဉ် ညနေချမ်းအချိန်ကာလ ဣသိဂိလိတောင်နံပါးသို့ ကြွတော်မူရာ ကျောက်ဖျာနက်ပေါ်တွင် မထိုင်ဘဲရပ်လျက် နေပူထဲတွင် ဆင်းရဲကြီးစွာနှင့် ကျင့်နေသောနိဂဏ္ဌတို့ကိုမြင်သဖြင့် 'ငါ့ရှင်တို့ . . သင်တို့သည် မထိုင်ကုန်ဘဲ နေပူထဲတွင် ရပ်လျက်ဆင်းရဲကြီးစွာ ကျင့်နေကြသည်မှာ ထိုကျင့်မှုကြောင့်ဖြစ်သော ကြမ်းတမ်းစပ်ရှားကုန်သော ဒုက္ခဝေဒနာတို့ကို အဘယ့်ကြောင့် ခံစားနေကြပါကုန်သနည်း' ဟု

မေးတော်မူသော် နိဂဏ္ဌတို့က 'ငါ့ရှင် နာဋ္ဌ၏သား ငါတို့ဆရာ နိဂဏ္ဌသည် အလုံးစုံကိုသိ၏။ သဗ္ဗညုအစစ်ဖြစ်၏။ သွားစဉ် ရပ်စဉ်၊ အိပ်စဉ်၊ နိုးစဉ် အချိန်မရွေး ဉာဏ်အမြင်သည် အမြဲ ဖြစ်နေ၏၊ ရှိနေ၏ဟု ဉာဏ်မြင်အကြောင်းကို အကြွင်းမဲ့ဝန်ခံ ၏။ ဆရာကြီးက 'တပည့်တို့ . . သင်တို့အား ရှေးကပြုဖူးသော မကောင်းမှုကံသည်ရှိသည်သာတည်း။ ထိုမကောင်းမှုကံကို ဤသို့ ကြမ်းတမ်း၍အခံခက်လှသော ဆင်းရဲခံစားမှုကိုပြု၍ ချေဖျက်ကြကုန်လော့ (ဆိုလိုသည်မှာ မိမိပြုခဲ့သောအကုသိုလ် ကံများအတွက် ဤဘဝ ဤကဲ့သို့ ခန္ဓာကိုယ်ကို အဆင်းရဲခံ၍ ကျင့်လိုက်လျှင် ထိုကံများ အကျိုးမပေးတော့ဘဲ ကြေသွားမည် ဟုဆိုလိုသည်။) ယခုဘဝ ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ စိတ်ဖြင့် စောင့် စည်းခြင်းသည် နောင်ဘဝ၌ မကောင်းမှုကိုမပြုခြင်းဖြစ်၏။ ဤသို့လျှင် ကံဟောင်းကို ခန္ဓာကိုယ်ကို ညှင်းဆဲ၍ကျင့်ခြင်းဖြင့် ဖျက်ဆီးလျက် ကံသစ်တို့ကို နောက်ထပ်မပြုခြင်းကြောင့် နောင် ဘဝ၌မတိုးပွားခြင်းဖြစ်၏။ နောင်ဘဝ မတိုးပွားခြင်းကြောင့် ကံကုန်၏။ ကံကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခကုန်၏။ ဆင်းရဲကုန် ခြင်းကြောင့် ခံစားခြင်း ဝေဒနာကုန်၏။ ဝေဒနာကုန်ခြင်း ကြောင့် ဆင်းရဲဒုက္ခအားလုံးသည် ပျက်ပြုန်းလတ္တံ့' ဟုဆို၏။

ထိုဆရာကြီး၏စကားကို ငါတို့သည် ကျေနပ်သည်၊ နှစ် သက်သည်၊ ယုံကြည်ကြသည်၊ ဝမ်းမြောက်ကြသည်ဟုဆိုကြ

လေသည်။'  (မူလပဏ္ဏာသပါဠိတော်စူဠဒုက္ခက္ခန္ဓသုတ်)

ထိုစကားသည် နိဂဏ္ဌတို့၏စကားဖြစ်သည်။ အကုသိုလ်ကံကုန်အောင် ခန္ဓာကိုယ်ကို နှိပ်စက်ညှင်းပန်း၍ကျင့်ခြင်းသည် မှားယွင်းသည်။ ထို့ထက် အလုံးစုံဆင်းရဲကုန်မည်ဟု ယုံကြည်ခြင်းသည် ပို၍မှားသည်။ ထို့အတူ အချို့တရားအားထုတ်သော ယောဂီတို့ တုံးလုံးပက်လက်လဲ၍ ငြီးငြူနေရာ 'ဝဋ်မကုန်သေးလို့ခံနေရတာ ဝဋ်ကုန်တာနဲ့ ထလာမှာပါ' ဟု ဉာဏ်အလုပ်သို့ မသက်ဝင်သောစကားများကို ကြားသိနေရခြင်းသည် ဝမ်းနည်းဖွယ်ပင်။ မြတ်စွာဘုရား၏သာသနာလုပ်ငန်းမှာ နိဂဏ္ဌတို့၏ လုပ်ငန်းနှင့် ဆန့်ကျင်ဖက်ဖြစ်၍ အသိဉာဏ်ပါသောအလုပ်သာ မြတ်စွာဘုရား၏သာသနာဟူ၍ မှတ်ရပါမည်။

## 'အာတာပီဆိုတာ ဘာလဲ'

**မေး** ~ မြတ်စွာဘုရား၏ သတိပဋ္ဌာန်လုပ်ငန်းတွင် 'အာတာပီ' ဟူသောပုဒ်ပါပါသည်။ အာတာပီဆိုသည်မှာ ပြင်းပြင်းထန်ထန် လုံ့လဝီရိယထားရမည်ဟု အနက်ပြန်ကြပါသည်။ မည်ကဲ့သို့ ပြင်းထန်စွာအားထုတ်မှ 'အာတာပီ' ဖြစ်မည်ကို ရှင်းလင်းပေးစေလိုပါသည်။

**ဖြေ** ~ ဝိပဿနာ သာသနာနယ်ပယ်တွင် အသုံးတွင်ကျယ်သောစကားလုံးတစ်လုံးဖြစ်၍ အဓိပ္ပါယ်ရှင်းစေရန် အနည်းငယ်

ချဲ့ထွင်၍ပြောလိုပါသည်။ အာတာပီ ဟူသောပါဠိကို ဖွင့်ပြသောသတိပဋ္ဌာန်အဋ္ဌကထာ၌ -

'အာတာပီတိ-တတ္ထ ။ လ ။ တေနဝုစ္စတိအာတာပီ'(၃၅၀)

'**အာတာပီတိ**-အာတာပီဟူသည်ကား။ **တတ္ထ**-ထိုမာတိကာပုဒ်၌။ **အာတာပံ**-အာတာပသည်။ **ကတမံ**-အဘယ်နည်း။ **စေတသိကော**-စိတ်၌ဖြစ်သော။ **ယောဝီရိယာရမ္ဘော**-အကြင်ဝီရိယဟူသော အားထုတ်ခြင်းသည် ယောသမ္မာဝါယာမော အကြင်မဖောက်မပြန် မှန်ကန်သောအားထုတ်ကြောင်းဖြစ်သောလုံ့လသည်။ **အတ္ထိ**-ရှိ၏။ **ကုဒ်သတ္တံ**-၌အလုံးစုံကို။ **အာတာပံ**-အာတာပဟူ၍။ **ဝုစ္စတိ**-ဆိုအပ်၏။ **ကုမိနာ** **အာတာပေန**-၌ကိလေသာကို ပြင်းစွာပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လနှင့်။ **ဥပေတော**-လ-**သမန္နာဂတော**-ပြည့်စုံသည်။ **ဟောတိ**-ဖြစ်၏။ **တေန**-ထို့ကြောင့်။ **အာတာပီတိ**-အာတာပီဟူ၍။ **ဝုစ္စတိ**-ဆိုအပ်၏။'

စိတ်၌ဖြစ်သောလုံ့လဝီရိယကို အာတာပီခေါ်ကြောင်းကို (မူလပဏ္ဏာသအဋ္ဌကထာ-ပ-၂၄၈၊ ၂၄၉ တွင်ရင်း၊ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ-၂၁၅ တွင်ရင်းဆိုကြသည်။) သတိပဋ္ဌာန်လုပ်ငန်းကို မိမိတို့သဘောပေါက်သလို ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူ၍ အကောင်အထည်ဖော်ကာ အားထုတ်ရာတွင် ပရမတ်ရုပ်နာမ်ဟူသော သတိပဋ္ဌာန်ပုံစံကျစေရန်နှင့် အောက်မေ့ဂရုစိုက်မှုမှန်စေရန်အတွက် 'ထက်သန်မှု' လုံ့လဝီရိယလိုသည်။

လုံ့လဝီရိယအမှန်ပင်လိုအပ်သည့်အတိုင်း သတိ၏အပေါင်းပါ ဝီရိယကို သာမာန်ဝီရိယမျိုးနှင့် မရသဖြင့် မြတ်စွာဘုရားက 'အာတာပီ' ဟူသောအရည်အချင်းပြည့် လုံ့လဝီရိယမျိုးကို ထည့်ပေးထားသည်။ ၎င်းအာတာပီ၏သဘောကို အဋ္ဌကထာဆရာက ကိုယ်နှင့်ရောမည်စိုး၍ 'စေတသိကော' 'စိတ်၌ဖြစ်သော'လုံ့လဝီရိယမျိုးမှ သမ္မာဝါယာမ ဖြစ်ကြောင်းပြထားသည်။

**မေး** ~ အချို့သူတို့က 'ကာမံတစောစနှာရုစ အဋ္ဌိစအဝ သုဿတု' အရိုးကြွင်းစေ, အကြောကြွင်းစေ, အသွေးအသား တို့ခန်းခြောက်စေ, ငါ၏လုံ့လဝီရိယကို မလျော့အံ့ဟု ပါဠိတော်တွင် ဟောသောကြောင့် အရိုး, အကြော, အသွေး, အသားဟူသည် ကာယနှင့် သက်ဆိုင်ရကား ကိုယ့်ဖြင့်ပြုအပ်သောလုံ့လဝီရိယ ဟုဆိုကြပါသည်။ အဘယ်သို့ ယူရပါမည်နည်း။

**ဖြေ** ~ အင်္ဂုတ္တရပါဠိတော်တွင် 'အရိုးကြွင်းစေ, အကြောကြွင်းစေ, အသွေးအသားတို့ ခန်းခြောက်စေ' စသည်ဖြင့် ဟောထားသည်မှန်၏။ ၎င်းတို့ကို ထက်သန်သောစိတ်က တိုက်တွန်းသည်။ ယင်းတိုက်တွန်းဆောက်တည်သော ဝီရိယစေတသိက်သည် သမ္မာဝါယာမ ဖြစ်လေသည်။ စိတ်မတိုက်တွန်းက စိတ်ဖြင့်မဆောက်တည်က အသွေးအသား အထိအခိုက် မခံနိုင်ပေ။

မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားရာ၌(မုချမဂ္ဂ)တိုက်ရိုက်ဟောသောတရား၊ (ပရိယာယမဂ္ဂ)သွယ်ဝိုက်၍

ဟောသောတရားဟူ၍ နှစ်ပါးရှိလေသည်။ တိုက်ရိုက်ဟော
သောတရားကို သွယ်ဝိုက်၍ဟောသောတရားဟု မယူအပ်
သကဲ့သို့ သွယ်ဝိုက်၍ဟောသောတရားကိုလည်း တိုက်ရိုက်
ဟောကဲ့သို့ မယူရချေ။ ဤနေရာတွင် မဟာဝဂ္ဂသံယုတ်ပါဠိ
တော်ပရိယာယသုတ်(၉၇)ကို အကျဉ်းမျှပြလိုပါသည်။

မြတ်စွာဘုရား၏တပည့်သားရဟန်းတို့အား တိတ္ထိပရိဗိုဇ်
တို့က 'အရှင်ဂေါတမလည်း နီဝရဏတရားငါးပါး၊ ဗောဇ္ဈင်
ခုနစ်ပါးကိုဟောသည် ငါတို့လည်း နီဝရဏတရားငါးပါး,
ဗောဇ္ဈင်ခုနစ်ပါးကို ဟောသည်။ ဤနေရာတွင် သင်တို့ဆရာ
အရှင်ဂေါတမနှင့် ငါတို့သည်အတူတူသာဖြစ်သည် ခြားနား
ချက်မရှိ' ဟုဆိုကြလေရာ . . .

ရဟန်းတော်များ မြတ်စွာဘုရားအထံတော်ရောက်၍တင်
လျှောက်သောအခါ မြတ်စွာဘုရားက 'နီဝရဏသည်အကြောင်း
ကိုစွဲ၍ဆယ်ပါးဖြစ်ကုန်၏။ ဗောဇ္ဈင်တို့သည်အကြောင်းကို
စွဲ၍တစ်ဆယ့်လေးပါးဖြစ်ကုန်၏။ ထိုအကြောင်းသည် ရှိပါ
သလော, ဖြစ်နိုင်ပါသလောဟုပြန်၍မေးဖို့ ကောင်းသည်' ဟု
အစချီကာ ပရိယာယသုတ်ကို ဟောတော်မူသည်။ ဤနေရာ
တွင် ဗောဇ္ဈင်တစ်ဆယ့်လေးပါးကို ဟောရာ၌ 'ဝီရိယသမ္ဗော
ဇ္ဈင်' ကို ပရိယာယ်အားဖြင့် (၂)ပါးရှိကြောင်း -

'ယဒပိဘိက္ခဝေ-ကာယိကံဝီရိယံ-တဒပိဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊
ယဒပိစေတသိကံဝီရိယံ-တဒပိဝီရိယသမ္ဗောဇ္ဈင်္ဂေါ။လ။
တဒမိနာပေတံ ပရိယာယေန ဒွယံဟောတိ'

'ချစ်သားတို့ ကိုယ်၌ဖြစ်သောအားထုတ်မှုသည်လည်း ဝီရိယ သမ္မောဇ္ဈင်တည်း၊ စိတ်၌ဖြစ်သောအားထုတ်မှုသည်လည်း ဝီရိယသမ္မောဇ္ဈင်တည်း။ ဤသို့လျှင် ဝီရိယသမ္မောဇ္ဈင်သည် ဤအကြောင်းပရိယာယ်အားဖြင့် (၂)ပါးဖြစ်၏' ဟုဟောတော်မူသည်။ ၎င်းအဋ္ဌကထာ-၂၀၆ ၌လည်း . . .

'**ကာယိက**-ကိုယ်နှင့်ပြုသောလုံ့လဝီရိယဟူသည်ကား စင်္ကြန်သွားရန်ဆောက်တည်သောသူ၏ ကြွမှု, ချီမှု, လှမ်းမှုတို့၌ဖြစ်သော လုံ့လဝီရိယတည်း။ **စေတသိက**-စိတ်နှင့်ပြုသော လုံ့လဝီရိယဟူသည်ကား 'ငါသည် အကြင်မျှလောက်အာသဝ တရားတို့မှ စိတ်သည်စွဲလန်းမှုမရှိသည်ဖြစ်၍ လွတ်လတ္တံ့၊ ထိုမျှ လောက် ငါ၏အထိုင်ကို မဖျက်အံ့' ဟူ၍ဆောက်တည်သော စိတ်သည် ပြုလုပ်သောကိုယ်အမူအရာမပါ၊ စိတ်၌သာဖြစ်သော လုံ့လဝီရိယတည်း' ဟုဖွင့်ဆိုပါသည်။ လုံ့လဝီရိယနှင့်ပတ်သက် ၍ ပရိယာယ်အားဖြင့် (ကာယ)ဟုဆိုစေကာမူ အားထုတ်အပ် သောလုံ့လဝီရိယဟူသည် သမ္မာဝါယာမ, သမ္မပ္ပဓာန်, ဝီရိယ စေတသိက်ဟု မုချအားဖြင့် ဟောတော်မူရာ ပရိယာယ်ဟော (ကာယ)ကို မကောက်မယူရချေ။

၎င်းပြင် မဟာနိဒ္ဒေသပါဠိတော်၌လည်း . . .

'အာတာပီတိ-အာတပ္ပံဝုစ္စတိဝီရိယံ၊ ယောစေတသိကော' (၂၉၇)

'မဆုတ်မနစ် ပြင်းပြင်းထန်ထန် စိတ်အားသန်လျက် ကိလေသာကို ပူပန်စေတတ်သော အာတာပဟူသည် လုံ့လ ဝီရိယပေတည်း။ ထိုလုံ့လဝီရိယသည် စေတသိက်တရားဖြစ်ပေ သည်' ဟုဟောလျက် ရှင်းအဋ္ဌကထာ-၃၅၉ တွင်လည်း -

'စိတ်မှဖြစ်သည်ဆိုသည်ကား ဤအာတာပလုံ့လဝီရိယ သည် ပရိယာယ်အားဖြင့် ကာယဟုဆိုသေးစေကာမူ မုချအမှန် အားဖြင့် စိတ်၌သာလျှင်ဖြစ်ကြောင်းကို ထင်ရှားပြ၍ ဟော တော်မူသော စင်္ကြန်သွားခြင်းအစရှိသော ကိုယ်၏လှုပ်ရှားမှု အမူအရာကိုပြုခြင်းကြောင့်ဖြစ်သဖြင့်သာ ကာယိကဝီရိယဟု ဆိုရစေကာမူ (ကာယဝိညာဏံ)ဆိုသောစကား၌ ကိုယ်သိ' ဆို ရသော်လည်း ကိုယ်နှင့်ပတ်သက်သောအသိသာယူရသကဲ့သို့ ထိုလုံ့လဝီရိယသည်လည်း ကိုယ်ဖြင့်ပြုသည်မဟုတ်ချေ။ စိတ် နှင့်သာလျှင် ပြုလုပ်ခြင်းဖြစ်၍ စိတ်နှင့်သာဆိုင်လေသည်' ဟု ဖွင့်ဆိုကြလေသည်။

ဆိုခဲ့သောသဘာအရ ပရိယာယ်ဒေသနာအလိုသာလျှင် ကာယိကကိုယ်ဟု ဟောစေကာမူ မုချအားဖြင့်ကား သမ္မာဝါ ယာမဟူသည် ဝီရိယစေတသိက်ပင်ဖြစ်ရကား ကာယ(ရုပ်)နှင့် ပတ်သက်သောလှုပ်ရှားမှု, ရွေ့လျားမှု, မြောက်မှု, ကြွမှုအစုံသည် အသိ(စိတ်)၏တိုက်တွန်းမှု၊ စေခိုင်းမှုတို့ကြောင့်ဖြစ်ရကား ကိုယ်နှင့်ပတ်သက်သောလုံ့လဝီရိယ မဟုတ်ချေ။ လုံ့လဝီရိယ

သည် အသိစိတ်နှင့်ဆိုင်သဖြင့် အသိစိတ်၏သံသရာဒုက္ခပြတ်လိုမှုကြောင့် မပြတ်ရှုချင်, သိချင်သဖြင့် ဤအသိ စိတ်မချရသမျှ 'အရိုးကြွင်းစေ, အကြောကြွင်းစေ, အသွေးအသားခန်းခြောက်စေ၊ ခန္ဓာသံသရာပြတ်ကြောင်းအသိ မသိရသမျှ, ကိလေသာမဖြတ်ရသမျှ ငါ၏လုံ့လဝီရိယကို မလျှော့အံ့' ဟု ဆောက်တည်သည်မှာ စိတ်ကိုတိုက်တွန်းခြင်းဖြစ်ရာ ကာယ (ရုပ်)ကိုယ်ကြီးကို မလှုပ်ဘဲ ပေနေရန်မဟုတ်။ ဤကိုယ်ကြီးမလှုပ်ဘဲပေနေလျှင်(အတ္တကိလမထ)ကိုယ်ညှင်းဆဲရာသို့ မုချရောက်လိမ့်မည်။

အာတာပီနှင့်ပတ်သက်၍ ဣတိဝုတ်ပါဠိတော် အာတာပီသုတ်၊ ၎င်းအဋ္ဌကထာတို့တွင်လည်း ဤနည်းအတိုင်းဟောထားပေရာ လုံ့လဝီရိယမှာ စိတ်၌ထား၍ မပြတ်သောသတိရှိရမည့်အစား အနတ္တာဖြစ်သော ဤရုပ်ခန္ဓာကြီးကို ၎င်း၏ပြုပြင်တတ်, စေ့ဆော်တတ်သောသင်္ခါရက္ခန္ဓာတို့က သူ့သဘာဝအလျောက်ပြုပြင်ပြောင်းလဲမှုတို့ကို အတ္တသဘောနှင့် အတင်းရပ်ဆိုင်းစေကာ ပေတေနေမှုသည် အာတာပီမဟုတ်၊ သမ္မာဝါယာမမဟုတ်၊ သမ္မပ္ပဓာန်လုံ့လမျိုးမဟုတ်သဖြင့် ဤသတိပဋ္ဌာန်တရားအားထုတ်ရာတွင် လိုအပ်သောအာတာပီကို သဘောပေါက်နိုင်ကြရပါမည်။

## 'သမ္မာသတိ – ရေးကြီး၏'

**မေး** ~ သမ္မာဝါယာမ မဂ္ဂင်ပြီးလျှင် သမ္မာသတိမဂ္ဂင်ကို ဟော ပြစေလိုပါသည်။

**ဖြေ** ~ သတိပဋ္ဌာန်လုပ်ငန်းသည် 'အောက်မေ့မှု, ဂရုစိုက်မှု' ဟူသော သတိပြဋ္ဌာန်းသောအလုပ်ဖြစ်လေသည်။ ထိုအောက် မေ့ခြင်း, ဂရုစိုက်ခြင်းဟူသည် 'သမ္မာ' အမှန်ဖြစ်သော ပရမတ္ထာမေ့မှု၌ -

'သတိ' အောက်မေ့ခြင်း, အဖန်ဖန်ဂရုစိုက်နှလုံးသွင်းခြင်း ဖြစ်လေသည်။ ဝိပဿနာအားထုတ်ရာတွင် 'သမ္ပဇာန' ဉာဏ် ပညာနှင့် ရှုရသည်မှန်၏။ ရှေးဦးစွာ သတိအခြေမခံသောအခါ ပညာသည် ရှုရမည့်ပရမတ်ရုပ်နာမ်ကို သိမှတ်ထားခြင်းမရှိရ ကား ကောင်းစွာမရှုနိုင်ပေ။ မြတ်စွာဘုရားသည်လည်း မဟာ ဝဂ္ဂသံယုတ်ပါဠိတော်-၁၂၃ တွင် . . .

'ချစ်သားတို့ ခန္ဓာသံသရာကို ဘေးဟုရှုတတ်ယောဂီမြတ် သည် မလစ်စေမှု သတိပြုသည်ဖြစ်၍ အပြားအားဖြင့် သိတတ် သောဉာဏ်ပညာရှိလျက်နေရာ၏။ ချစ်သားတို့ ဤသတိအခြေ ခံသောပညာဟူသည် သင်ချစ်သားတို့အတွက် ငါဘုရားတို့၏ သံသရာထွက်ကြောင်း ကောင်းမြတ်သော အဆုံးအမပေ တည်း။' ဟုဟောတော်မူသည်။ မြတ်စွာဘုရားတို့၏အဆုံးအမ သာသနာတော်သည် မမေ့အပ်သော, အောက်မေ့အပ်သော,

ဂရုစိုက်အပ်သော 'သတိ' ကိုအရင်းခံထား၍ အမှန်အကန် ပရမတ်ဖြစ်သောရုပ်နာမ်ကို အမှန်မြင်ခြင်း, အမှန်သိခြင်းဟူသည့် 'ပညာ' ဉာဏ်သမ္ပဇဉ်နှင့်တွဲစပ်ထားသော သာသနာဖြစ်လေသည်။ ဆိုလိုသောအဓိပ္ပာယ်မှာ ရှေးဦးစွာ ဤခန္ဓာကို သတိအားဖြင့် ရုပ်နာမ်ပရမတ်ဟု ကွဲပြားစွာသိမှတ်ထားပြီးမှ ဉာဏ်ပညာဖြင့် ဖြစ်ပျက်သဘာဝကို ဝိပဿနာရှုရလေသည်။ သတိနှင့် ရှေးဦးစွာပရမတ်ရုပ်နာမ်ကို သိမှတ်မထားလျှင် ဤခန္ဓာကိုယ်ဟူသော ပညတ်ကို အနုပဿနာ မရှုနိုင်ပေ။ ထို့ကြောင့် . . .

'ယသ္မာ - အကြင်ကြောင့်။ **သတိဝိရဟိတဿ** - သတိမှကင်းသော။ **အနုပဿနာနာမ** - ပရမတ်ကိုရှုရသော အနုပဿနာမည်သည်။ နအတ္ထိ - ရှိသည်မဟုတ်။ **တသ္မာ** - ထို့ကြောင့်။ **သတိယာ** - သတိဖြင့်။ **အာရမ္မဏံ** - အာရုံကို။ **ပရိဂ္ဂဟေတွာ** - သိမ်းဆည်း၍။ **ပညာယ** - ပညာဖြင့်။ **အနုပဿတိ** - ရှု၏။' ဟု မဟာဝဂ္ဂ, သမ္မော, ပဏ္ဏာသဋ္ဌကထာတို့၌ဆိုပြီ။

မြတ်စွာဘုရားဟောတော်မူခဲ့သော သတိပဋ္ဌာန်ပါဠိတော်တွင်သာမက မည်သည့်တရားမဆို သတိသည်အမြဲလိုလျက်ရှိလေသည်။ 'ပညာလွန်သည်, သဒ္ဓါလွန်သည်, ဝီရိယလွန်သည်' စသည်ဖြင့်ရှိသော်လည်း 'သတိလွန်သည်' ဟူ၍ကားမရှိခဲ့ပေ။

သတိပဋ္ဌာန်လုပ်ငန်းတွင် သတိပဋ္ဌာန်လေးပါးစလုံး သတိလိုအပ်သောတရားချည်းဖြစ်၍ 'သတိပဋ္ဌာန်' ဟုခေါ်သည်။

တစ်နည်းအားဖြင့် သတိဟူသည် မမေ့အပ်သော 'အပ္ပမာဒ' တရားဖြစ်သည်။ အားလုံးသောကုသိုလ်တရားတို့ကို သတိဟူသော အပ္ပမာဒတရားကသာလျှင် အုပ်ချုပ်ကွပ်ကဲနိုင်လေသည်။ အရင်းခံလည်း ဖြစ်လေသည်။

'အပ္ပမာဒေါ အမတံ ပဒံ'

'မမေ့ခြင်းသည် နိဗ္ဗာန်ရရန်အကြောင်းဖြစ်၏'

ဟုအထင်အရှား ဟောထားသည်။ ထိုသတိဟူသောတရားသည် -

'လောကာရူပနံဝိယ' 'ဟင်းခပ်သောဆားနှင့်တူ၏' ဟူ၍လည်းကောင်း၊ 'သဗ္ဗကမ္မိကအမစ္စောဝိယ' 'အမတ်ချုပ်ကြီးနှင့်တူ၏' ဟူ၍လည်းကောင်း၊(သမ္မောစသော)အဋ္ဌကထာများက ဆိုကြလေသည်။ ၎င်းအပြင် 'သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ' ဟု မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင် ဟောတော်မူထားရာ . . .

'သတိဟူသည် အလုံးစုံသော စိတ်အမှုကိစ္စတို့တွင် အလိုအပ်ဆုံးဖြစ်၍ သတိပါလျှင် အလုံးစုံသောကိစ္စများပြီးစီးအောင်မြင်နိုင်ကြောင်း' ဟောတော်မူခြင်းဖြစ်၍ ထိုသတိသည် 'သမ္မာ' ပုဒ်ပါသောကြောင့် အမှန်တရားပရမတ်ရုပ်နာမ်ပေါ်

တွင် မမေ့အပ်သောသတိမျိုးဖြစ်၍ 'သမ္မာသတိ' ဟူသော အမည်ကိုရလေသည်။ ဆိုလိုသည်မှာ သာမညအမှတ်ရသော သတိမျိုးမဟုတ် ပရမတ်အမှန်ကို အမှတ်ရသဖြင့် 'သမ္မာသတိ' ဖြစ်ပေသည်။

## 'သမာဓိမှန် လိုအပ်ပြန်'

**မေး** ~ အဋ္ဌင်္ဂိကမဂ္ဂင်သုံးပါးတွင် နောက်ဆုံးဖြစ်သော '**သမ္မာသမာဓိ**' မဂ္ဂင်ဟူသည်မှာ အဘယ်ပါနည်း။

**ဖြေ** ~ လှုပ်ရှားနေသောစိတ်ကို ငြိမ်သက်တည်ကြည်စွာထားခြင်း, အာရုံအမျိုးမျိုးသို့ မကူးမပြောင်းစေရန် ကောင်းစွာထားခြင်းကို 'သမာဓိ' ဟုခေါ်သည်။ 'ကုသလစိတ္တေကဂ္ဂတာ' ကုသိုလ်စိတ်ဖြစ်ရန် တည်ငြိမ်ခြင်းပေတည်း။ ဤမဂ္ဂင်ရှစ်ပါးတွင်ပါသော သမာဓိကား သာမညတည်ငြိမ်ခြင်းမဟုတ်။ အမှန်ဖြစ်သော ပရမတ်ရုပ်နာမ်တို့အပေါ်၌ မှန်စွာငြိမ်သက်မှုမျိုးဖြစ်၍ သမထသမာဓိမျိုးမဟုတ်သော 'သမ္မာသမာဓိ' ဖြစ်လေသည်။ အမှန်ပရမတ်အပေါ်တွင် အမှန်အတိုင်းငြိမ်သက်ပေးမှုပင်ဖြစ်သည်။

'ဘိက္ခဝေ-ချစ်သားတို့။ သမာဟိတော-တည်ကြည်ငြိမ်သက်မှုရသော။ ဘိက္ခု-တရားယောဂီသည်။ ယထာဘူတံ-ရုပ်နာမ်ပရမတ်တို့၏ဟုတ်မှန်သောသဘောတရားကို။ ပဇာနာတိ-

သိ၏’ ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တွင် မြတ်စွာဘုရားဟော တော်မူရကား- ပရမတ်ရုပ်နာမ်တို့၏ ယထာဘူတသဘာဝကို သမ္မာသမာဓိက မငြိမ်သက်ပေးဘဲ သမ္မာဒိဋ္ဌိက မရှုနိုင်ပါ။

**မေး** ~ စိတ်ငြိမ်သက်သောသမာဓိဖြစ်ဖို့ သမထတစ်ခုခုနှင့် ထူထောင်ပေးရပါသေးသလား။

**ဖြေ** ~ သာမညအားဖြင့် သမာဓိဟူသည် မျောက်ကဲ့သို့ပြေး သွားနေသောစိတ်ကို ငြိမ်သက်စေရန် အာရုံတစ်ခုခု ရှာဖွေ ပေးထားရလေသည်။ မိမိက အာရုံတစ်ခုခု ရှာဖွေမပေးလျှင် စိတ်သည် ၎င်း၏သဘာဝအတိုင်း အာရုံ(၆)ပါးတွင် တစ်ပါးပါး သို့ရှာဖွေရောက်ရှိသွားလေသည်။ သို့အတွက် ငြိမ်သက်မှုရရန် **‘အနုဿတိ, ကသိုဏ်း, အသုဘ’** စသောအာရုံများရှာဖွေ ပေးထားခြင်းကို **‘သမထ’** ဟုခေါ်သည်။ ထိုအာရုံတို့အပေါ် တွင် သဘောကျငြိမ်သက်နေခြင်းကို **‘သမထ သမာဓိ’** ဟုခေါ် သည်။ ယင်းကဲ့သို့ အနုဿတိ, ကသိုဏ်းစသောပညတ်ကို အာရုံပြု၍ စိတ်လေ့ကျင့်မှုပြုထားသော သမာဓိသည် ဈာန်ကို လည်းကောင်း၊ အဘိညာဏ်ကိုလည်းကောင်းဖြစ်စေလေသည်။

ဤအမိစိတ္တမဂ္ဂင်၌ပါသော သမာဓိသည် လောကုတ္တရာ မဂ်ရောက်အောင်ပို့သော သမာဓိဖြစ်၍ ပရမတ်ကိုအာရုံပြုရ ကား - ရုပ်နာမ်တို့၏ဖြစ်ခြင်း, ပျက်ခြင်းကိုသိသော သမာဓိဖြစ် လေသည်။

ပရမတ်အာရုံနှင့် လေ့ကျင့်မှုပေးထားသောစိတ်သည် ပရမတ်တရားနှင့် ရင်းနှီးမှုရသောကြောင့် ထိုပရမတ်သဘော တရားတို့၏ဖြစ်တတ်, ပျက်တတ်သောသဘောတို့ကို ယထာ ဘူတ ကျနမှန်ကန်စွာသိလေသည်။ ပညတ်နှင့် လေ့ကျင့်မှုပေး ထားသောစိတ်သည် ပညတ်နိမိတ်ကိုသာ သိခွင့် ရင်းနှီးခွင့်ရ သကဲ့သို့တည်း။

ဥပမာအားဖြင့် (အာနာပါန) ကျွန်ုပ်တို့အသက်ရှူနေသော 'ထွက်လေ ဝင်လေ' ကို ထွက်လျှင် 'ထွက်တယ်' ဝင်လျှင် 'ဝင် တယ်' ဟု လေဟူသောပညတ်ကိုသာ အာရုံပြုလေ့ကျင့်မှုပေး ပါက ပညတ်အာရုံထုံးစံအတိုင်း စိတ်သည်ငြိမ်သက်လာသည် နှင့်တပြိုင်နက် 'နေ, လ, နက္ခတ်, ဥယျာဉ်, ပန်းမာလ်, ရွှဲလုံး, ပုလဲကုန်း' စသောပညတ်နိမိတ်တို့သာ ထင်လာကုန်၏။ တစ်ဖန် ထိုထွက်လေ ဝင်လေကိုပင် ထွက်လေ ဝင်လေဟု ပဓာနမထား၊ လေဟူသောအမှတ်အသားကို အာရုံမပြုပါဘဲ နှာသီးဖျားတွင် တိုး၍တိုက်၍သွားသည့်သဘောကိုသာ သိနေက လှုပ်ရှားမှု, ရွေ့လျားမှု, ဖောက်ပြန်မှု, ဖြစ်ပျက်မှု ပရမတ်သဘောတို့သာ တစ်ဆင့်ထက်တစ်ဆင့်သိရာမှ-'သမာဟိတော ယထာဘူတံ ပဇာနာတိ' အရ နိမိတ်ပညတ်မပါသော ပရမတ်အာရုံအတိုင်း ဝိပဿနာဉာဏ်များဖြစ်လေသည်။

သမထ ပညတ်အာရုံတစ်ခုခုနှင့် လေ့ကျင့်မှုပေးသော

လေ့ကျင့်ခန်းယူသော သမာဓိမျိုးသည် ပညတ်အာရုံပြု၍ ဝိပဿနာတက်ရှု၍မရ၊ ဝိပဿနာရှုလိုလျှင် ထိုပညတ်အာရုံကိုခွါ၍ ရှုရလေသည်။

ပရမတ်အာရုံနှင့် လေ့ကျင့်လာသောသမာဓိမျိုးသည် ဝိပဿနာသမာဓိဟူသော '**သမ္မာသမာဓိ**' မဂ္ဂင်ဝင်သော '**ခဏိကသမာဓိ**' မျိုးဖြစ်၍ပရမတ်အာရုံဖြစ်သောကြောင့် ဝိပဿနာတိုက်ရိုက်ရှုနိုင်ပါသည်။

**မေး** ~ အချို့တရားအားထုတ်သူယောဂီတို့က အာနာပါနစသော သမထတစ်ခုခုနှင့်မျှ သမာဓိ မထူထောင်ဘဲနှင့် ဝိပဿနာရှု၍မရဟု ဆိုကြပါသည်။ ဟုတ်, မဟုတ်ဖြေကြားပေးပါ။

**ဖြေ** ~ ဤအပြောမျိုးသည် ဒေသနာသဘောကို သိ၍ပြောခြင်းမဟုတ် အစွဲပယောဂ အပြောသာဖြစ်ပါလိမ့်မည်။

(သမထနှင့် လေ့ကျင့်လာသောသမာဓိနှင့် ဝိပဿနာသမ္မာသမာဓိတို့၏အကြောင်း အကျယ်ကိုအထောက်အထားများနှင့်တကွသိရန် 'ဓမ္မစကြာအဖွင့် ဓမ္မသာရကျမ်း'တွင်ကြည့်ရှုပါ။ ဤနေရာတွင် အကျယ်မချဲ့သာပါ။)

သံသရာတစ်ခွင်တွင် မရပ်မနား ပြေးချင်တိုင်းပြေး သွားချင်တိုင်းသွားနေသောစိတ်ကို ပရမတ်အာရုံနှင့် လေ့ကျင့်မှုပေးကာ ယဉ်ပါးငြိမ်သက်စေသောအားဖြင့် ပရမတ်ရုပ်နာမ်တို့၏

ဖြစ်ခြင်း, ပျက်ခြင်းကို အမှန်အကန်သိရုံတွင်မက သံသရာဝဋ်မှ ထွက်မြောက်ရာ 'သစ္စာ' ကိုပါသိသွားကြောင်း မဟာဝဂ္ဂ သံယုတ်ပါဠိတော် သမာဓိသုတ်(၃၆၃)တွင် လေ့လာသိရှိနိုင်ပါသည်။

ရတနသုတ်ပါဠိတော် 'ယံဗုဒ္ဓသေဋ္ဌော' ပုဒ်တွင်လည်း လောကီရူပဈာန်, အရူပဈာန်သမာဓိမျိုးတို့နှင့် မနှိုင်းမယှဉ်နိုင်လောက်အောင် မြတ်သောလောကုတ္တရာအရဟတ္တဖိုလ်နှင့် ယှဉ်သောသမာဓိသည်သာ မြတ်စွာဘုရားတို့သည် အလေးထားချီးမွမ်းတော်မူကြကြောင်း ဟောတော်မူထားသည်။ (အကျယ်ကို ဓမ္မစကြာအဖွင့် ဓမ္မသာရကျမ်းတွင် ရှုပါ) ဤသည်လျှင် မဂ္ဂသစ္စာဖြစ်ပါသည်။

## 'မဂ္ဂသစ္စာ နက်(၄)ဖြာ'

**မေး** ~ ထိုမဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂသစ္စာသည် အဘယ့်ကြောင့် နိဗ္ဗာန်ရရန် လမ်းကြောင်းအမှန်ဟုဆိုရပါသနည်း။

**ဖြေ** ~ အကြင်တရားသဘောသည် လက္ခဏာ(၄)ပါး၊ အနက် (၄)ချက်နှင့်ပြည့်စုံ၏။ ထိုတရားသဘောသည် နိဗ္ဗာန်ရရန် အကြောင်းမှန်ဖြစ်၏။ အဘယ်သို့သော လက္ခဏာတို့နည်းဟူမူ- ထိုမဂ္ဂသစ္စာဟူသည် . . .

၁။ **'နိယျာနဋ္ဌ'** ခန္ဓာအာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်သံသရာမှ

ထွက်မြောက်အောင်ထုတ်ဆောင်ခြင်းဟူသော အနက်သဘော သည်လည်းကောင်း။
၂။ 'ဟေတွဋ္ဌ' အရိယာဖြစ်ကြောင်း သူတော်ကောင်းတို့၏ တရားဓမ္မစသည်များအားပွားစီးကြောင်း မူလဘူတအနက် သဘောသည်လည်းကောင်း။
၃။ 'ဒဿနဋ္ဌ' လေးပါးသောအရိယသစ္စာတို့ကို ပညာဉာဏ် သက်ဝင်၍ သိမြင်ခြင်းဟူသော အနက်သဘောသည်လည်း ကောင်း။
၄။ 'အဓိပတေယျဋ္ဌ' သံသရာကို ချဲ့ထွင်ပွားစီးစေတတ်သော တဏှာတရားတို့ အုပ်စိုးခွင့်မရ မိမိဉာဏ်နှင့် မိမိသည်ပင် အုပ်ချုပ်လွှမ်းမိုး အစိုးရခြင်းဟူသော အနက်သဘောသည် လည်းကောင်း။

ထိုဆိုအပ်ခဲ့ပြီးသော အနက်(၄)ပါးနှင့် ပြည့်စုံသောတရား သဘောသည် ဒုက္ခသစ္စာ ဆင်းရဲစွာသော ခန္ဓာငါးပါးရုပ်နာမ် တရားတို့ ချုပ်ပြတ်ငြိမ်းရာ နိဗ္ဗူတာသို့ မှန်စွာရောက်တတ်ရ စေတတ်သော လမ်းကြောင်းဧကန် စင်စစ်မှန်၏။ ထို့ကြောင့် မြတ်သောအကျင့် 'ဗြဟ္မစရိယ' ဟူ၍ခေါ်ဝေါ်ချီးကျူးဂုဏ် ထူးရှိသောတရားသည် လမ်းကောင်းမှန်စွာ 'မဂ္ဂသစ္စာ' ဟု ဟောတော်မူသည်။ ယင်းသို့လျှင် မဂ္ဂသစ္စာဟူသည် . . .

'တထာ' မှန်ကန်ကုန်၏။

'အဝိတထာ' မချွတ်မယွင်းကုန်။

'အနညထာ' သံသရာမှထုတ်ဆောင်ခြင်း နိယျာနဌ အနက်သဘောမှတစ်ပါး သံသရာမှ မထုတ်ဆောင်ခြင်းစသော အနက်သဘောမှ ကင်းကုန်၏။

ဤသို့လျှင် မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာသဘောများကို အကျဉ်း အားဖြင့် ထုတ်ပြပြီး၍ တစ်မျိုးစီ, တစ်ပါးစီ သရုပ်အားဖြင့် ကွဲ စေကာမူ 'သမ္မာဒိဋ္ဌိပုရေဇဝံ' ဟုဟောတော်မူသောအတိုင်း ခေါင်းဆောင်သမ္မာဒိဋ္ဌိက ပရမတ်ရုပ်နာမ် အမြင်မှန်လျှင် ၎င်း နောက်မှ ကျန်မဂ္ဂင်တို့သည် ၎င်းတို့၏တာဝန်ကို ၎င်းတို့ဘာ သာထမ်းဆောင်လျက် ပါလာရစမြဲဖြစ်ရာ အရေးကြီးသော ခေါင်းဆောင်သမ္မာဒိဋ္ဌိက ခေါင်းဆောင်မှန်စေရန် ပရမတ်ဖြစ် သော ဖောက်ပြန်သဘော(ရုပ်)၊ သိသဘော(နာမ်)တို့ကို မှန်မှန်သာသိမြင်အံ့။ ကျန်သောမဂ္ဂင်နောက်လိုက်တို့ကလည်း သူ့ကိစ္စသူဆောင်ရွက်သောအားဖြင့် ခေါင်းဆောင်သမ္မာဒိဋ္ဌိကို ကူညီကြကာ မဂ်ဖိုလ်နိဗ္ဗာန်သို့အရောက်သွားကြလေသည်။ သို့ဖြစ်၍ မဂ္ဂသစ္စာဆောင်ပုဒ်ကို အလွယ်နှင့်သိရန် . . .

* နိဗ္ဗာန်ရောက်ရန်ကျင့်တရားက-မဂ္ဂင်ရှစ်ပါးမှန်ရမည်။
ရုပ်နာမ်နှစ်ဖြာအမှန်သိမှ-သမ္မာဒိဋ္ဌိဆိုရမည်။
ရုပ်နာမ်အမှန်ကိုကြံစည်ခြင်းက-သင်္ကပ္ပဟုခေါ်လေသည်။
မဂ္ဂင်နှစ်ပါး ပညာထား-ခေါ်ကြားသိကြမည်။

အဲဒါမှ-သစ္စာမေ့ မဂ္ဂခေါ်ပါသည်။
* ရုပ်နာမ်သိရန်အားထုတ်ပါမှ-သမ္မာဝါယာမဖြစ်လေသည်။
အောက်မေ့ဆင်ခြင်ကောင်းစွာရှိမှ-သမာဓိဟုခေါ်ရသည်။
ဝါစာ-ကမ္မ-အာဇီဝလဲ-သမ္မာတွဲမှ-မှန်လေသည်။
မဂ္ဂင်ရှစ်ပါး-ဤတရား-ပွားများဘာဝေမည်။
အဲဒါမှ-သစ္စာမေ့ မဂ္ဂခေါ်ပါသည်။

## 'ဉာဏ်(၁၂)ပါး အကျယ်မှား'

**မေး** ~ မြတ်စွာဘုရားသည် သစ္စာလေးပါးကိုဟောတော်မူရာ၌ သစ္စာတစ်ပါး တစ်ပါးလျှင်(သစ္စ-ကိစ္စ-ကတ)ဉာဏ်(၃)ပါးစီနှင့်ဟောတော်မူကြောင်း သိရပါသည်။ ရှေးဦးစွာ ဒုက္ခသစ္စာ၏ဉာဏ်(၃)ပါးကို သဘောပေါက်အောင် ရှင်းပေးစေလိုပါသည်။

**ဖြေ** ~ မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့အား သစ္စာလေးပါးကိုဟောကာမျှနှင့် အလုပ်သဘောမပေါက်သေးသောကြောင့် အခြင်းအရာတစ်ဆယ့်နှစ်ပါး ဉာဏ်စိပ်များဖြင့် သဘောသရုပ်ကိုခွဲထုတ်၍ ဟောတော်မူရာ ရှေးဦးစွာ ဒုက္ခသစ္စာ၏ဉာဏ်(၃)ပါးဟူသည်ကား . . .

**'သစ္စဉာဏ်'** 'သိထားအပ်သောဉာဏ်'
**'ကိစ္စဉာဏ်'** 'ကိုယ်တိုင်သိအပ်သောဉာဏ်'
**'ကတဉာဏ်'** 'ကိုယ်တိုင်သိပြီးသောဉာဏ်'

ဟူ၍ (၃)ပါးဖြစ်ပါသည်။

## 'သစ္စဉာဏ် (၃)ပါး'

**မေး** ~ ထို (၃)ပါးဖြစ်ပုံကို အလုပ်သဘောအရ ရှင်းပေးပါ။

**ဖြေ** ~ ရှေးဦးစွာ ဤရုပ်နာမ်ခန္ဓာသည် သင်္ခတတရားတို့ဖွဲ့စည်းထားသော ဖြစ်တတ်ပျက်တတ်သည့်သဘောတရားတို့သာရှိသော သင်္ခါရဖြစ်သောကြောင့် 'ဒုက္ခသစ္စာ' ဆင်းရဲအမှန်ဖြစ်ကြောင်းကို ကြားနာမှတ်သား ပရိယတ်အနေအားဖြင့် သင်ကြားနားလည်ထားမှုဖြစ်ပါသည်။ ထိုဆင်းရဲအမှန်ဖြစ်သော ဤခန္ဓာ၏သဘောကို မြတ်စွာဘုရားဟောရာ၌ 'ငါသည် ဘုရားအဖြစ်သို့ မရောက်သေးမီ သံသရာဘဝအနန္တမှ ဤခန္ဓာ၏ဒုက္ခသစ္စာ ဆင်းရဲစွာသောသဘောတို့ကို သိဖို့မဆိုထားဘိ ကြားမှ မကြားဖူးသောအမှန်သဘောတို့ကို မဂ္ဂသစ္စာဘာဝနာဖြင့် လေ့လာသော ငါ့အား . . .

၁။ 'စက္ခုံ ဥဒပါဒိ' - ပိဋ္ဌနဋ္ဌစသည် (၄)ချက်သဘောနက်တို့ဖြင့် ဤခန္ဓာသည် ဘဝသံသရာများလှစွာသောဘဝတို့၌ အို, နာ, သေရေး သောကဘေးတို့ဖြင့် အမြဲမပြတ်ညှဉ်းပန်းနှိပ်စက်မှုကိုခံခဲ့ရလေပြီ။ ယင်းသို့ အနှိပ်စက်ပင်ခံခဲ့ရသော်လည်း 'ဤရုပ်နာမ်ခန္ဓာကား ဆင်းရဲအမှန် ဒုက္ခသစ္စာသာတည်း' ဟု သိရန်အခွင့်ပင် မရခဲ့ရိုးအမှန်၊ ယခုအခါသော်ကား . . . . ငါဘုရားသည် ကိုယ်တိုင်သိမြင် ပင်ထွက်ဉာဏ်ကြောင့် ရုပ်နာမ်

တရား ဤနှစ်ပါးတို့ကား **'ဆင်းရဲစင်စစ် ကေန်ဖြစ်၏'** ဟူသောဒုက္ခသစ္စာကို သိတတ်, မြင်တတ်သော ပညာမျက်စိသည် ထင်ရှားဖြစ်လာခဲ့ပြီ။

၂။ **'ဉာဏဉဒပါဒိ'** - ယင်းရုပ်နာမ်ဒုက္ခသစ္စာ၌ (၄)ပါးသော နှိပ်စက်ခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းပန်းခြင်းကိုခံရသောသဘောတို့သည် ဘယ်လူ, ဘယ်နတ်, ဘယ်သတ္တဝါတစ်ဦးတစ်ယောက်ကမှ အပြင်ကလာ၍နှိပ်စက်သည်မဟုတ် ဤရုပ်နာမ်၏ အတိတ်ဘဝ သင်္ခါရအကြောင်းခံသဖြင့် ဝိညာဏ်, ရုပ်နာမ်ဇာတိကစခဲ့သဖြင့် ရုပ်ခဲနာမ်ခဲ အဆင်းရဲမှုအစစ် ကေန္တဖြစ်ကြောင်း ဉာဏ်တစ်ဆင့်လောင်း၍ ငါကောင်းကောင်းသိခဲ့ရပြီ၊ ယင်းသို့သိရသောဉာဏ်မှာလည်း ရှေးခါကာလ ဘယ်ဘဝမှကြားပင်မကြားရဖူးသောဉာဏ်အထူးနှင့် ဦးစွာသိရပေသောသဘောသည်လည်း ထင်ရှားစင်စင် ငါ၌ဖြစ်ပြီ။

၃။ **'ပညာဉဒပါဒိ'** - ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာသည် ဒုက္ခသစ္စာဆင်းရဲသာအမှန်ဟု ပိုင်ပိုင်မိမိပညာနှင့် ကြည့်ကာမှ ငါသူလူနတ် ပုဂ္ဂိုလ်သတ္တဝါနှင့်မစပ်သတ်သတ်သောဖောက်ပြန်မှု ဖြစ်ပျက်, သိမှုဖြစ်ပျက်တို့ ရက်ရက်စက်စက် သူ့သဘော ဘယ်သူ့မှ မလိုက်လျောဘဲ သူ့ကိစ္စသူလုပ် ထိန်းချုပ်လို့မရ အနတ္တသဘာဝမို့ ငါဘုရားမဖြစ်မီ ဘဝများစွာသံသရာက ငါ့မှာ အဦးကြားဖူးဖို့ဝေးစွ စိတ်ကူး၍ပင် တွေးထင်မရသော သဘောတရားဒုက္ခ

သစ္စာရုပ်နာမ်နှစ်ပါးကို ပညာဉာဏ်အားနှင့် သေချာစွာရှုသူများအတွက် ထင်ရှားကေန်သိမြင်သောဉာဏ်သည် မမှားကေန် အမှန်ဖြစ်၍လာလေပြီ။

၄။ 'ဝိဇ္ဇာဥဒပါဒိ' ဩဃလေးဖြာသံသရာတွင် နစ်တုံပေါ်တုံ စုန်ဆန်လူးလာဖြစ်ခဲ့ရသော ဘဝပေါင်းများစွာတွင် အမိုက်အင်္ဂါလေးဖြာမှောင်ထက် အဝိဇ္ဇာမှောင် မကာအောင်သူဖုံးတော့ အသိလုံးဝိဇ္ဇာဉာဏ်ရဖို့ရန်အရေး အဝေးကြီးဝေးခဲ့သည်။ သို့ပင်ဖြစ်ငြား အာတာပီစွမ်းပကားနှင့် ယောက်ျားတို့သတ္တိ ငုတ်မိက သဲတိုင်တက်နိုင်က အဖျားရောက် သိလောက်သည့် အခြေကြီးစားလေတော့ မရလျှင်ငါမနေဟု ဉာဏ်အထွေထွေ စစ်ကာကြည့်တော့ သစ္စာသိရုပ်နာမ် ဒုက္ခသာကေန်ဟု ဝိဇ္ဇာဉာဏ်ထိုးထွင်း ထင်အလင်းယခု၊ သိရသည့်အမှုမှာ၊ ရှေးပဝေဏီအသချော်ချိုပြီး၊ သိဖို့ရန်မဆိုထားနှင့် ပြောကြားသည့်စကားဟန်၊ အသံပင် မကြားစဖူးမို့၊ ယခုသိရသော တရားအထူး၌၊ သစ္စာကိုသိတတ်သော ဝိဇ္ဇာဉာဏ်သည် အထင်အရှားပေါ်ပေါက်၍လာချေပြီ။

၅။ 'အာလောကောဥဒပါဒိ' - သုံးဆယ့်တစ်ဘုံသား ပုထုဇ္ဇန်ပုဂ္ဂိုလ်များမှာ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရားကြီးကို အသီးသီးရရှိကြရိုး အမှန်ဖြစ်ပေသည်။ သို့ရာတွင် ထိုရုပ်နာမ် ဒုက္ခသစ္စာတရား၌ အဝိဇ္ဇာမှောင်ကြီး ပိတ်ကာဆီးနေ

သည့်အတွက် 'ဤကားရုပ်, ဤကားနာမ်, ဤသည်ကား ဒုက္ခသစ္စာ' ဟု မိမိကိုယ်အတွင်း၌ ဉာဏ်ပညာအရောင်မလင်းသည့်အတွက် ဆီးနှင်းရောမြူတိမ်ပါ အသူရာထပ်ကာဖုံးသည့် လမင်းထုံးပုံပမာနှင့် စကြဝဠာတိုက်အကြား လောကန္တရိုက်ငရဲသားများကဲ့သို့ အလင်းမှမရ ရုပ်နာမ်နှစ်ဝ ဤကာယကို ငါထ-ငါထိုင်-ငါကိုင်-ငါသွား၊ ငါကြား-ငါကြည့်-ငါသိ-ငါမြင်၊ ငါငါပဲ ထင်ကြသည် ဝိဉာဏ်၏လှည့်ကွက် သံသရာ ဤမှာဖက်မှာ ငါချင်းစီ ထိတော့မည်၊ သက္ကာယဒိဋ္ဌိ ငြိချင်တိုင်းငြိပြီးလျှင် ဇာတိကစခဲ့သည့်သတ္တဝါ အို, သေမှာအဆုံး ဘဝနိဂုံးတွင် အသုံးမကျဖြစ်ခဲ့ရသမျှမှာ ရုပ်နာမ်သာမူလ သူဇာတိအစမို့ နိဒါနအလာ တွေးဆကာ နှလုံးသွင်းတော့ ဖြစ်ခြင်းနှင့် အပျက်တစ်စက်မှ ငါမဟုတ် 'ဒုက္ခမေဝဥပ္ပဇ္ဇမာနံဥပ္ပဇ္ဇတိ' ပါဠိအရှိဖြင့် အတပ်သိသောဝိဇ္ဇာဉာဏ်အလင်းကို ဘဝထိုထို ပျက်ဆုံးလှိုပြိုခဲ့သော်လည်း မကြားဖူးရိုးအမှန် ယခုမှ ဝိဇ္ဇာဉာဏ်ကြောင့် ခန္ဓာကိုယ် အမှောင်တိုက်အတွင်းသို့ ဉာဏ်အလင်းဝင်ရောက်ကာမှ သိရသည့်ဒုက္ခသစ္စာ ဆင်းရဲအမှန်ပါပဲဟု ခန္ဓာမှာဉာဏ်အလင်းဖြင့် သိမြင်ခြင်းဖြစ်ရလေသည်။

## 'ကိစ္စဉာဏ်(၃)ပါး'

**မေး** ~ သင်ကြားနာယူထားရသော ဒုက္ခသစ္စာ၏ သစ္စဉာဏ်တွင် ဉာဏ်စိပ်ငါးပါးသဘောများကို သေချာကျနသိရပါပြီ။ ထို

ဒုက္ခသစ္စာ၏ကိစ္စဉာဏ်ဟူသော လုပ်ငန်းကိုယ်တွေ့တွင် သိမြင်ရမည့်ဉာဏ်စိပ်တို့ကိုလည်း ရှင်းပါဦး။

**ဖြေ** ~ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့အား ငါဘုရားသည် ဤကဲ့သို့ ဘုရားအဖြစ်သို့မရောက်သေးမီ အစမထင် သံသရာတခွင်တွင် ကျင်လည်ခဲ့ရာ၌ ဤရုပ်နာမ်ခန္ဓာသည် ဆင်းရဲအမှန်ဖြစ်သောဟန်ကို ပိုင်းပိုင်းခြားခြား ကိုယ်တွေ့အားဖြင့် သိမြင်အပ်သောတရားဟူ၍ ဘဝများစွာအသချေပင် ကြာသော်လည်း သိမြင်ဖို့ဝေးစွ ကြားမှုပင် မကြားစဖူးသော ဤဒုက္ခသစ္စာ ရုပ်နာမ်သည် အဘယ့်ကြောင့် ဆင်းရဲအမှန်ဖြစ်ဘိသနည်းဟု တွေးဆကြံဖန်ပင်ထွက်ဉာဏ်ဖြင့် ရှာပြန်လေသောအခါ 'ပီဠနဋ္ဌ' စသည် (၄)ချက်နှိပ်စက်ခြင်းကြောင့် ဆင်းရဲစင်စစ်ကေန်ဖြစ်သည်ကို ကိုယ်တိုင်ဒိဋ္ဌတွေ့သိရသောတရားတို့၌ . . .

၁။ **'စက္ခုဥဒပါဒိ'** - ဤဒုက္ခသစ္စာဟူသော ရုပ်နာမ်သည် တလှုပ်လှုပ်, တရွရွတမွမွ စသည်အားဖြင့် မရပ်မနားဖြစ်တတ်ပျက်တတ်သောတရားတို့ဖြင့် ရင့်ရော်ယိုယွင်း အိုခြင်း၊ သေခြင်းတို့ အမြဲမပြတ် ရုပ်နာမ်ခတ်တို့ ကပ်၍နှိပ်စက်နေကြသဖြင့် ဆင်းရဲအမှန်ဖြစ်နေပေသည်။ ထိုရုပ်နာမ်တရား၌ ဤမျှဆင်းရဲနေသည်ကို ငါသည်ရှေးဘဝများစွာက ကြားမျှပင်မကြားရဖူးကုန်သော ဤဒုက္ခသစ္စာတရားကို ပိုင်းခြားထင်ထင်အလုပ်

သဘောဝင်၍သိမြင်အပ်သော 'ကိစ္စ' ၌ပိုင်ပိုင်မိမိ ကိုယ်တိုင် သိအပ်သောပညာမျက်စိသည် ထင်ရှားဖြစ်လေပြီ။

၂။ 'ဉာဏုပ္ပါဒ' - အထက်ပါဆင်းရဲမပြတ် နှိပ်စက်တတ်သည့်တရားလေးပါးတို့ဖြင့် အနှိပ်စက်အညှဉ်းဆဲခံနေရသော ဤရုပ်နာမ်ခန္ဓာသည် ဤမျှဆင်းရဲနေသည်ကို ဤအသိဉာဏ်မရမီ ရှေးအခါက ကြားပင်မကြားရဖူးသော ငါ့အား **'ယခုအခါ ဤခန္ဓာသည် ဒုက္ခအနက် ဤလေးချက်ကြောင့် ဆင်းရဲ အမှန်ဒုက္ခသစ္စာ'** ဟူ၍ ခန္ဓာအရှိကို ဉာဏ်နှင့်သိသဖြင့် ဤခန္ဓာသည် အနှစ်သာရ ဘာမျှမရှိဟု ပိုင်ပိုင်မိမိ ကိုယ်တိုင်သိအောင်လေ့ကျင့်ရမည့် **'ကိစ္စ'** ဟူ၍သိသောဉာဏ်သည် ထင်ရှားဖြစ်လေပြီ။

၃။ 'ပညာဉပ္ပါဒ' - ရုပ်နာမ်ခန္ဓာ၏ဆင်းရဲအမှန်ကို သိခွင့်ပရသောအဝိဇ္ဇာမှောင်ကြောင့် ဉာဏ်ရောင်မလင်း ပညာကင်းသဖြင့် အလျှင်းပင်မသိခဲ့ရ ယခုအခါ ဝိဇ္ဇာလက်နက်ဉာဏ်သံလျက်ဖြင့် အဝိဇ္ဇာဓာတ်ပယ်ခွါသတ်၍ ဉာဏ်မြတ်သိရာ ဤခန္ဓကား ဒုက္ခသစ္စာဆင်းရဲစွာဟု သေချာသိပြန် ဤရုပ်နာမ်လျှင်ဖြစ်ခြင်း, ပျက်ခြင်း, ဖောက်ပြန်ခြင်းကြောင့် မကောင်းအနိစ္စာ ဆင်းရဲစွာနှင့် အစိုးမရအနတ္တာဟု မုချသိပြန် ပင်ထွက်ဉာဏ်ကြောင့် ကေန်ဒုက္ခ သူ့ **'ကိစ္စ'** ကိုသိသောပညာထင်ရှားစွာ ဖြစ်ပေါ်၍လာပေပြီ။

၄။ 'ဝိဇ္ဇာဥဒပါဒိ' - အဝိဇ္ဇာဟူသောအမိုက်တိုက်သည် အမှန်တရားပရမတ်များနှင့် သစ္စာတရား ဤသည်များကိုသာ သိခွင့်မပေး။ သို့အရေးကြောင့် ကိုယ်မှာဖြစ်ပြန် ဤရုပ်နာမ်ကို ဒုက္ခဆင်းရဲအမှန်ပဲလို့ မသိမမြင်ခဲ့ရပေ။ သို့တစေလည်း ဤကာယေတစ်လုံးမျှကို ဝိဇ္ဇာဉာဏ်အတန်တန်ရအောင် သမ္မာဉာဏ်အမှန်ပြင်၍ ရှုကြည့်သောအခါ တသဲသဲ တလှုပ်လှုပ် တဖြုတ်ဖြုတ် ဤခန္ဓာ ဘယ်ဟာမျှမမြဲ ဒုက္ခပဲ ရုပ်နာမ်ဆင်းရဲသာအမှန်ဟု ဉာဏ်ပါပါဝိဇ္ဇာမျိုးဖြင့် ပိုင်ပိုင်မိမိ ပိုင်းခြား၍ သိအပ်သော 'ကိစ္စ' ပါတကားဟု သိသောဝိဇ္ဇာသည်ထင်ရှား ယခုဖြစ်ပေါ်၍လာခဲ့ပြီ။

၅။ **'အာလောကောဥဒပါဒိ'** - သတ္တဝါတိုင်းသည် အပြင်အပဗဟိဒ္ဓရုပ်ကိုသာ သဏ္ဌာန်, ဒြပ်, အကောင်အထည်ကို အစွဲပြု၍ သာနေကြသည်။ အတွင်းဖြစ်သောသဘောတရားအမှန်ကို အမှန်အတိုင်း မသိမမြင်ကြချေ။ ထိုအတွင်းသဘောတရားတို့မှာ မှောင်အတွင်းကျသည်သို့ ဘဝသံသရာ ကြာချင်တိုင်းကြာလည်း ဘာမျှမသိခဲ့ရပေ။ ယခုအခါ ငါသော်တမူ 'ပဟိတတ္တ' လုံ့လဝီရိယအားဖြင့် အဝိဇ္ဇာအမှောင်ထုကိုဖောက်ခွဲ ဝိဇ္ဇာဉာဏ်အလင်းရောင်ဖြင့် ခန္ဓာအတွင်း သွတ်သွင်း၍ကြည့်သောအခါ ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်တို့ဖောက်ပြန်မစဲ တသဲသဲ ဒုက္ခဆင်းရဲလှချည့်ဟု ပိုင်းခြားသိမြင် ထိုဒုက္ခခန္ဓာ၏ 'ကိစ္စ' ပင်ဟု

ပညာဆီမီးအလင်းဉာဏ်ကြီးကား ငါ့အားထင်မှု ယခုဖြစ်ရလေပြီ။

## 'ကတဉာဏ်(၃)ပါး'

**မေး** ~ ဒုက္ခသစ္စာ၏ကိစ္စသဘော အကျယ်ဟော၍သိရပါပြီ။ ဤရုပ်နာမ်ဒုက္ခ ကိုယ်တိုင်ဉာဏ်ဖြင့် အမှန်သိ၍ ဘယ်မျှထိ ပိုင်နိုင်မှ ကတခေါ် ထိုဉာဏ်မြတ်အဆုံးသတ်သည်ကို တပ်တပ်ထင်ထင် ရှင်းလင်းစေချင်ပါသည်။

**ဖြေ** ~ မြတ်စွာဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း တွက်ကိန်းများလှ ပါရမီသမ္ဘာရတို့ တစ်စမကျန်ဖြည့်ခဲ့သည် အမှန်ပင် ဘယ်မျှပင် ပါရမီဖြည့်၍ကျင့်ဓလေ့ခြိုးခြံ ဤခန္ဓာရုပ်နာမ်ကို တစ်ရံတစ်ဆစ်မျှ ဒုက္ခသဘောဟု ဉာဏ်နှင့်သိရန် အခွင့်အခါမရပါသဖြင့် ဘဝတိုင်းသေ သင်္ချိုင်းမြေတို့ တိုးပွား၍သာလာလေသည်။ ယခုအခါ ဉာဏ်ဝိဇ္ဇာကိုယ်ပိုင်နှင့် ရှုကြည့်နိုင်သော ငါ့အား ရှေးအခါက သိဖို့ရန်မဆိုထားနှင့် ကြားမှ မကြားရဖူးသောရုပ်နာမ်ဖြစ်ပျက် ဒုက္ခသစ္စာသဘောတို့ကို ပိုင်းခြားကုန်စင် သိမြင်ပြီးပြီဟု စိတ်ဘဝင်ကျလောက်အောင် သံသရာ့နယ်တစ်ခွင် ဒုက္ခသာမြင်တော့သည်။ ယင်းသို့ သိမြင်ပြီးသောဒုက္ခသစ္စာတရားတို့၌ . . .

၁။ 'စက္ခုံဥဒပါဒိ' - ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာသည် ဒုက္ခာစင်စစ်ဆင်းရဲဖြစ်၏ဟု ရှေးအခါက မကြားရဖူးသောထူးဆန်း

ခက်ခဲနက်နဲသည့် ဒုက္ခသစ္စာ ဤခန္ဓာကို ဆင်းရဲအမှန်ဟု သိတတ်သောဉာဏ်မျက်စိဖြင့် ပိုင်းခြားကုန်စင် သိမြင်၍ပြီး လေပြီ။

၂။ 'ဉာဏံဥဒပါဒိ' - သိတတ်မြင်တတ်သောဉာဏ်သည်ဖြစ် လေပြီ။

၃။ 'ပညာဥဒပါဒိ' - ဤခန္ဓာဒုက္ခမှတစ်ပါး အခြားဒုက္ခဘာမျှ မရှိဟု ပိုင်းခြားကုန်စင် ပညာဖြင့်မြင်လေပြီ။

၄။ 'ဝိဇ္ဇာဥဒပါဒိ' - အသိဉာဏ်ဝိဇ္ဇာဖြင့် ဒုက္ခကုန်စင်ဆင်းရဲ ဟု သိမြင်ပြီးပြီ။

၅။ 'အာလောကောဥဒပါဒိ' - ဝိဇ္ဇာပညာအလင်းဓာတ်ဖြင့် 'ဋ္ဌောကံဒုက္ခံ' ဤခန္ဓာကား ဆင်းရဲအစစ် ဤရုပ်နာမ်ခန္ဓာမှ လွဲ၍ ဆင်းရဲကိုမရအပ်ပေဟု ဆင်းရဲကုန်အောင် ဉာဏ်အလင်း ရောင်ဖြင့် ကောန်သိ၍ပြီးလေပြီ။

ဤသည်လျှင် ဒုက္ခသစ္စာ၌ ဉာဏ်ငယ်(၃)ပါးပြီးသတည်း။

## 'သမုဒယသစ္စာ ဉာဏ်(၃)ဖြာ'

**မေး** ~ ဒုက္ခသစ္စာသဘောကို သိရပါပြီ။ သမုဒယသစ္စာ၌ လည်း ဉာဏ်ငယ်(၃)ပါးဖြစ်ပုံများကို ဟောကြားပေးရန်တောင်း ပန်ပါသည်။

**ဖြေ** ~ သမုဒယသစ္စာဟူသည်ကား(ဒုက္ခသမုဒယ) ဆင်းရဲဖြစ် ကြောင်းကိုဆိုလိုသည်။ ဤရုပ်နာမ်ဒုက္ခသည် အကြောင်းကင်း

၍ဖြစ်သည်မဟုတ်ခဲ့။ အတိတ်ဘဝ တဏှာ, ဥပါဒါန်, ကံတို့ကြောင့် ခန္ဓာဒုက္ခဖြစ်လာရသည်။ ယင်းသည် 'ဒုက္ခသမုဒယသစ္စာ' ပင်ဖြစ်လေသည်။ ထိုခန္ဓာဒုက္ခကို ဆင်းရဲဟူ၍သိမြင်လာသောသူအား ထိုခန္ဓာကို ပြုလုပ်ဖန်တီးပေးသော 'ဒုက္ခသမုဒယ' ကို ပယ်ရမည်သာဖြစ်လေသည်။ ထို့ကြောင့် ရုပ်နာမ်ဒုက္ခသစ္စာသည် (ပရိညာကိစ္စ) ပိုင်ပိုင်သိရမည့်သစ္စာတရားဖြစ်၍ ထိုခန္ဓာဒုက္ခရကြောင်း 'ဒုက္ခသမုဒယ'သည် (ပဟာနကိစ္စ) ပယ်ရမည့်သစ္စာတရားသာဖြစ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့အား ငါဘုရားသည် ဤခန္ဓာဒုက္ခ၏ဖြစ်ကြောင်း အမှန်အရင်းခံလက်သည်ကို ဘဝများစွာသံသရာကာလပတ်လုံး ရှာဖွေခဲ့ရာ၌ သိမ်မွေ့နက်နဲသောသဘောကြောင့်လည်းကောင်း သိနိုင်မြင်နိုင်သောဉာဏ် ငါ့ထံမှာ မရမရှိသောကြောင့်လည်းကောင်း မသိမမြင်ခဲ့ရချေ။

သို့ရာတွင် 'အာတာပိနောဈာယတော ဗြဟ္မဏဿ' မဆုတ်မနစ်အား မာန်သစ်ဖြင့်ရှာဖွေခဲ့ရာ ယခုအခါ၌ကား ထိုဆင်းရဲမှန်စွာ ခန္ဓာဒုက္ခဖြစ်လေရအောင် ကြံဆောင်ပြုလုပ်လာသောတရားကား တဏှာဟူ၍လည်းကောင်း၊ လောဘဟူ၍လည်းကောင်း၊ ရာဂဟူ၍လည်းကောင်း အတိအကျသိရပေသောကြောင့် ထိုသမုဒယတဏှာဟူ၍ သိအပ်သော 'သစ္စဉာဏ်' ကိုလည်းကောင်း . . .

ထိုသမုဒယသစ္စာသည် 'ပယ်အပ်၏' ဟုသိသော 'ကိစ္စ ဉာဏ်' ကိုလည်းကောင်း၊ ထိုသမုဒယသစ္စာကို 'ပယ်ပြီးပြီ' ဟု သိသော 'ကတဉာဏ်' ကိုလည်းကောင်း သိသင့်သိထိုက်သော သမုဒယနှင့် ပတ်သက်သောတရားတို့၌-

၁။ 'စက္ခုံဥဒပါဒိ' - ပညာတည်းဟူသောမျက်စိသည်ထင်ရှား ဖြစ်ပြီ။

၂။ 'ဉာဏံဥဒပါဒိ' - ဉာဏ်သည်ထင်ရှားဖြစ်ပြီ။

၃။ 'ပညာဥဒပါဒိ' - အစိပ်စိပ်အလီလီ ပိုင်နိုင်စွာ သိတတ် သောအသိပညာသည် ထင်ရှားဖြစ်ပြီ။

၄။ 'ဝိဇ္ဇာဥဒပါဒိ' - အဝိဇ္ဇာဖုံးလွှမ်း၍မသိရသော သမုဒယ သစ္စာ၌ ဝိဇ္ဇာဉာဏ်အလင်းဖြင့် သိခြင်းသည်ထင်ရှားဖြစ်ပြီ။

၅။ 'အာလောကောဥဒပါဒိ' - သမုဒယသစ္စာကိုပယ်သတ် ရမည့်တရားဖြစ်ကြောင်း ဉာဏ်အလင်းသည်ထင်ရှားဖြစ်ပြီ။

(ဤမှနောက်၌ အကျဉ်းချုပ်ပါအံ့။ အကျယ်တဝင့်အပြည့်အစုံ ကို ဆက်လက်ရေးသားထားသော ဓမ္မစကြာအဖွင့် ဓမ္မသာရ ကျမ်းတွင် ကြည့်ရှုကြပါရန်။)

## 'နိရောဓသစ္စာ ဉာဏ်(၃)ဖြာ'

**မေး** ~ ဒုက္ခနိရောဓသစ္စာ၌ ဉာဏ်(၃)ပါးဖြစ်ပုံ သိသာရုံရှင်း ပြပါ။

**ဖြေ** ~ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့အား ဆင်းရဲချုပ်ရာ ဒုက္ခ

နိရောဓသစ္စာကို သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်တို့ဖြင့် ဝေဖန်၍ဟောတော်မူပုံမှာ-

အို . . . ပဥ္စဝဂ္ဂီတို့ ငါသည် ဥရုဝေလတောတွင် ဒုက္ကရ အကျင့်ကို ကျင့်နေရာမှ သင်တို့ထွက်ခွါစွန့်ပစ်သွားပြီးနောက် သေနာနိဂုံးနေရဥ္စရာမြစ်အနီး ဗောဓိပင်ရင်းသို့ကပ်လျက် တရားထူးရရန်အကြံအစည်ဖြင့် ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး (၇)ရက်မှအလွန်တွင် ထိုသမာပတ်မှထလျက် ကဆုန်လပြည့် မည့်ညဦးယံတွင် ဒုက္ခသစ္စာ နာမ်ရုပ်သတ္တဝါတို့၏ဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကို အစဉ်လိုက်နှလုံးသွင်း ဆင်ခြင်ခဲ့သည်။ ထိုသို့ ဆင်ခြင်သောအခါ ဒုက္ခသစ္စာ ရုပ်နာမ်သတ္တဝါသည် အတိတ် သမုဒယသစ္စာလျှင်ဖြစ်ကြောင်းရှိ၏။ သမုဒယကြောင့် ရုပ်နာမ် ဒုက္ခသစ္စာသစ္စာဖြစ်လာရ၏။ ထိုရုပ်နာမ်ဒုက္ခသစ္စာသည် ဒုက္ခ ဖြစ်ကြောင်း သမုဒယသစ္စာကိုသာလျှင် ပြန်လည်ပြုလုပ်သဖြင့် ဒုက္ခသံသရာလည်သွားပုံ ထိုသံသရာဖြစ်ကြောင်း လည်ကြောင်း ကို ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သာ အပြန်အလှန်ဖြစ်နေ ကြပုံများကို ဉာဏ်နှင့်ဒိဋ္ဌ ငါသိရပြီ။

ထို့ပြင် သံသရာဟူသော ပဋိစ္စသမုပ္ပါဒ်အဖြစ်ဇာတ်၌ ဒုက္ခနှင့် သမုဒယနှစ်ခုအပြင် အခြားဘာတစ်ခုမျှမရှိကြောင်း ကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိအပ်ပြီ။ ထိုညဦးယံ တစ်ချိန်လုံး ဉာဏ်နှင့်ဖိ၍ အဖန်ဖန်ရှုကြည့်သော်လည်း ဒုက္ခ

သမုဒယ ယင်းနှစ်ဝမှတစ်ပါး အခြားမရှိပုံကို စင်စင်ကြယ်ကြယ် သိမြင်ရသော ငါ့အား ယုံမှားသင်္ကာ, ဝိစိကိစ္ဆာတို့ ပယ်ခွါ လွတ်ကင်းအမြင်ရှင်းလေပြီ။

ထိုနောက်တစ်ဖန် သန်းခေါင်ယံ၌ စက်ရဟတ်ပမာ ပဋိစ္စ သမုပ္ပါဒ်သံသရာတွင် ဒုက္ခသမုဒယ(၂)ခုတို့ချုပ်ရာ အေးငြိမ်း သောနိဗ္ဗာန်ဟူသည့် သံသရာအချုပ်ကို ဉာဏ်နှင့်ဆင်ခြင်လတ် သော် . . .

ရုပ်နာမ်ရှိ ဒုက္ခသစ္စာသတ္တဝါတို့သည် အိုမှု, သေမှုတို့ကို ရင်ဆိုင်တွေ့နေရသည်။ ထိုအိုမှု, သေမှုစသောဒုက္ခသည် အ ဘယ့်ကြောင့်ဖြစ်သနည်းဟု ဖွေဆဆင်ခြင်ဉာဏ်ဝင်လာသော အခါ အဖြစ်ဇာတိနှင့်တကွ ဖြစ်အောင်လုပ်သောသမုဒယသစ္စာ ကံ, တဏှာတို့ကို ဆက်လက်တွေ့ရသည်။ ထိုသမုဒယသစ္စာ ကံ, တဏှာတို့မရှိခဲ့သော်, ချုပ်ငြိမ်းခဲ့သော် ဇာတိဟူသော အဖြစ် ဒုက္ခသစ္စာမရှိနိုင်တော့ပေ။ ထိုသံသရာသစ္စာနှစ်ခု၌ ဖြစ်စေတတ်သော သမုဒယသစ္စာ ကံ, တဏှာတို့ဖြတ်နိုင်ခဲ့ သော် ဒုက္ခရုပ်နာမ်တို့ကင်းငြိမ်းချုပ်ပျောက် နိဗ္ဗာနဓာတ်သို့ မျက်မှောင်ပြုနိုင်ပုံကို ဉာဏ်ဖြင့် စင်ကြယ်စွာသိရသော 'သစ္စ ဉာဏ်' ထိုနိရောဓဓာတ်သည် မျက်မှောက်ပြုရန်ကိစ္စကို ပိုင်ပိုင် သိသော 'ကိစ္စဉာဏ်' ဒုက္ခသမုဒယသစ္စာနှစ်ပါးချုပ်ငြိမ်းပြီး၍ နိဗ္ဗာနအအေးဓာတ်ကို မုချပိုင်ပိုင်ရပေပြီဟုသိသော 'ကတ

ဉာဏ်' တို့ကို ကိုယ်တိုင်ဉာဏ်ပညာဖြင့်တွေ့သိရသော . . .
၁။ **'စက္ခုဥဒပါဒိ'** - ဒုက္ခသမုဒယတို့ချုပ်သော နိရောဓသစ္စာ၌သိတတ်သောဉာဏ် မျက်စိသည်ထင်ရှားဖြစ်ပြီ။
၂။ **'ဉာဏံဥဒပါဒိ'** - ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပြီ။
၃။ **'ပညာဥဒပါဒိ'** - ပညာအသိသည် ထင်ရှားဖြစ်ပြီ။
၄။ **'ဝိဇ္ဇာဥဒပါဒိ'** - ဝိဇ္ဇာဉာဏ်အသိသည် ထင်ရှားဖြစ်ပြီ။
၅။ **'အာလောကောဥဒပါဒိ'** - ခန္ဓာသံသရာအမှောင်ခေတ်အတွင်းသို့ ဝိဇ္ဇာဉာဏ်ထိုးထွင်း၍ အလင်းသိရသဖြင့် နိရောဓသစ္စာဆိုသည်ကား မျက်မှောက်ထင်ထင် သိမြင်အပ်ပြီးသောတရားဟူ၍ ပညာဉာဏ်ကို အလင်းသည်ချက်ခြင်း ငါ့အားထင်ရှားဖြစ်ပေါ်၍လာချေပြီ။

## 'မဂ္ဂသစ္စာ ဉာဏ်(၃)ဖြာ'

**မေး** ~ သစ္စာလေးပါးတွင် နောက်ဆုံးမဂ္ဂသစ္စာ၌ ဉာဏ်(၃)ပါးတို့ဖြစ်ပုံကို ရှင်းပြပေးပါရန်။

**ဖြေ** ~ သစ္စာသိမြင်ဘုရားရှင်သည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီတို့အား သံသရာဝဋ်မှ ထွက်မြောက်ကြပါစေရန် သံသရာထွက်လမ်းသစ္စာခန်းကို ခွဲခြမ်းစိပ်ဖြာ ဉာဏ်(၃)မြွာဖြင့် ဒုက္ခ, သမုဒယ, နိရောဓတို့အား ဟောကြားတော်မူပြီးနောက် လိုအပ်သောနိရောဓနိဗ္ဗာန်သို့ရောက်စေရန် အကျင့်ကောင်း မဇ္ဈိမပဋိပဒါမဂ္ဂင်လမ်းကြောင်းသို့ မတိမ်းမစောင်းဘဲ သွားရောက်

နိုင်စေရန်အတွက် ခွဲခြမ်းစိပ်ဖြာဟောတော်မူအပ်သောဉာဏ် (၃)ပါးမှာ-

'သစ္စဉာဏ်' မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သွားကြောင်းအမှန် ဟုသိသောဉာဏ်၊

'ကိစ္စဉာဏ်' နိဗ္ဗာန်ရလိုသူသည် ဤမဂ္ဂင်လမ်းကားသွားမှ ရမည်ဟုသိသောဉာဏ်၊

'ကတဉာဏ်' ဤမဂ္ဂင်လမ်းဖြင့်သွား၍ရပြီရောက်ပြီဟုသိ သောဉာဏ်တို့ဖြစ်လေသည်။ မြတ်စွာဘုရားသည် . . .

အို . . . ပဉ္စဝဂ္ဂီတို့ ငါသည် ဤမဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို မသိရသေးမီ ရှေးအခါ၌ 'ကာမသုခလ္လိကာနုယောဂ ပဋိပဒါ၊ အတ္တကိလမထာနုယောဂပဋိပဒါ' နှစ်မျိုးသာဟု သင်တို့သိ သကဲ့သို့သာ ငါသိ၏။ မဂ္ဂင်တရားဟူသော မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို အသံမျှပင်မကြားရဖူးချေ။ ငါ၏ခန္ဓာအိမ်၌ သံသရာဘဝအဆက်ဆက်က မှောင်အတိကျခဲ့သောအဝိဇ္ဇာကို ချေမှုန်းဖျက်ဆီးခြင်းဖြင့် တွေ့အပ်သိအပ်သော ဝိဇ္ဇာဟူသည့် သမ္မာဒိဋ္ဌိလျှင် ရှေ့သွားခေါင်းဆောင်ဖြစ်သော မဂ္ဂင်တရား ဤရှစ်ပါးကို ရှာဖွေဆည်းပူးမိသောအခါ ဤအကျင့်မြတ် ပဋိပဒါသည် ရုပ်နာမ်ခပ်သိမ်းချုပ်ပြတ်ငြိမ်းရာ နိဗ္ဗူတာသို့ မြန်စွာရောက်ကြောင်း လမ်းကောင်းစင်စစ်ကေန်ဖြစ်၏ဟူ၍ ငါသိခဲ့ရပြီ။

ငါသည် ပရမတ္ထဓမ္မဖြစ်သော ဤရုပ်နာမ်ဒုက္ခငြိမ်းစေရန် မဂ္ဂင်တရား ဤရှစ်ပါးသည် ပွားများအားထုတ်ရမည့်အမှန်တရားဟူ၍ သိခဲ့ပြီ။ ယင်းသို့ ပွားများအားထုတ်သောအားဖြင့် ရုပ်နာမ်တို့အပေါ်၌ တပ်မက်ကင်းမှုစသောအကျိုးတရားတို့ကို ကိုယ်တိုင်ဉာဏ်ဖြင့် အမှန်သိလာရပြီ။ ထိုမှနောက်၌ ကိလေသာဒုက္ခ အလုံးစုံငြိမ်းအေးရသည့်အတိုင်း မဂ္ဂင်အလုပ်ကား အားထုတ်မှုပြီးသည် ဤအတိုင်းကျင့်ကပြီးသည်ဟူသောမဂ္ဂင်ရှစ်ပါးကျင့်အပ်သောတရားတို့၌ . . .

၁။ **'စက္ခုဥဒပါဒိ'** - မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကား အရိယာအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေသည်ဟူ၍ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်လေပြီ။

၂။ **'ဉာဏံဥဒပါဒိ'** - ဉာဏ်မျက်စိသည် ထင်ရှားဖြစ်လေပြီ။

၃။ **'ပညာဥဒပါဒိ'** - အသိဉာဏ်သည် ထင်ရှားစင်စစ်ဖြစ်လေပြီ။

၄။ **'ဝိဇ္ဇာဥဒပါဒိ'** - ဝိဇ္ဇာပညာသိသည် ထင်ရှားဖြစ်လေပြီ။

၅။ **'အာလောကောဥဒပါဒိ'** - ရုပ်နာမ်ဒုက္ခသစ္စာနှင့် ထိုရုပ်နာမ်ဖြစ်ကြောင်း သမုဒယသစ္စာ ထိုနှစ်ဖြာတို့ချုပ်ရာအမှန် ယင်းနိဗ္ဗာန်သို့ရောက်ရာ လမ်းကြောင်းဟု အသိဉာဏ်အလင်းဓာတ်သည် ထင်ရှားဖြစ်၍လာချေပြီ။

## 'သစ္စာသိမှ မြတ်ဗုဒ္ဓ'

**မေး** ~ မြတ်စွာဘုရားသည် အဘယ့်ကြောင့် (ဗုဒ္ဓ) ဘုရားဟု အမည်ခံသနည်း။

**ဖြေ** ~ ယာဝကီဝဋ္ဋမေဘိက္ခဝေ စသောဓမ္မစကြာပါဠိတော် အရ မြတ်စွာဘုရားက . . .

အို . . . ပဉ္စဝဂ္ဂီတို့ အကြင်အခါ၌ ငါသည်အမှန်တရား ဤလေးပါးသောသစ္စာတို့ကို သစ္စာတစ်ပါးတစ်ပါးလျှင် သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် (၄)ပါး (၃)လီ (၁၂)ပါး သောအခြင်းအရာအားဖြင့် ယထာဘူတ ကျနမှန်ကန်စွာ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှားဖြစ်ပေါ်၍မလာသေးပေ။ ထိုအခါ၌ ငါသည် သိအပ်, ပယ်အပ်, မျက်မှောက်ပြုအပ်, ပွား များအပ်သောတရားတို့ကို မသိမမြင်ပါဘဲ လောကသုံးပါးတွင် ငါသည် တရားအလုံးစုံကို သိပယ်, ဆိုက်, ပွားလေးပါးကိစ္စ အပိုင်ရသော ဘုရားစင်စစ်ကောန်ဖြစ်၏ဟူ၍ ဝန်မခံခဲ့ဖူးပေ။

အို . . . ပဉ္စဝဂ္ဂီတို့ အကြင်အခါ၌ ငါသည် အမှန်တရား ဤလေးပါးသောသစ္စာတို့ကို အခြင်းအရာသရုပ်သဘောတို့နှင့် တကွ (၁၂)ပါးသောအခြင်းအရာအားဖြင့် ခန္ဓာကိုယ်တွင်း ဉာဏ်သွတ်သွင်း၍ရှုကြည့်လေမှ ယထာဘူတ ကျနမှန်ကန်စွာ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှားဖြစ်ပေါ်၍လာ၏။ ထိုအခါ ၌ ငါသည် သိ, ပယ်, ဆိုက်, ပွားလေးပါးကိစ္စအပိုင်ရသော

အခါမှ လူ, နတ်, ဗြဟ္မာ, သတ္တဝါများ လောကသားတို့အား ဘုရားစင်စစ်ကေန်ဖြစ်ပြီဟု ဝန်ခံခဲ့လေပြီ' ဟုဟောကြားတော်မူရာ မြတ်စွာဘုရားသည် ဤရုပ်နာမ်ခန္ဓာတို့၏အမှန်တရား ပရမတ်ကို သူတို့၏သွားရာလမ်းကြောင်း 'ဖြစ်-ပျက်' ဟူသော 'ဒုက္ခသစ္စာ' သဘောကိုသိမှ ခန္ဓာဒုက္ခဖြစ်ကြောင်း သမုဒယကို ပယ်ပြီးလျှင် နိရောဓသဘောကို မျက်မှောက်ပြုကာ မဂ္ဂသစ္စာကို ပွားပြီးလျှင် အရိယာမဂ်အဆင့်ဆင့်ဖြင့် (ဗုဒ္ဓ) ဘုရားဖြစ်လာသောအတိုင်း ဝန်ခံသည်။ ထိုသစ္စာသိမှ မြတ်ဗုဒ္ဓဟု ဝန်ခံတော်မူရုံတွင်မက ထိုသစ္စာတို့ကို ညွှန်ပြသူဆရာမလိုဘဲ ကိုယ်တော်တိုင်ထိုးထွင်းသိမြင်တော်မူသော ဂုဏ်တော်ထူးကြောင့် 'သမ္မာသမ္ဗုဒ္ဓ' ဟူ၍ပင် ဝိသေသဂုဏ်တော်ထပ်ဆင့်၍ ပူဇော်ရပြန်လေသည်။

မြတ်စွာဘုရားအား မည်သို့သောအကြောင်းကြောင့်မဆို ဂုဏ်ထူးဝိသေသများဖြင့် ချီးကျူးကော်ရော်ပူဇော်စေကာမူ ဂုဏ်တော်အနန္တဖြစ်၍ မကုန်နိုင်ပေရာ ယင်းဂုဏ်တော်အနန္တတို့သည် အဘယ်အကြောင်းကြောင့်ဖြစ်သနည်းဆိုသော်. . .

'စတုသစ္စမေ့ ဗုဒ္ဓတီတိ ဗုဒ္ဓေါ' ဟူသောဝစနတ္ထနှင့်အညီ 'သစ္စာလေးပါးအမှန်တရားကိုသိသူ' ဖြစ်သောကြောင့် 'အကြင်အခါ၌ ငါသည် သိအပ်သောအမှန်တရား 'သစ္စာ' ကိုအမှန်အတိုင်းသိ၏။ ထိုအခါကျမှ ငါသည် လောကသုံးပါးတွင်

ဘုရားစင်စစ်ကေန်ဖြစ်ပြီဟု ဝန်ခံသည်။ ကြေညာသည်ဟူ၍ မိန့်တော်မူပါသည်။

ထိုဝိဂြိုဟ်များအရ သစ္စာမသိလျှင် 'ဗုဒ္ဓ' လည်းမဖြစ်နိုင် 'သမ္မာသမ္ဗုဒ္ဓ' လည်းမဖြစ်နိုင်ရကား မြတ်စွာဘုရားသည် သစ္စာလေးပါးကို ပိုင်းခြားကုန်စင် သိမြင်တော်မူသောကြောင့် (ဗုဒ္ဓ)ဘုရားဟူ၍ဝန်ခံတော်မူသည်။

## 'ပစ္စဝေက္ခဏာ ဆင်ခြင်ရာ'

**မေး** ~ သစ္စာလေးပါးကို အဆင့်ဆင့်သိမြင်တော်မူပြီးသော မြတ်စွာဘုရားအား သဘောတရားအစဉ်အားဖြင့် အဘယ်သို့လျှင် ဆင်ခြင်သော (ပစ္စဝေက္ခဏာ) ဉာဏ်ဖြစ်ပေါ်လာပါသနည်း။

**ဖြေ** ~ ဓမ္မစကြာပါဠိတော်က 'ဉာဏဉ္စ ပန မေ ဥဒပါဒိ' စသည်ဖြင့်ပြပါသည်။ ဆိုလိုသောအဓိပ္ပါယ်မှာ သစ္စာလေးပါးတို့ကို (၄)ကြိမ်တိုင်တိုင် ဉာဏ်(၃)ဆင့်စီတက်၍တက်၍သိလာပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားအား ဖိုလ်ဉာဏ်၏နောက်တွင် သုံးသပ်ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဝိထိသဘောအရဖြစ်မြဲတည်း။

'မဂ္ဂဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိပဏ္ဍိတော' ဟူသည်နှင့်အညီ မဂ်, ဖိုလ်, နိဗ္ဗာန် ဤ(၃)တန်သောတရားတို့ကို မဂ်, ဖိုလ်ရသော အရိယာဖြစ်စပုဂ္ဂိုလ်တိုင်း ဆင်ခြင်၏ဟုဆိုသည်။

'ဟီနေကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါ နဝါ' ပယ်ပြီးသောကိလေသာ, ကြွင်းကျန်သောကိလေသာတို့ကိုကား ဆင်ခြင်သည်လည်းရှိ၍ မဆင်ခြင်သည်လည်းရှိပေသည်။ သို့ဖြစ်၍ မြတ်စွာဘုရားအား မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိစိတ်တို့ဖြစ်ကြောင်းကို ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ(၂၂၁)တွင် . . .

'ငါဘုရားရှင်အား ဘဝများစွာသံသရာအဆက်ဆက်က နှိပ်စက်ညှင်းပန်းလျက်ရှိသောကံ ကိလေသာစသောအကုသိုလ်ဘေးအညစ်အထေးဟူသည့်တရားတို့သည် ငါဘုရားရရှိထားသောအရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်တို့ကို ဆန့်ကျင်ဖက်အားဖြင့် ထိခိုက်အောင်မပြုလုပ်နိုင်တော့သည်သာမက ငါဘုရား၏စွဲကိုင်ရာ အရဟတ္တမဂ်ဉာဏ်သံလျက်ဖြင့် အကုသိုလ်ကံကိလေသာတို့ကို ဖျက်ဆီးခုတ်ထွင်သုတ်သင်ရှင်းလင်းလိုက်ချေ၍ ငါဘုရားအား အနှောက်အယှက်မဖြစ်နိုင်တော့ပေ။

တစ်နည်းဆိုရသော် လောဘ, ဒေါသ, မောဟပြောထူအကြွင်နတ်လူတို့သည် ထိုအကုသိုလ်ကံကိလေသာတို့နှင့် ငါဘုရားကို လာရောက်ဖျက်ဆီးနိုင်သူ တစ်စုံတစ်ယောက်မျှမရှိတော့ချေ။ တုံလှုပ်အောင်မတတ်နိုင်တော့ပေဟု ဆင်ခြင်သုံးသပ်အပ်သော ပစ္စဝေက္ခဏာဉာဏ်သည်ဖြစ်ပေါ်၍လာပြီဟု ဆိုပါသည်။

## 'မြတ်သောတာပန် ဖြစ်ကြောင်းမှန်'

**မေး** ~ ဤဓမ္မစကြာတရားတော်ကို ဂါထာမပါ အမေးအဖြေသဘောမျိုးနှင့် ဟောတော်မူလတ်သော် အရှင်ကောဏ္ဍညအား သောတာပန်ဖြစ်သည်ဟုဆိုရာ၌ အဘယ်တရားတို့ကို အဘယ်သို့သိသဖြင့် သောတာပန်ဖြစ်ရပုံကို ရှင်းပြပေးစေလိုပါသည်။

**ဖြေ** ~ အရှင်ကောဏ္ဍညထေရ် သောတာပန်ဖြစ်ရာ၌ ပါဠိတော်မှာ 'ဝိရဇံ, ဝီတမလံ, ဓမ္မစက္ခုံဥဒပါဒိ၊ ယံကိဉ္စိသမုဒယဓမ္မံသဗ္ဗံတံနိရောဓဓမ္မံ' ဟုဟောတော်မူပါသည်။ အဓိပ္ပါယ်မှာ-

အရှင်ကောဏ္ဍညသည် မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ခန္ဓာကိုယ်ကို အမှန်သိတတ်သောဉာဏ်ဖြင့် အစွန်းနှစ်ဖက်မကပ်သော မဇ္ဈိမပဋိပဒါလမ်းကြောင်းအတိုင်း မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို နှလုံးသွင်းနာကြားလျက်ရှိရာ ဒုက္ခသစ္စာမိမိခန္ဓာတွင် ဆင်းရဲလှစွာသော တေဘူမက သင်္ခါရဖြစ်သော 'ဖောက်ပြန်မှု, ပျက်မှု' တို့ကို ဉာဏ်နှင့်ကပ်၍ သိမှတ်နေရာမှ ထိုထိုရုပ်နာမ် ဒုက္ခသစ္စာသဘောတို့သည် 'ဖြစ်ပျက်, ဖြစ်ပျက်' သဘောနက်ကို ပိုင်ပိုင် မိမိကိုယ်တိုင်ဉာဏ်နှင့် သိလာသောအခါ၌-ထိုဒုက္ခသစ္စာရုပ်နာမ်အပေါ်တွင် တွယ်တာခင်မင်ဖက်နှစ်သက်မြတ်နိုးဖွယ်ရာ ဘာမျှမရှိတော့သဖြင့် လက်ရှိရုပ်နာမ်ကိုလည်း(ဒုက္ခသစ္စာ)ဆင်းရဲအမှန်သာဟုမြင်နေရ၍ မတွယ်တာ

ခြင်း၊ နောင်အဖြစ်ကိုရစေတတ်သော (သမုဒယသစ္စာ)ရုပ်နာမ် ခန္ဓာဖြစ်ကြောင်း (တဏှာ, ဥပါဒါန်, ဘဝ)တို့ကိုလည်း မလို ချင်တော့သောသဘောဖြင့် ပယ်စွန့်လိုက်ခြင်းကြောင့် 'ဒုက္ခ သစ္စာ, သမုဒယသစ္စာ' နှစ်ခုကို ဖြစ်ပျက်သဘောအားဖြင့် 'ဩော်. . . အလုံးစုံ ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်ခန္ဓာတော့ မကာသင်္ခါရတရားဟူသမျှမှာ ဖြစ်တတ်သောသဘောရှိ၍ ထို ဖြစ်ဖြစ်သမျှသင်္ခါရရုပ်နာမ်ဟူသည် အခိုင်အမြဲရပ်တည်၍မနေ ရဘဲ ချုပ်ဆုံးကုန်ပျောက်ပျက်ခြင်းသို့သာ ကျရောက်ရပါသည် တကား' ဟု ဉာဏ်သိသည်နှင့်တပြိုင်နက် . . .

ဒုက္ခသစ္စာကို ဆင်းရဲအမှန် ဤရုပ်နာမ်ဟု ပိုင်ပိုင်နိုင်နိုင် သိလျက်။

သမုဒယသစ္စာကို ဆင်းရဲဖြစ်ကြောင်းအမှန်ဟု ပယ်လျက်။

နိရောဓသစ္စာကို ဆင်းရဲချုပ်ရာဖြစ်၍မျက်မှောက်ပြုလျက်။

မဂ္ဂသစ္စာကို ဆင်းရဲချုပ်ကြောင်းအလုပ်ဟု အားထုတ်ပွား များလျက်။

မဂ်စိတ်အစဉ် (မဂ္ဂဝီထိ) ကျပြီးသောတာပန်ဖြစ်တော်မူ သည် ပုံစံမှာ . . .

'ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မံ'
ဖြစ် ပျက်

သောတာပန်ဖြစ်သော အရှင်ကောဏ္ဍည၌ 'အလုံးစုံဖြစ်

ခြင်းသဘောတရားဟူသမျှ (အဖြစ်ဟူသမျှအားလုံး) သည် ပျက်ခြင်းအဆုံးရှိ၏' တစ်နည်း 'အဖြစ်ဟူသမျှအားလုံးပျက်သည်သာတည်း' တစ်နည်း 'ဖြစ်ခြင်း ချုပ်ခြင်း' ဟု အရှင်ကောဏ္ဍည သဘောပေါက်သည့်အတိုင်း လက်ခံယုံကြည်သောကြောင့် သောတာပန်ဖြစ်လေသည်။

## 'ဖြစ်ပျက်ဟူသည် အဘယ်နည်း'

**မေး** ~ ဤတွင် 'ဖြစ်ခြင်း ပျက်ခြင်း' တစ်နည်း 'ဖြစ်ခြင်း ချုပ်ခြင်း' ဟူသည် အဘယ်သဘောကို ဆိုလိုပါသနည်း။

**ဖြေ** ~ ဤအမေးနှင့်ပတ်သက်၍ မြတ်စွာဘုရားက အရှင်ရာဓ၏မေးလျှောက်ချက်ကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တွင် ဖြေဆိုဟောကြားခဲ့ဖူးပြီ။

**အရှင်ရာဓ** - 'မြတ်စွာဘုရား ဖြစ်ပွားခြင်းသဘော, ဖြစ်ပွားခြင်းသဘောဟူ၍ ပြောကြဆိုကြ သုံးစွဲကြပါသည်။ အဘယ်သဘောတရားသည် ဖြစ်ပွားခြင်းသဘောတရားပါနည်း' ဟု လျှောက်သော် . . .

**မြတ်စွာဘုရား** - 'ချစ်သားရာဓ . . . ဖောက်ပြန်မှု(ရုပ်)သည် ဖြစ်ပွားခြင်းသဘော, ခံစားခြင်း(ဝေဒနာ)သည်။ မှတ်မှု(သညာ)သည်။ ပြုပြင်မှု(သင်္ခါရ)သည်။ သိမှု(ဝိညာဏ်)သည် ဖြစ်ပွားခြင်းသဘောတည်း။'

(ခန္ဓာငါးပါးသည် ဖြစ်ခြင်းသဘော-ဖြစ်သဘော)ဟုဟောသည်။

**အရှင်ရာဓ** - 'မြတ်စွာဘုရား . . . ချုပ်ခြင်းသဘော, ချုပ်ခြင်းသဘောဟူ၍ လူရှင်အများပြောကြားကြပါသည်။ အဘယ်သဘောတရားသည် ချုပ်ခြင်းသဘောတရားပါနည်း' ဟု လျှောက်လေလျှင် . . .
**မြတ်စွာဘုရား** - 'ချစ်သားရာဓ . . . ဖောက်ပြန်မှုသည် ချုပ်ခြင်းသဘော, ခံစားမှုသည် ချုပ်ခြင်းသဘော, သိမှုသည်ချုပ်ခြင်းသဘောတည်း'

(ခန္ဓာငါးပါးသည် ပျက်ခြင်း, ချုပ်ခြင်းသဘော)ဟုဟောတော်မူသည်။

အတိုချုပ်ကား ခန္ဓာငါးပါးသည် ဖြစ်ပျက်သဘောဖြစ်ကြောင်း ယင်းဖြစ်ပျက်ကို သဘောပေါက်၍ သောတာပန်ဖြစ်တော်မူသော အရှင်ကောဏ္ဍညသည် 'ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မံ' 'အလုံးစုံသောဖြစ်ခြင်းသဘောတရားဟူသမျှသည် ချုပ်ပျက်ခြင်းမှာဆုံး၏' ဟု ဥဒါန်းကျူးသည်။ ထို့ကြောင့် ဝိပဿနာအလုပ်အားထုတ်သူတို့သည် မိမိတို့၏ဒုက္ခသစ္စာဖြစ်သော(ရုပ်နာမ်)ခန္ဓာကို 'ဖြစ်ပျက်' မြင်မှုအရေးကြီးပေသည်။

## 'အလုပ်သဘော မည်သို့ပေါ'

**မေး** ~ ယခု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်အရ ခန္ဓာငါးပါး၏ဖြစ်မှု, ပျက်မှုကို ရှုရသည်ဟု ဟောတော်မူသည်မှာ သဘောတရား

အရ အလွန်မှန်ကန်ပါသည်။ ၎င်းကို အလုပ်သဘောအရ ရုပ်နာမ်ဖြစ်ပျက်ရှုပုံကို ရှင်းပြပေးစေချင်ပါသည်။

**ဖြေ** ~ ပရမတ္ထတရားသည်(၄)ပါးရှိသည့်အနက် အသင်္ခတ နိဗ္ဗာန်ကိုဖယ်၍ သင်္ခတရုပ်နာမ်ကို ဝိပဿနာရှုရပါသည်။ သင်္ခတပရမတ်(၃)ပါးတွင် . . .

စိတ္တံ စေတသိကံ ၂-ပါးကား 'နာမ်' သိသဘော။

ရူပံ . . . . . . . . . . . ကား 'ရုပ်' ဖောက်ပြန်သဘော တို့ဖြစ်၍ ထိုသင်္ခတနယ်သား ရုပ်နာမ်ဒုက္ခသစ္စာတရားသည် ဖြစ်ခြင်း, ပျက်ခြင်းသဘောသာလျှင် ၎င်း၏အလုပ်ဖြစ်သည်။ ဤသို့လျှင် ပြုပြင်စီမံမှုမကင်းသော သင်္ခတနယ်၌ဖြစ်သော ရုပ်နာမ်ဒုက္ခသစ္စာဟူသည် အစ၌ဖြစ်ခြင်းသဘောရှိ၍ အဆုံး၌ ချုပ်ခြင်း, ပျက်ခြင်း အစွန်း(၂)ခုသာရှိမြဲဓမ္မတာဖြစ်လေသည်။

ထိုရုပ်နာမ် ဒုက္ခသစ္စာဟူသော သင်္ခတတရား၌ မှတ်ကြောင်း, သိရာသိကြောင်းတရားကား သုံးပါးရှိသည်။ သင်္ခတ ပရမတ်မှန်လျှင် . . .

၁။ (ဥပ္ပါဒေါ ပညာယတိ)အသစ်အသစ်ဖြစ်ခြင်းသဘော ထင်ရှား၏။

၂။ (ဝယော ပညာယတိ)အဟောင်းအဟောင်းပျက်ခြင်း သဘောထင်ရှား၏။

၃။ ( ဋ္ဌိတသအညထတ္တံ ပညာယတိ ) တည်ဆဲသင်္ခတ
တရား၏တစ်ပါးသော အခြင်းအရာအဖြစ်သည်
ထင်ရှား၏။

(တည်ခြင်း 'ဌိ' သည်ကား အပျက်အချုပ်သို့သာ ညွှတ်ကိုင်းသက်ဝင်သွားသောကြောင့် အမြဲအစွဲတည်နေခြင်းသဘောဟူ၍ မယူဆအပ်ပေ။)

ထို့ကြောင့် သင်္ခတရုပ်နာမ်ဖြစ်သော ရုပ်နာမ်ဒုက္ခသစ္စာကိုသာ ၎င်း၏သဘာဝဖြစ်သော 'ဖြစ်ပျက်' ကိုရှုရသည်။ ဤသို့ ဖြစ်ပျက်ကို ရှုရသည်ဆိုသည်မှာ အနတ္တဖြစ်သော ဤရုပ်နာမ်မှာ သူ့သဘောအရ သူ့ကိစ္စနှင့် သူဖောက်ပြန်နေသည်။ ဖောက်ပြန်မှုတို့ဖြစ်နေသည်။ ဖြစ်နေသောဖောက်ပြန်မှုတို့ သူ့သဘာဝလမ်းစဉ်အရ သူ့ဟာသူပင် ပျက်နေသည်။ ရုပ်နာမ်၏သဘောတရားကို လေ့လာသိရှိနေသောဉာဏ်သည် ရုပ်နာမ်၏ဖောက်ပြန်လိုက်-ပျက်လိုက်, သိလိုက်-ပျက်လိုက်နေသည်ကို သံသရာ၏အပြစ်, ခန္ဓာ၏အပြစ်, ရုပ်နာမ်၏အပြစ်အနေနှင့် ရှုနေ၏။ ဉာဏ်၏ကိစ္စသည် ရုပ်နာမ်သင်္ခတပရမတ်၏ဖြစ်ခြင်းပျက်ခြင်းကိုသာသိနေရခြင်းဖြစ်၍ သိဖန်များလတ်သော် 'အပျက်ချည်းသာ'ဟုသိလေတော့ရာ ယင်းပျက်မှုကိုသာ မျက်ခြေမပြတ်ဖို့လိုသည်။ ထိုဖြစ်ပျက်သဘော အနိစ္စထင်မြင်မှုမှ အဆင့်ဆင့်ဉာဏ်တက်၍ရင့်သန်လာသောအခါ ထိုရုပ်နာမ်ဒုက္ခသစ္စာ

သဘောများချုပ်ဆုံးကွယ်ပျောက်၍ ပြုပြင်ခြင်းကင်းသော 'အသင်္ခတနိဗ္ဗာန်' ဖက်သို့ လောကုတ္တရာဉာဏ်အဖြစ်ရောက်သွားသောအခါ သင်္ခတနယ်မှ လွတ်သွားတော့သည်။

'သင်္ခတနယ်တွင် ရုပ်နာမ်သည် ဖြစ်ပျက်နေ၍ ဒုက္ခသစ္စာဖြစ်သည်'

'အသင်္ခတနယ်တွင် ရုပ်နာမ်ဖြစ်ပျက်မရှိ၍ ဒုက္ခသစ္စာချုပ်ပါသည်'

## 'ဖြစ်ပျက်မြင်ရာ၌ လိုအပ်သောသမာဓိ'

**မေး** ~ ရုပ်နာမ်တို့၏ဖြစ်ပျက်ကို ရှုမြင်ရာ၌ သမာဓိမလိုအပ်ပါသလော။

**ဖြေ** ~ သမာဓိလိုပါသည်။ လိုအပ်သောသမာဓိသည် ဖောက်ပြန်တတ်သောသဘောတရား၊ သိတတ်သောသဘောတရားတို့၏ဖောက်ပြန်ခိုက်, သိခိုက်တွင် ရှုနိုင်သော 'ခဏိကသမာဓိ' သာလိုပါသည်။ လိုအပ်သော ခဏိကသမာဓိထက်ပိုလွန်သော နိမိတ်ပညတ်ပါသော သမာဓိမျိုး လုံးဝမလိုပါ။ ဝိပဿနာရှုရာတွင် ဝိပဿနာရှုရမည့် ခဏိကသမာဓိမျိုးမပါက သမ္မာသမာဓိမဖြစ်သဖြင့် မဂ္ဂင်မစုံပါ။ မဂ္ဂင်မစုံက မဂ်မရပါ။

သင်္ခတရုပ်နာမ်မှန်လျှင် သဘာဝကား ဖြစ်ပျက်ဒုက္ခသစ္စာသာဖြစ်၍ ၎င်းကိုအမှန်အတိုင်း သိနေမှုကို ဝိပဿနာမဖြစ်သေးပေ။ မည်သည့်ပါရမီလို၍မှမဟုတ်။ သိအပ်, မြင်အပ်

သောသဘောသို့ရောက်သင့်လျက် မရောက်သောကြောင့်သာ ဖြစ်သည်။ ဝိပဿနာနယ်ပယ်တွင် 'စိတ်ငြိမ်သက်အောင် သမာဓိရမှ' ဟူသောစကားလုံးကြီးများဖြင့် နှိပ်စက်ခံနေရသော ယောဂီတွေ အများအပြားတွေ့ရသည်။ 'သမာဓိမရရင် မဖြစ် သေးပါဘူး' ဟုပြောနေကြသောစကားများမှာ မည်သည့် သမာဓိမျိုးထိအောင် ရည်ရွယ်၍ပြောကြောင်း မသိရပေ။ စင် စစ်မှာ ဝိပဿနာအလုပ်ကို သမထက နှိပ်စက်ထား၍ဖြစ်ပျက် ကိုမသိနိုင်ဖြစ်နေသည်။ ဝိပဿနာ၏အာရုံသည် ရုပ်နာမ်၊ ရုပ်နာမ်၏သဘောသည်ဖြစ်ပျက်၊ ၎င်းကိုသာရောက်အောင် ရှုရမည်။ ရုပ်နာမ်ဖြစ်ပျက်ဟူသော ဝိပဿနာဘုံသို့မရောက် ဘဲ အချိန်များစွာကုန်၍ အကျိုးမနပ်မှုများကား နစ်နာလှသည်။ ဝိပဿနာစစ်စစ်ရှုလျှင် သဘာဝတရားကိုသာ သိနေသည့် အတွက်လွယ်လှသည်။ သမ္ပဇဉ်နှင့် မပြတ်မပြတ်သိနေမှုသာ လိုပါသည်။

## 'သောတာပန်အကျိုး ဤ(၈)မျိုး'

**မေး** ~ အရှင်ကောဏ္ဍညသောတာပန်ဖြစ်ပြီးနောက် မျက် မှောက်ရသောအကျိုးတရားတို့မှာ အဘယ်သဘောများပါနည်း။

**ဖြေ** ~ သောတာပန်ဖြစ်ပြီးသော အရှင်ကောဏ္ဍညသည်

၁။ 'ဒိဋ္ဌဓမ္မော--သစ္စာတရားကို သိမြင်အပ်ပြီးသည်'

၂။ 'ပတ္တဓမ္မော--သစ္စာတရားသို့ဉာဏ်ရောက်ပြီးသည်'

၃။ 'ဝိဒိတဓမ္မော--သစ္စာတရားကို ကိုယ်တိုင်သိပြီးသည်'
၄။ 'ပရိယောဂါဠ္ဟဓမ္မော--သစ္စတရားကို ဉာဏ်ဖြင့်သက်ဝင်ပြီးသည်'
၅။ 'တိဏ္ဏဝိစိကိစ္ဆော--ယုံမှားခြင်းမှ ကူးမြောက်ပြီးသည်'
၆။ 'ဝိဂတကထံကထော--သို့လောသို့လောတွေးတောယုံမှားခြင်းကင်းသည်'
၇။ 'ဝေသာရဇ္ဇပ္ပတ္တော--ကြောက်ရွံ့ခြင်းကင်း၊ ရဲရင့်ခြင်းသို့ရောက်သည်'
၈။ 'အပရပ္ပစ္စယော--ကိုယ်တိုင်မျက်မှောက် သိမြင်အပ်သောကြောင့် သူတစ်ပါးတို့အား အားကိုးယုံကြည်ခြင်းမရှိသည်'

ဤ(၈)ချက်သည် အရှင်ကောဏ္ဍည သောတာပန်ဖြစ်လေသောအခါ မြတ်စွာဘုရားသာသနာတော်တွင် ပဌမအရိယသံဃာဖြစ်သွားသောကြောင့် သစ္စာတရားနှင့်ပတ်သက်သော ဓမ္မကိစ္စ။ သစ္စာလေးဖြာ ဤခန္ဓာတွင် မူလရှိနေသော ပရမတ်သဘော၊ သစ္စာသဘောတို့ကို ဟောပြောဆုံးမ နည်းလမ်းပြပေးတော်မူသော ဗုဒ္ဓမြတ်စွာ၏တပည့်သားသာဝက ဖြစ်ပေသောကြောင့် များစွာကျေနပ်ဝမ်းမြောက်ရ တရားတော်အမှန်ကို အသိဉာဏ်အမှန်နှင့် တွေ့သိပြီးဖြစ်၍ မြတ်စွာဘုရား၏သာသနာတော်တွင် ရဲရင့်သောအားဖြင့် ရှင်ရဟန်းပြုခွင့်ကိုတောင်းကာ ဧဟိ

ဘိက္ခု ရဟန်းအဖြစ်ကိုရလေသည်။(၎င်းနောက် နတ်ဗြဟ္မာတို့ အဆင့်ဆင့်ကြွေးကြော်ပုံကို ဓမ္မစကြာတရားဟောပြီးမှ ဖြစ်လေသောကြောင့် ကျွန်ုပ်တို့လိုအပ်သောကိစ္စမဟုတ်လေသဖြင့် ချွင်းချန်ထားလိုက်ရတော့သည်။)

## 'ဓမ္မစက္ကာ လုပ်ငန်းပြ'

**မေး** ~ မြတ်စွာဘုရား၏ဓမ္မစကြာတရားတော်ကို ကြားနာရပါပြီ။ ထိုတရားတော်၏သဘာဝအတိုင်း အလုပ်သပ်သပ်ဖြစ်အောင် ညွှန်ပြပေးစေလိုပါသည်။

**ဖြေ** ~ ဓမ္မစကြာတရားတော်ဟူသည်မှာ မိမိတို့၏လက်ရှိခန္ဓာနာမ်ရုပ်ကို ရှုရာသိရာ၌ ထိုအသိမှန်ဖို့ ဉာဏ်မြင်မှန်ဖို့ ကိလေသာအစွန်းမကပ်သော မဇ္ဈိမပဋိပဒါ အလယ်လမ်းအသိဖြစ်ဖို့ လေ့ကျင့်ရသောတရားဖြစ်ပေသည်။

မိမိတို့၏ လက်ရှိရုပ်နာမ်သည် ရုပ်နာမ်၏ မူလပင်ကိုသဘာဝအတိုင်း အနတ္တာဖြစ်နေသည်။ သူ့သဘောသူဆောင်နေသည်။ သူ့ကိစ္စသူလုပ်နေသည်။ ဤသည်ကို မိမိတို့က ရှေးဦးစွာ သဘောပေါက်ထားဖို့လိုလေသည်။ အရှုခံဖြစ်သောဤရုပ်နာမ်သဘောကို အတိအကျလေ့လာကြည့်ပါ။ လေ့လာသောဉာဏ်သည် ကိလေသာအစွန်းလွတ်သော မဇ္ဈိမပဋိပဒါကျဖို့ အရေးကြီးသည်။

မဠ္ဈိမပဋိပဒါအကျင့်လမ်းဟူသည်မှာ ခန္ဓာနှင့်မဆိုင်၊ သိသည့်ဉာဏ်နှင့်သာဆိုင်သည်။ ခန္ဓာကို ဉာဏ်သိရာ၌ သိရမည့် ခန္ဓာသည် မည်သူက မည်သို့မျှမပိုင်မဆိုင်အစိုးမရသော အနတ္တ (သူ့သဘော)ဖြစ်သည်ကို ရှေးဦးစွာလေ့လာသိရှိထားပါ။ ခန္ဓာငါးပါးသည် အနတ္တဖြစ်ကြောင်း မြတ်စွာဘုရားဟောထားသည်ကို သတိမမေ့အပ်ပေ။

ဆိုလိုသည်မှာ တရားအားထုတ်နေစဉ် ခန္ဓာကိုယ်ကို ကိလေသာအစွန်းလွတ်သော မဠ္ဈိမပဋိပဒါဉာဏ်ဖြစ်ချိန်တွင် ထိုဉာဏ်သည် ခန္ဓာကိုယ်၏အရင်းခံ ပရမတ်ကိုသာသိနေလေသည်။ စင်စစ်မှာ ဝိပဿနာအလုပ်အားထုတ်ရာတွင် ခန္ဓာသည် ဘာမှမလုပ် ဉာဏ်သာအလုပ်လုပ်နေသည်။ ခန္ဓာဟူသောအစုအပုံထဲတွင် . . .

၁။ 'ရူပက္ခန္ဓာ' သည် ဖောက်ပြန်လျက်, ပျက်လျက်နေသောအစု။

၂။ 'ဝေဒနာက္ခန္ဓာ' သည် ခံစားလျက်, ပျက်လျက်နေသောအစု။

၃။ 'သညာက္ခန္ဓာ' သည် မှတ်လျက်, ပျက်လျက်နေသောအစု။

၄။ 'သင်္ခါရက္ခန္ဓာ' သည် ပြုပြင်လျက်, ပျက်လျက်နေသောအစု။

၅။ 'ဝိညာဏက္ခန္ဓာ' သည် သိလျက်, ပျက်လျက်နေသော အစုတို့ဖြစ်၍ ၎င်းတို့ကိုလေ့လာကြည့်လျှင် ကိလေသာဖြစ်စရာ ဘာတစ်ခုမျှမပါပေ။ ကိလေသာဟူသည် ယင်းသဘောတရား အမှန်တို့ကို အမှန်အတိုင်းမသိဘဲ မိန်းမယောက်ျားထင်မှတ် မှားသောကြောင့်ဖြစ်ရလေသည်။ ခန္ဓာ၏သဘောတရားအရှိ မှန်ကို အမှန်အတိုင်းသိသောဉာဏ်သည် ကိလေသာဖြစ် လောက်သော မိန်းမယောက်ျားအမှတ်မှားစရာ တစ်စုံတစ်ရာ မျှမတွေ့မသိရဘဲ ခန္ဓာ၏ဖောက်ပြန်လျက် ပျက်လျက်နေသော သဘောတို့ကိုသာ သိနေလေသောကြောင့် ကိလေသာအစွန်း လွတ်လေသည်။

ဝိပဿနာဟူသည် 'ခန္ဓာမှာမဖြစ်, ဉာဏ်မှာဖြစ်သည်' ဟူ သောအမှန်ဆုံးသောဆောင်ပုဒ်မှာ မဇ္ဈိမပဋိပဒါကျသောအခိုက် ကိုဆိုသည်။ ခန္ဓာသည် ကိလေသာလည်းမဟုတ် ကိလေသာ လည်းမဖြစ်တတ်၊ ၎င်းကိုသိသောအသိကသာ နှလုံးသွင်းမှား မှုကြောင့် ကိလေသာတို့ဖြစ်ရလေသည်။ သို့ဖြစ်၍ ခန္ဓာကို ဉာဏ်အသိကပ်ကာ တရားအားထုတ်နေသောယောဂီမှာ အမှန်ဖြစ်၍ အမှန်ရှိနေသောဖောက်ပြန်မှု(ရုပ်)သက်သက် ဖောက်ပြန်တိုင်းကိုသိနေသော သိမှု(နာမ်)သက်သက်ကို အမှန် အတိုင်းသိနေက-ဝါ-အမှန်ကိုအမှန်အတိုင်းသိနေပါလျှင် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိစသော ကိလေသာဖြစ်စရာ လုံးဝမရှိ တော့ပေ။ ယင်းသို့လျှင် 'သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိစသော ကိလေသာအစွန်း မကပ်သော 'မဇ္ဈိမပဋိပဒါန'

လမ်းစဉ်ကျရောက်လေတော့သည်။

ဝိပဿနာအလုပ်အားထုတ်သည်ဆိုရာဝယ် အမှန်ရှိနေသောရုပ်နာမ်တို့၏သဘာဝကို အမှန်အတိုင်းသိရန် သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်အကူအညီယူ၍ အားထုတ်ရခြင်းဖြစ်ရာ . . .

'ဘိက္ခဝေ-ချစ်သားတို့။ ဘူတံ-ရုပ်နာမ်တို့၏ဟုတ်မှန်သောသဘောကို။ ဘူတတော-အမှန်သဘောအားဖြင့်။ ပဿတိ-ဉာဏ်နှင့် သိအောင်ကြည့်၏။ ဉာဏ်နှင့်ကြည့်၍သိမြင်သည်ရှိသော်။ ဘူတဿ-ရုပ်နာမ်တို့၏။ ဘူတံ-ရုပ်နာမ်တို့၏ဟုတ်မှန်သေသဘောကို။ ဘူတတော-ဟုတ်မှန်သေသဘောအတိုင်း။ ဒိသွာ-ဟုတ်မှန်သောသဘောအား။ နိဗ္ဗိဒါယ-ငြီးငွေ့ခြင်းငှာ၊ ဝိရာဂါယ-တပ်မက်ကင်းခြင်းငှာ၊ နိရောဓာယ-ချုပ်ပြတ်စဲခြင်းငှာ၊ ပဋိ ပန္နော-ကျင့်အပ်သည်။ ဟောတိ-ဖြစ်၏။'ဟု ဣတိဝုတ်ပါဠိတော်-၂၂၄။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-၂၈၁တွင် မြတ်စွာဘုရားဟောတော်မူထားသည်။

ဤပါဠိတော်များအရ 'အမှန်ကို အမှန်ဟုသိနေမှုသည် ဝိပဿနာအလုပ်၏အတိုချုပ်အလွယ်ဆုံးပင်ဖြစ်သည်'

'ဘူတ' ဆိုသည်မှာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကိုဆိုသည်။ ထိုခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် အကြောင်းပစ္စည်း၏ပြည့်စုံခြင်းကြောင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသောရုပ်နာမ်တရားသည်ရှိ၏။ ထိုတရားကို 'ဘူတ' ဟူ၍ခေါ်အပ်၏ဟုဇင်းအဋ္ဌကထာ-၁၇၀.၅၌ဆို၏။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ယခုလက်ရှိ ရုပ်နာမ်သည် (ဘူတ) အမှန်ရှိသောတရားဖြစ်နေသည်။ ၎င်းတို့သည် ခန္ဓာကိုယ်၌ အမှန်ပင် ဖောက်ပြန်, ပြောင်းလဲလျက်ရှိကြသည်။ သူတို့ကိစ္စ သူတို့ဆောင်ရွက်နေကြသည်။ ကျွန်ုပ်တို့သည် သူ့သဘောနှင့် သူ၊ ဖောက်ပြန်နေသည့်အမှန်သဘောတို့ကို အမှန်အတိုင်း သိနိုင်ရန်, မြင်နိုင်ရန်ဉာဏ်လိုသည်။ ပညာလိုသည်။ အသိမှန် လိုသည်။ ထိုအသိမှန်သည် အဘယ်နည်း . . .

'အမှန်ရှိသောရုပ်နာမ်သဘောကို အမှန်ဉာဏ်နှင့်သိမြင်သည်' ဟူသည်ကား အကြွင်အရိယာ၏တပည့်သည် အမှန်ရှိနေသောခန္ဓာကိုယ်ကို 'ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် အမှန်ပင် ၎င်းတို့၏သဘောလက္ခဏာအတိုင်း မပြောင်းလဲဘဲဖြစ်နေသောအနတ္တသဘောကို ဝိပဿနာပညာနှင့်တကွသော (သမ္မာဒိဋ္ဌိ)မဂ်ပညာဖြင့် အမှန်အတိုင်းမြင်၍ ထိုမြင်မှုဖြင့် ရုပ်နာမ်တို့၏အမှန်အတိုင်း ဖြစ်ပျက်ဆင်းရဲနေသောသဘောကို ပိုင်ပိုင်နိုင်နိုင် ပိုင်းပိုင်းခြားခြားသိမြင်ခြင်းကို ပြလေသည်' ဟူ၍အဋ္ဌကထာ-(၁၇၁)တွင်ဆက်ဆိုထားသည်။

အမှန်ရှိသောရုပ်နာမ်ခန္ဓာအတွင်းသို့ အမှန်မြင်, အမှန်သိတတ်သောမဂ်(သမ္မာဒိဋ္ဌိ)ပညာဖြင့် ရှုကြည့်နေသောယောဂီအား အမှန်အတိုင်းဖြစ်ပျက်နေသည့် ရုပ်နာမ်တို့၏သဘာဝသည် 'ဖြစ်ပျက်နေသောဆင်းရဲတို့ပင်ဖြစ်သည်' ဟု သိသောဉာဏ်ရှင်ယောဂီအား ထင်ရှားပိုင်နိုင်စွာသိမည်ကိုကား -

အလုပ်သဘောအရ ယုံမှားသံသယ မရှိသင့်ပေ။ စမ်းသပ်အား ထုတ်ကြည့်ပါ။

အမှန်သဘောဟူသည်(သန္ဒိဋ္ဌိက)ကိုယ်တိုင်သိနိုင်သည်။ မိမိအနေနှင့် ကြိုတင်မျှော်လင့်ထားစရာမလို၊ အမှန်သဘာဝသည် မိမိ မိမိတို့၏ခန္ဓာမှာ 'ကမ္ဘာနှင့် မြေဇာ' လိုအမြဲရှိနေသည်။ မကြည့်သဖြင့် မမြင်၊ မသိသဖြင့် မမြင်ခြင်းသာဖြစ်သည်။

ဤသို့ ဉာဏ်မှန်မှန်နှင့်ကြည့်က မိမိသိရမည့်အမှန်တရားတို့သည် ခန္ဓာကိုယ်မှာ အကြည့်ခံရန် အသိခံရန်အသင့်ရှိပြီးသားဖြစ်နေသည်။ ကြံနေစရာ၊ တွေးယူစရာ၊ ရှာဖွေနေစရာမလိုပေ။ 'လာပါ၊ ကြည့်ပါ၊ သိစမ်းပါ' ဟုခေါ်နေဘိအလား ရှုကြည့်မည့်အသိဉာဏ်ကို စောင့်ကြိုလျက်ရှိလေသည်။

ဤကား 'ဓမ္မစကြာနည်း' အရ မဇ္ဈိမပဋိပဒါဟူသော မဂ္ဂသစ္စာဖြင့် ခန္ဓာကိုယ်ကို ကြည့်ရှုသုံးသပ်ခြင်းတည်း။

## 'အရေးကြီးဆုံးကား သစ္စာ'

**မေး** ~ မှန်ပါသည်။ ဓမ္မစကြာတရားတော်တွင် မဇ္ဈိမပဋိပဒါနည်းလမ်းအရ ရှုကြည့်အားထုတ်ကြရသည်မှာ မည်သည့်တရားကို အဓိက လိုအပ်ချက်ကြောင့်ဖြစ်ပါသနည်း။

**ဖြေ** ~ သစ္စာဟူသော ခန္ဓာ၏အမှန်ဆုံးတရားသည် အလိုအပ်ဆုံးသော သိရမည့်တရားဖြစ်သည်။ သံသရာဝဋ်ဆင်းရဲမှလွတ်

ကင်းလိုသူတို့သည် 'သစ္စာ' သိမှုတစ်ခုသာ အဓိကလိုအပ်ချက် ထား၍ မဇ္ဈိမပဋိပဒါကျဖို့ ဂရုတစိုက်အားထုတ်ရလေသည်။ အမှန်တရား(သစ္စာ)ကိုရထားပါလျက် တွေ့နေပါလျက်, အမှန်ပဲဟုမသိသော(အဝိဇ္ဇာ)သဘောသည် မိမိတို့တွင်ရှိနေပါက အမှန်ကို သိရန်မကြိုးစားတော့ပေ။ သိလည်း မသိချင်သလို ဖြစ်နေပေသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် သံသရာ၏ရှေ့ရေးနောက်ရေး ကိုပြနေပေသည်။ ယခုဘဝအခြေအနေကိုလည်း ပြနေသည်။ ဤမျှပြည့်စုံစွာ သိရန်ပြနေသော (သာသနာ) အဆုံးအမတွေရှိ နေပါလျက် မိမိက အမှန်တရား(သစ္စာ)ကို သိအောင်မရှာမဖွေ မကြိုးစားပါက ထိုသံသရာမှလွတ်ထွက်ရန် မျှော်လင့်ချက်မရှိ တော့ချေ။ မြတ်စွာဘုရားသည် မဟာဝဂ္ဂကောဋိဂါမသုတ်တွင်

'ချစ်သားတို့ အမှန်တရား(သစ္စာ)လေးပါးကို မှန်မှန်ကန်ကန် ထိုးထိုးထွင်းထွင်း ကိုယ်တိုင်ကိုယ်ကျ မသိခဲ့ရသည့်အတွက် ငါ ဘုရားသည်လည်းကောင်း၊ သင်ချစ်သားတို့သည်လည်းကောင်း၊ ဤသို့ဖြစ်သေ ဖြစ်သေအမြဲနေသော အဓွန့်ရှည်ကြာသံသရာမှ မထွက်နိုင်ကြကုန်။ အမှန်တရား(သစ္စာ)လေးပါးကိုသိမှသာ သံသရာမှထွက်မြောက်နိုင်ကြောင်း' ဟောတော်မူထား၏။

သံသရာခန္ဓာကို အပြစ်မြင်၍မလိုချင်ဘဲ ထွက်မြောက်လို သောကျွန်ုပ်တို့အတွက် အကောင်းဆုံးသောအလုပ်မှာ အမှန်

တရား(သစ္စာ)လေးပါးကို ကိုယ်တိုင်သိရန်သာဖြစ်သည်။ ယင်းသို့ ကိုယ်တိုင်သိရန် အားထုတ်ရှာဖွေရာတွင် ပြည့်စုံရမည့် အင်္ဂါတို့ စုံလင်ဖို့လည်းလိုအပ်ပေသည်။ သံသရာမှလွတ်မြောက်လိုသော သာဝကအတွက် သတ်မှတ်ချက်တို့ပြည့်စုံဖို့လိုသည်။ ထိုအင်္ဂါရပ်မှာ . . .

'သစ္စာ' သိလိုသောသာဝကအတွက် အမှန်တရားသစ္စာကို သိမြင်နိုင်ရန် အင်္ဂါနှစ်ပါးရှိသည်။ ၎င်းတို့မှာ ဟောပြောပြသသောပုဂ္ဂိုလ်၏သစ္စာနှင့် စပ်သောတရားစကားကို ကြားနာမှတ်သားမှုတစ်ချက်။

ကြားနာမှတ်သားရရှိသည့်သစ္စာတရားကို မိမိခန္ဓာအတွင်း၌ မှန်မှန်ကန်ကန်သိအောင် အားထုတ်မှုတစ်ချက်။

ပေါင်း(၂)ချက်၊ အင်္ဂါ(၂)ပါးဟူ၍ ပေဋကောပဒေသပါဠိတော်တွင် ဟောထား၏။

ယင်းအင်္ဂါ(၂)ချက်ပြည့်စုံစွာရှိလျှင် လိုအပ်သောသစ္စာကို သိပါသည်။

## 'တိကျမှန်ကန် သိစေရန်'

**မေး** ~ အရေးကြီးသောအမှန်တရား(သစ္စာ)ကိုသိလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါ၍ သိရာသိကြောင်း အင်္ဂါ(၂)ချက်ကို အလုပ်သဘောအရ ရှင်းလင်းဖော်ပြပေးရန်။

**ဖြေ** ~ ထိုအင်္ဂါ(၂)ချက်အနက် ပဌမတစ်ချက်မှာ သစ္စာတရား

ကိုဟောပြပေးမည့် လမ်းညွှန်ဆရာလိုသည်။

ဒုတိယတစ်ချက်မှာ ထိုဆရာ၏ညွှန်ပြချက်အတိုင်းလိုက်နာအားထုတ်ရန်ဖြစ်သည်။

မြတ်စွာဘုရားလက်ထက်တော်က တရားတစ်ပုဒ်အဆုံးတွင် သတ္တဝါတို့ကျွတ်ကြသည်ကား ဒေသနာတော်အဆုံးသတ်လျှင် သစ္စာလေးပါးပြမှုဖြစ်၍ ထိုသစ္စာ၏သတ္တိကြောင့် သတ္တဝါတို့ကျွတ်ကြောင်း ဓမ္မက္ခန္ဓာတို့တွင် အများအပြားတွေ့နိုင်ပါသည်။

သို့အတွက် သစ္စာသိလိုသောသူသည် သစ္စာကိုဟောတတ်ပြတတ်သော ဆရာကိုရှာပြီး သစ္စာတရားကို နာယူရမည့် သင်ကြားရမည် လေ့လာရမည်။ မှတ်သားရမည်။ မိမိသည် သစ္စာကိုသိလိုပါလျက် သစ္စာတရားကို မဟောမပြတတ်သောဆရာထံဆည်းကပ်နာယူလျှင် မိမိသိလိုသောသစ္စာကို သိမည်မဟုတ်ပါ။

မိမိက အကယ်ပင် သစ္စာကိုသိလိုသည်ဖြစ်အံ့။ မိမိဆည်းကပ်ထားသောဆရာသည် သစ္စာကို မဟောနိုင်ငြားအံ့။ မိရိုးဖလာဆည်းကပ်လာမှုကို ငဲ့စရာမလို သစ္စာကိုဟောတတ်ပြတတ်သောဆရာအသစ်ကို (သစ္စာသိရေးအတွက်) ထပ်မံ၍ရှာဖြစ်အောင်ရှာရပါမည်။

ရင်းပြင် ဟောပြောညွှန်ပြပေးသောဆရာက သစ္စာတရား

ကိုဟောပြပေးသော်လည်း မိမိက သိရမည့်သစ္စာဖြစ်သောခန္ဓာတွင် သိရှိအောင်မလေ့လာ မရှာမဖွေကလည်း ထိုသစ္စာကိုသိမည်မဟုတ်ပါ။

ဖော်ပြပါ အင်္ဂါ(၂)ချက်တွင် (၂)ချက်စလုံးသော်လည်းကောင်း၊ တစ်ချက်ချက်သော်လည်းကောင်း၊ ချွတ်ယွင်းနေလျှင် ထိုသစ္စာသိရတော့မည် မဟုတ်ချေ။ ဤသို့ပြထားသောအကြောင်းအင်္ဂါမှလွဲ၍ ဝဋ်မှထွက်မြောက်ရာမရှိတော့ကြောင်းကို ယင်းပါဠိတော်တွင်ပင် ဆက်လက်၍ဟောတော်မူထားပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း . . .

**'သစ္စာနှင့်စပ်၊ တရားမြတ်၊ ချဉ်းကပ်သိအောင်နာ၊**
**သစ္စာအသိ၊ ဉာဏ်နှင့်ညှိ၊ ရှုကြည့်ကိုယ်ခန္ဓာ၊**
**အင်္ဂါနှစ်တန်၊ ပြည့်စုံပြန်၊ ရရန်တရားသာ၊**
**ပေဋကောပဒေသာ၊ ပါဠိပြ၊ မိန့်ဟကျမ်းတော်လာ'**

ဟု စပ်ဆိုထားပါသည်။

ဤကဲ့သို့ ပါဠိတော်ညွှန်ချက်ဒဲ့ပိုင်း သစ္စာသိလိုသောကျွန်ုပ်တို့မှာ သစ္စာကိုဟောပြောပြသပေးမည့်ဆရာကို ဆည်းကပ်၍ ထိုဆရာ၏ဟောပြောပြသပေးမှုကို နာယူလျက် မိမိကိုယ်တိုင်အလုပ်သဘောအားဖြင့် သိရမည့်သစ္စာကို မိမိ၏ခန္ဓာကိုယ်တွင် မှန်မှန်ကန်ကန်နှလုံးသွင်း ရှုတတ်ရန်အတွက်

မြတ်စွာဘုရားသည် . . .

'ချစ်သားတို့ . . . ဤတစ်လံမျှလောက်သော မိမိ၏ခန္ဓာရုပ်နာမ်အတွင်း၌ ဆင်းရဲဖြစ်နေသောအမှန်တရား၊ ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊ ဆင်းရဲချုပ်သောအမှန်တရား၊ ဆင်းရဲချုပ်ကြောင်းအမှန်တရား၊ ဤလေးပါးသောအမှန်တရားတို့သည် မိမိတို့ခန္ဓာကိုယ်မှာ အသီးသီးရှိပေကုန်၏' ဟု စတုက အင်္ဂုတ္တိုရ်ပါဠိတော် ရောဟိတဿသုတ်(၃၅၇)တွင်လည်းကောင်း၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ရောဟိတဿသုတ်(၆၁)တွင်လည်းကောင်း ညွှန်ပြတော်မူရာ ဟောထားသော သစ္စာတရားကို နာယူထားသူအတွက် မိမိကိုယ်တိုင်သိရန် မိမိကိုယ်တွင်ရှိ အမှန်တရား(သစ္စာ)ကိုရအောင် အားထုတ်ယူရန်သာရှိတော့သည်။ အတိုချုပ်အားထုတ်လိုသူများအတွက် လွယ်လွယ်ကူကူမှတ်နိုင်ရန် အောက်တွင်အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။

မိမိ၏ခန္ဓာကိုယ်အတွင်းသို့ ဉာဏ်သွင်းထား ပါ။ မိမိ၏ခန္ဓာကိုယ်သည် ရုပ်နာမ်နှစ်ပါး ဖြစ်၍ ရုပ်ဟူသည် ဖောက်ပြန်သော မိမိ၏ လက္ခဏာကိုသာဆောင်နေသည်။ ယခုသိနေသောဉာဏ်သည် ထိုဖောက်ပြန်ဖြစ်ပျက်နေသောသဘောတို့ကို သိရုံသာသိပေးနေပါ။ မိမိသဘောနှင့် ဘာမျှလုပ်မပေးပါနှင့်။ မိမိ၏စိတ်နှင့် ဘာမျှမကြံစည်စိတ်မကူးပါနှင့်။ ရုပ်နာမ်ဟူသောသဘောသည် သူတို့ကိစ္စသာ သူတို့ဆောင်နေသည်။ သူတို့အလုပ်သူတို့ လုပ်နေသည်။ မိမိအလုပ်မှာသိဖို့သာဖြစ်၍ သိနေပါ။ သိပြီးနောက် ထပ်ကာထပ်ကာသိ နေပါ။ အမှန်အတိုင်းဆက်လက်၍သိနေပါ။ နေရာပြင်ချင်ပြင်ပါ။ ပြင်သည်ကိုသိပါ။ အမှန်အတိုင်းသိနေက အမှန်ဆုံးတရားကို အမှန်ဆုံးသိပါလိမ့်မည်။

**မေး** ~ ခန္ဓာကိုယ်တွင်းသို့ ဉာဏ်သွင်းဆိုတာ ဘာကိုဆိုလိုပါသလဲ။

**ဖြေ** ~ ခန္ဓာကိုယ်ဆိုသည်မှာ ယခုလက်ရှိ 'ဖောက်ပြန်မှု, သိမှု' တို့စုပေါင်းဖွဲ့စည်းထားသော မိမိ၏ကိုယ်ဖြစ်ပါသည်။ ဤကိုယ်ဟူသောဆင်းရဲအစု ခန္ဓာသည်(ပရမတ်)အမှန်တရားဖြစ်၍ မိန်းမယောကျ်ား, ပုဂ္ဂိုလ်သတ္တဝါ(ပညတ်)မဟုတ်ပါ။ ဖောက်ပြန်သဘော, သိသဘောသာဖြစ်၍ ထိုသဘောမှန်ပရမတ်ကိုသိရန် အသိဉာဏ်သွင်းထားရန်လိုသောကြောင့် ခန္ဓာတွင်းသို့ဉာဏ်သွင်းရန်(တစ်နည်း)ခန္ဓာတွင်းသို့ ဉာဏ်ကပ်ရန် သတိပေးသောစကားဖြစ်ပါသည်။

ဉာဏ်ဆိုသည်မှာလည်း 'သိတတ်သောအနက်' 'အမှန်ကိုသိတတ်သောသဘော' သည် 'ဉာဏ်' မည်၏။ အမှန်တရားပရမတ်တို့ရှိနေသော ခန္ဓာကိုယ်တွင် အမှန်ကိုအမှန်အတိုင်းသိတတ်သောဉာဏ်ကို သွင်းထားပါ, ကပ်ထားပါဟုဆိုလိုသည်။ ထပ်၍ ရှင်းပါဦးမည်။ ဤယခုလက်ရှိ ရုပ်နာမ်ခန္ဓာသည် 'ဖောက်ပြန်မှု, သိမှု' သာအမှန်ရှိသည်ကို မိန်းမယောကျ်ားစသည်အားဖြင့် အမှတ်မှားနေမှုစသော သဘောတို့ကိုအမှန်အတိုင်း 'ဘာ' ဟူ၍သိရန် ဘက်မလိုက်သောအသိမှန်ဖြင့်သိစေသောအခါ နကိုရှိသောအမှန်တရားပရမတ်များကို အမှန်အတိုင်းသိမည်ဖြစ်၍ ထိုအသိကို ခန္ဓာတွင်းသွင်းထားပါဟုဆိုလိုသောသဘောဖြစ်ပါသည်။

**မေး** ~ ထိုဉာဏ်သည် မည်သည့်သဘောရှိပါသနည်း။

**ဖြေ** ~ ခန္ဓာ၏အမှန်သဘောကို အမှန်အတိုင်းသိမည့်ဉာဏ်ဆိုသည်မှာ . . .

ပဋိစ္စသမုပ္ပါဒ်နည်းအရ 'ဝိဇ္ဇာ' ဉာဏ်၊ ဓမ္မစကြာနည်းအရ 'သမ္မာဒိဋ္ဌိ' ဉာဏ်ဟုခေါ်ပါသည်။ ထိုဉာဏ်သည် ခန္ဓာ၏ဆင်းရဲအမှန်ကို အမှန်အတိုင်းသိသည်။ ဆင်းရဲဖြစ်ကြောင်းအမှန်ကို အမှန်အတိုင်းသိသည်။ ဆင်းရဲချုပ်ရာအမှန်ကို အမှန်အတိုင်းသိသည်။ ဆင်းရဲချုပ်ကြောင်းအမှန်ကို အမှန်အတိုင်းသိသည်။ ဘက်မလိုက်သောအသိဖြစ်သည်။ အရှုခံဖြစ်သောရုပ်နာမ်ခန္ဓာသည် ထုံ, ကျင်, ကိုက်ခဲ, ပူအေး, လှုပ်ရှ, ယားယံစသောဖောက်ပြန်မှု, တစ်မျိုးတစ်ဖုံပြောင်းလဲမှု, ရှေ့နှင့်နောက်မတူမှုစသည်ဖြင့် အမျိုးမျိုးပြောင်းလဲနေသည်။ သူ့လက္ခဏာသူဆောင်နေသည်။ သူ့ကိစ္စသူလုပ်နေသည်။ သူ့သဘောနှင့်သူဖြစ်ချင်သလို ဖြစ်နေသည်။ သူ့သဘောကို ပြောင်းလဲသွားအောင်, ရပ်တန့်သွားအောင်, သူဖြစ်ချင်သလို မဖြစ်အောင်မည်သူမျှမလုပ်နိုင်ပါ။ မတားဆီးနိုင်ပါ။ အမိန့်မပေးနိုင်ပါ။ ယင်းသည် ပရမတ်ဖြစ်သည်။ အနတ္တာဖြစ်သည်။

ထိုအရှုခံဖြစ်သော ပရမတ်ရုပ်နာမ် အနတ္တာရုပ်နာမ်ဟူသည့်ဖောက်ပြန်သဘော, သိသဘောကို မိမိတို့သည် မည်သို့မျှအမိန့်ညွှန်ကြားမပေးဘဲ သူ့သဘောပြောင်းလဲဖြစ်ပျက်နေသည်ကိုအမှန်အတိုင်းသိရှိသော သိနေခြင်းကို ဝိဇ္ဇာဉာဏ်, သမ္မာဒိဋ္ဌိ

ဉာဏ်ဟုဆိုပါသည်။

ယင်းသို့ သိစရာဖြစ်သော ရုပ်နာမ်တရား(၂)ပါး၏ရင်းတို့၏သဘာဝဖြစ်ပျက်တရားကို အမှန်အတိုင်းမသိသော သိလောက်သည့်ဝိဇ္ဇာဉာဏ် ပညာမရှိသောအရိယာဖြစ်ကြောင်း ပရမတ်တရားတို့နှင့် ဝေးကွာလှသောပုထုဇ္ဇန်သည် ထိုဖောက်ပြန်သည့်သဘောကို 'ငါ' ဟုမှတ်သည်။ မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ, ခေါင်း, ကိုယ်, ခြေ, လက်, ပူ, အေး, နွေး, ရှိန်မှတ်သည်။ ထင်သည်။ အနှစ်အသား 'အတ္တ' ဟုယူစွဲသည်။ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိဖြစ်လေသည်။

ဝိပဿနာလုပ်ငန်း၏အဓိက ကိစ္စသည် ခန္ဓာပရမတ်၏ အမှန်ဆုံးတရားဖြစ်သော 'ဒုက္ခသစ္စာ' ဆင်းရဲအမှန်၊ တနည်း ဤခန္ဓာ၏အမှန်ဆုံးတရားသည် 'ဒုက္ခ' ဆင်းရဲသာတည်းဟု သိရန်ဖြစ်လေသည်။ ထိုအမှန်ဆုံးသော 'သစ္စာ' ကို မသိမီ ပျက်နေသောသဘောပရမတ်ကို သိမည်။ ယင်းအပျက်သဘောကိုမသိမီ ဖောက်ပြန်သဘောပရမတ်, သိသဘောပရမတ်တို့ကိုသိနေမည်။ မည်သို့ပင်ဖြစ်စေ အပျက်ကိုသိသော်လည်းကောင်း၊ ဖောက်ပြန်သဘောကိုသိသော်လည်းကောင်း၊ ဤရုပ်နာမ် ဒုက္ခသစ္စာခန္ဓာ၏ အမှန်တရားပရမတ်ကို သိသောကြောင့် 'ဒုက္ခသစ္စာ' သိဖို့ အခြေခံအမှန်ချည်းသာ ဖြစ်လေသည်။

# နိဂုံးချုပ်

ကျွန်ုပ်သည် ဓမ္မစကြာ မဇ္ဈိမပဋိပဒါနှင့်ပတ်သက်၍ သိလိုသူ ရဟန်းရှင်လူတို့၏စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်တွေ့၍လည်းကောင်း ဆွေးနွေးမေးမြန်းကြသောကြောင့် 'ဓမ္မစကြာအဖွင့်ကျမ်း' တစ်စောင်ကို ရေးသားလာခဲ့ရာ ကြားဖြတ်အထွေထွေကိစ္စရပ်များကြောင့် အပြီးမသတ်နိုင်ဘဲ တစ်ပိုင်းတစ်စရေးလက်စနှင့် တန့်ရပ်ထားခဲ့ရာ ယခု ၁၃၃၆-ခုနှစ်ကုန်ခါနီးတွင်မှ ကျွန်ုပ်တို့၏အဖွဲ့သား ဝိပဿနာတရားလုပ်ငန်းကို စိတ်အလွန်ဝင်စားသော ဦးဥက္ကဋ္ဌက တရားလုပ်ငန်းပေါ် လွင်စွာပါရှိသော 'ဓမ္မစကြာအမေးအဖြေ' စာတစ်အုပ်ရေးထုတ်ဖြန့်ချီပေးပါရန် တောင်းပန်ပါသောကြောင့် ယခင် မေးကြမြန်းကြသောစာများ, မေးခွန်းများကို အလျဉ်းသင့်သလိုထည့်သွင်း၍ အမေးအဖြေစာအုပ်အနေ ရေးသားခဲ့သည်ဖြစ်ပါကြောင်း လုပ်ငန်းတရားကို လုပ်သဘောပေါ် လွင်စေခြင်းအလို့ငှာ အကိုးအကား ကျမ်းဂန်သာဓကများကို ဖော်ပြရာ၌ ပါဠိမထည့်တော့ဘဲ မြန်မာစကားအဓိပ္ပါယ်ကိုသာဖော်ပြ၍ရေးသားထားပါသည်။ အကြောင်းမူ အကျဉ်းမျှရေးရသော ဤစာမျိုးတွင် ပါဠိအကိုးတွေပါထည့်ပါက လိုအပ်သောမြန်မာအဓိပ္ပါယ်မျိုးကို သိရန်ခဲယဉ်းမည့်အပြင် ဝန်လေးဖွယ်သော

အပြစ်များကြောင့် မြန်မာပြန်အဓိပ္ပါယ်ကိုသာရေးသားပါသည်။ သို့ရာတွင် ယခုဆက်၍ ရေးသားထုတ်ဝေထားသော 'ဓမ္မသာရ' ခေါ် 'ဓမ္မစကြာအဖွင့်ကျမ်း' တွင်မူ ပါဠိအကိုးသာဓကများ နံပတ်နှင့်တကွပါရှိပြီးဖြစ်ပါ၍ ဆက်လက်ကြည့်ရှုလေ့လာနိုင်ကြပါသည်။

မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါလမ်းစဉ်မှန်ကို တစ်ခုတည်းသော ကိလေသာမကပ်သည့် သဘောတရားဟူ၍လည်းကောင်း၊ ကောယနမဂ်ဟူသော မဟာသတိပဋ္ဌာန်၊ တစ်ကြောင်းတည်းသော ခန္ဓာဇာတ်သိမ်းငြိမ်းရာတရားဟူ၍လည်းကောင်း၊ ဘယ်နည်းဘယ်ပုံ အားထုတ်မှ သိနိုင်မည်ဆိုသော အမေးမျိုးကို ပရမတ်ကိုသိသောဉာဏ်ဖြင့် ကောင်းစွာသိမြင်နိုင်ကြပါစေရန် ဤစာအုပ်ငယ်တွင် အကျဉ်းမျှဖော်ပြခဲ့ပါသည်။

ထိုတရားကို သဘောသက်ရောက်အောင် လေ့လာလိုသောယောဂီများတို့သည် ဖော်ပြပါနည်းအတိုင်း လေ့ကျင့်နိုင်ကြပါသည်။ လေ့ကျင့်နေပါလျက် အမှန်ပရမတ်ကို မတွေ့သည့်ဖြစ်အံ့။ သို့မဟုတ် လေ့လာအားထုတ်လိုသည်ဖြစ်အံ့။ ကျွန်ုပ်တို့နှင့်တွေ့ရန် လာစေလိုပါသည်။ သို့မဟုတ် စာနှင့်ရေး၍မေးမြန်းကြစေလိုပါသည်၊ မြတ်စွာဘုရား၏ပရမတ္ထသာသနာကြီးပွားထွန်းကားတိုးတက်ပါစေသတည်း။

**ဆရာကြီးဦးကြည်**

**သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ**

**ပင်မဖြန့်ချိရေးဌာန**

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်

အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပညာလောကစာအုပ်ဆိုင်**

အမှတ်(၃၄)၊ တောင်ဘက်မုခ်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရား၊

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။